www.burmeseclassic.com

# ဝင်းစတိုင်

BURMESE CLASSIC .com

ဒီပိမောက်ကို ရွယ်မက်ထားတဲ့

ပါရဂူ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၀၀၀၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၄၄၀၆၀၈

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ

**ထုတ်ဝေသူ**
ဦးသစ်လွင်
ဂန္ဓာမြိုင်စာပေ
(၁၁၃)၊ ရွှေပြည်သာလမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
(၁၇၁)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊

**မျက်နှာဖုံးဒီဇိုင်း**
K – ဆူးငယ်

အုပ်ရေ – ၅၀၀ တန်ဖိုး – ၁၀၀၀


ဝင်းမြိုင်

အိပ်မက်ကို တွယ်ဖက်ထားတဲ့ တစ္ဆေ

# ပန်းအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

ညနေ့သည်ရှုတစ်ကောင်က ပြုစားထားတာဆိုရင်လည်း တစ်သက်လုံးဒီလိုပဲ ပြုစားခံနေပါရစေတော့။ ငါကိုယ်တိုင်ကလည်း ညနေတစ်ကောင်ဖြစ်နေပြီပဲ။ နာထူးပါဘူးတာ။ နှင်းတိုင်တို့ ထုလှော့အသုံးတာလည်း ကြာရတာကြီးထဲမှာ ကိုယ်တိုင်ကိုယ် ပြန်ပြုစားနေပြီး ညိုညိုအရိပ်ကိုယ် ပြန်ကြောက်နေရတဲ့ ညနေတွေပါပဲလေ...။ ငါ ကိုယ်တိုင်ကိုယ် ပြန်မကြောက်ပါရစေနဲ့တော့။ ဓောတယ်...။





BURMESE CLASSIC .com

ဝေဝေတစ်ယောက် ဇေမျိုးကို စိတ်တိုနေမိသည်။ ဒီနေ့ညနေ ကျူရှင်သွားဖို့လာခေါ်မည် ပြောထားပြီးတော့ ပေါ်မလာခဲ့။ ခါတိုင်းဆို ဝေပြင်ဆင်၍ မပြီးသေးခင်မှာပင် ဇေမျိုးက ရောက်နှင့်နေပြီ။ သူ့ကိုစောင့်ရ၍ပင် အမြဲတမ်း စူပုပ်နေတတ်သူ။ ဒီနေ့ညနေ ဝေဝေ ပြင်ဆင်ပြီးစောင့်နေချိန်အထိ ဇေမျိုးက ပေါ်မလာခဲ့။

ဟော ညနေကျူရှင်ချိန်နီးမှ အိမ်ရှေ့ကနေ

"ဝေဝေရေ ဝေဝေ. . . အလုပြင်ပြီးပြီလား။ ရိုက်ကွင်းသွားကြမယ်ဟေ့"

ဝေဝေ ထွက်ကြည့်လိုက်တော့ ဇေမျိုးက ပြောင်စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် လက်လှမ်းပြနေသည်။

"လာပြီဟဲ့ ခဏလေး။ ငါလွယ်အိတ်ဝင်ယူလိုက်ဦးမယ်"

ဝေဝေ လွယ်အိတ်ဝင်ယူပြီး အိမ်ပြင်သို့ ထွက်လာတော့ အိမ်ရှေ့မှာ ဇေမျိုးမရှိတော့။ ဇေမျိုးများ သူ့ကိုနောက်ချင်၍ တစ်နေရာရာမှာ ပုန်းနေမလားဟု အနီးနားမှာ လိုက်ရှာကြည့်တော့လဲ မတွေ့. . .

ကျူရှင်ချိန်ကလည်း နောက်ကျနေပြီဆိုတော့ ဝေဝေ တစ်ယောက်ထဲ ကျူရှင်သို့ထွက်လာခဲ့တော့သည်။ ကျူရှင်ကိုရောက်တော့လည်း ဇေမျိုးကိုမတွေ့ရ။ တော်တော်ဒုက္ခပေးတဲ့ကောင်။ အိမ်ကိုပြန်ရောက်သည်အထိ ဇေမျိုးကို ဒေါသတို့ကမပြေသေး။ တစ်ယောက်ထဲ ထိုင်ပြီးဒေါသတွေထွက်နေတုန်းမှာပဲ တယ်လီဖုန်းမည်သံကြောင့် လန့်ဖြန့်သွားသည်။

"ဟယ်လို. . . မဝေဝေဖြိုးကျော်တို့အိမ်ကပါလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ ဝေဝေဖြိုးကျော်ပါ"

ဘယ်သူများပါလိမ့်။ အသံကတော့ လူကြီးအသံဖြင့်။ ဝေဝေအသိထဲက အသံတော့မဟုတ်ပါဘူး။





"ညနေကလမ်းဆုံမှာ မောင်ဇေမျိုး ကားအက်ဆီဒင့်ဖြစ်လို့ပါ ခင်ဗျာ။ သူ့လွယ်အိတ်ထဲက မဝေဝေဖြိုးကျော်ရဲ့ ဖုန်းနံပါတ်ကို တွေ့လို့အကူညီ လှမ်းတောင်းတာပါ။ ကျေးဇူးပြုပြီး မောင်ဇေမျိုးအိမ်ကို အကြောင်းကြားပေးပါလား ခင်ဗျာ. . .။ ကျွန်တော်တို့လည်း အလုပ်ရှုပ်နေလို့ပါ"

"ရှင်. . ."

ဝေဝေ ရုတ်တရက် ဆွံ့အသွားမိသည်။ ဘုရားဘုရား ဇေမျိုး ဘာမှမဖြစ်ပါစေနဲ့။

"ဟယ်လို. . . ဟယ်လို. . ."

"ဟုတ် ဟုတ်ကဲ့ ကျွန်မချက်ချင်း အကြောင်းကြားပေးပါမယ်"

တစ်ဖက်မှ ဖုန်းချသွားသည်အထိ ဝေဝေမှာ ငိုင်နေမိဆဲ။ ပြီးမှ ရုတ်တရက် ငိုချလိုက်သည်။ ဝေဝေတို့အိမ်မှ လူများ ပြာပြာသလဲနှင့် ဘာဖြစ်တာလဲဟု မေးလာကြတော့မှ ဝေဝေက ငိုရှိုက်ရင်း ပြောပြလိုက်သည်။

"မေမေ သမီးသွားကြည့်ချင်တယ်"

"အေးအေး သမီးလေးသွား။ ဖိုးကျော်ကိုပါခေါ်သွား။ ဇေမျိုးတို့အိမ်ကို မေမေချက်ချင်း သွားပြောလိုက်မယ်"

ဖိုးကျော် သူ့အမေ၏ အိမ်ဆိုင်ကလေးကို သိမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ငိုယို၍သူ့ဆီပြေးလာသော ဝေဝေ့ကို တွေ့လိုက်ရသည်။ ဘာများဖြစ် လာပါလိမ့်ဟူသောအတွေးဖြင့် ဆိုင်အပြင်ကို ပြေးထွက်လိုက်သည်။ လက်ထဲမှာလည်း တုတ်တစ်ချောင်းဖြင့်။ ညမှောင်ရီပျိုးစမှာ ဝေဝေက ငိုယိုပြီးလာသည်ဆိုတော့ သူ့ အတွေးက တစ်မျိုးကိုး . . ။

"ဝေဝေ ဝေဝေ ဘာဖြစ်လို့လဲ။ ဘာဖြစ်လာတာလဲ"

ဝေဝေမှာ ငိုရှိုက်နေရသေးသဖြင့် ချက်ချင်း ပြန်မဖြေနိုင်။ ဒီတော့ ဖိုးကျော်ပိုပြီး စိတ်ပူလာသည်။

"ဝေဝေ. . . ဝေဝေ မြန်မြန်ပြောစမ်းပါ။ ဘာဖြစ်လာတာလဲ"

ဝေဝေက အကြောင်းစုံကို ပြောပြလိုက်သောအခါမှ

"ဟာ. . . ကျောင်းဆင်းတုန်းကတောင် ငါတို့နဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေလိုက်သေးတယ်။ ဘယ်တုန်းကဖြစ်တာလဲ"

"ညနေကတဲ့. . . ခုနကမှ ငါ့ဆီကို ဖုန်းဆက်တာ"

"အခု ဘယ်မှာတဲ့လဲ"

"ငါ. . . ငါ. . . မမေးမိ"

"ဟာ နင်ကလည်း လာ. . လာ. . ၊ လမ်းဆုံမှာ သွားစုံစမ်းကြည့်ရအောင်"





ဖိုးကျော်မှာ သူ့အမေကို အကျဉ်းမျှရှင်းပြလိုက်ပြီး ဝေဝေ့ လက်ကိုဆွဲကာ လမ်းဆုံသို့ ပြေးပါလေတော့သည်။

လမ်းဆုံသို့ သူတို့ရောက်တော့ ကတ္တရာလမ်းမကြီးမှာ ဆေးကျောထားသော်လည်း အချို့နေရာများတွင် သွေးအစအနများကို မြင်နေရသေးသည်။ ဝေဝေနှင့် ဖိုးကျော် လမ်းဆုံကိုပြေးသွားချိန်မှာတော့ ဝေဝေ့မိဘများနှင့် ဇေမျိုး၏ အမေတို့ ကားတစ်စီးဖြင့် ရောက်လာကြသည်။ ဘယ်လိုဖြစ်ဘာလဲ ဆိုတာကိုတော့ မည်သူမျှလည်း ရေရေရာရာ မသိကြသေး။ ဇေမျိုး၏ အဖေကတော့ အရေးပေါ်မှာစုံစမ်းဖို့ ထွက်သွားပြီတဲ့။ မရှေးမနှောင်းမှာပင် ဖိုးကျော်၏ မိဘများသည်း ရောက်ရှိလာကြသည်။ ရေးကြီးသုတ်ပြာ ဖြစ်နေကြသော သူတို့လူအုပ်ကြီးကို လူတွေကလည်း ဝိုင်းကြည့်နေကြသည်။

"တိုက်သွားလိုက်တာဗျာ။ တစ်ခါတည်း ပွဲချင်းပြီးပဲ။ အရှိန်နဲ့ဆိုတော့ ကျုပ်မှာဖြင့် ကြည့်တောင်မကြည့်ရက်ဘူး"

ဘေးမှလူတစ်ယောက်၏ စကားသံကိုကြားရတော့ ဝေဝေ မနေနိုင်တော့ ထိုလူ့ထံ ပြေးသွားကာ

"ဦးလေး ဦးလေး ဘယ်အချိန်လောက်က ဖြစ်တာလဲ"

"အင်း ညနေ လေးနာရီခွဲ ငါးနာရီနီးပါးလောက်



www.burmeseclassic.com

www.burmeseclassic.com



ကာပေါ့"

ဒါ ဒါဆို ညနေက ကျူရှင်သွားကာနီး ဇေမျိုးသူ့ကို အိမ်ရှေ့မှ လာခေါ်သောအချိန်။ သူ့ကိုပင် လက်ပြသွားလိုက်သေးသည်။ ဝေဝေ လမ်းမကြီးပေါ်မှာပင် ထိုင်၍ငိုချလိုက်မိတော့သည်။

ဇေမျိုး၏ အမေကလည်း

"ညနေက ကျွန်မသူ့ကို တော်တော်လေးဆူလိုက်မိတယ်။ သူ အဲဒီအချိန်ထဲက . . ."

ဇေမျိုးအမေလည်း ငိုပါတော့သည်။ ဖိုးကျော်အမေက

"အခု အခု ဘယ်မှာလဲဟင်"

"ဟာဗျာ မြင်မကောင်းတော့ လမ်းထဲကကောင်လေးတွေကပဲ စီစင်လိုက်ရတာပေါ့။ နေပါဦး ခင်ဗျားတို့အိမ်ကလား"

"ဟုတ်ပါတယ်ရှင် ကျွန်မရဲ့ ကျွန်မရဲ့. . ."

ဇေမျိုးအမေမှာ စကားမဆုံးမီမှာပင် အသံတိမ်ဝင်သွားသည်။ ဟိုလူကြီးကတော့

"ခင်ဗျားတို့ကလည်းဗျာ။ အခုမှတော့ အမှိုက်ပုံမှာ သွားပစ်လိုက်မှာပေါ့"





"ရှင်. . ."

"နဂိုကတည်းက လမ်းထွက်ရင် သတိထားဖို့ကောင်းတာပေါ့။ အခုမှလာပြီး. . .။ ခွေးမွေးတယ် ဆိုတာ လည်ပတ်တွေ ဘာတွေနဲ့ သေသေချာချာ. . ."

ရှုပ်သည်ထက် ရှုပ်လာသည်တို့ကို ရှင်းရင်းထပ်ရှုပ်ရင်း နောက်ဆုံးမှာတော့

နောက်ဆုံး သူတို့ လူအုပ်လိုက်ကြီး ဇေမျိုးတို့အိမ်ကို ရောက်လာကြသောအခါ ကိုရွှေဇေမျိုးမှာ ထမင်းစားပွဲမှာ ထိုင်ပြီး အကျအန ထမင်းစားနေသည်ကို တွေ့လိုက်ကြရတော့သည်။

"ဟာ ဖိုးကျော်တို့ပါလား။ လာစားဦးလေ။ ဝေဝေလည်းပါတာကိုး။ ကောင်မလေးတစ်ယောက် သနားပါတယ်ကွာ။ ညနေက သရဲခြောက်ခံလိုက်ရတယ်"

ဇေမျိုးအေးအေးဆေးဆေး ပြောနေသေးသည်။ လူကြီးတွေလည်း အားလုံးကြောင်နေကြသည်။ ဝေဝေလည်း

"ညနေက ညနေက. . . ဖုန်းဆက်တာ ဘယ်သူလဲ"

ဇေမျိုးက သူဘာမှမလုပ်ခဲ့သလိုငြိမ်နေသည်။ ဖိုးကျော်က သဘောပေါက်သွားပြီး

"ဖုန်းဆက်တာ မင်းပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ကွ။ လက်ကိုင်ပုဝါနဲ့ ဖုန်းခွက်ကိုအုပ်ပြီးပြောရင် အသံပြောင်းတယ်ဆိုတာ ငတုံးမလေးတွေ ဘယ်နားလည်မလဲ"

အခုတော့ အားလုံးသဘောပေါက် သွားကြပြီ။ ဒီတော့ ဇေမျိုးအမေလည်း လက်ပါလာပြီ။

"သားက ခွေးကလေးကို ကားတိုက်သွားတာမြင်လို့ အကြံရပြီးဝေဝေကို စတာပါမေမေ"

ဇေမျိုးက ဖြေရှင်းချက်ထုတ်လိုက်ကာမှ သူ့အမေဒေါ်သတို့က ပို၍အထွင်ရအထိပ်သို့ ရောက်သွားသည်။

"မင်းဟာ ဒုက္ခပေးဖို့ကလွဲလို့ ဘာမှသုံးမရတဲ့ကောင်ပဲ ဇေမျိုး"

တစ်ကယ်တော့ ဇေမျိုးက အဆူခံလာရ၍ စိတ်ညစ်ပြီး လျှောက်သွားနေရင်း ဝေဝေကိုစချင်လာ၍ စလိုက်နောက်လိုက် ခြင်းပင်။ သို့သော် လူကြီးတွေကိုဒုက္ခပေးတာကတစ်ပြစ်၊ ကျူရှင် ပြေးပာကတစ်ပြစ် အမှုတွေသာ ထပ်တိုးသွားတော့သည်။

ဒီတော့ ဇေမျိုးစိတ်ညစ်သည်။

♠ ♠ ♠ ♠ ♠





ကျောင်းပိတ်ပြီ . .

ဒီဇင်ဘာကျောင်းပိတ်ရက် ရောက်လာပြီ။ ဒီနေ့ . . စာမေးပွဲနောက်ဆုံးရက်။ ဇေမျိုး စာမေးပွဲခန်းထဲကထွက်လာပြီး မကြာမီမှာပင် ကျောင်းဆင်းဘဲလ်သံရှည်ကြီးကို ကြားရသည်။ သူ့အတွေးထဲမှာ လက်ဖက်ရည်ဆိုင်ထိုင်ရကောင်းမလား၊ မြို့ထဲဘက် သွားရကောင်းမလား ရွေးချယ်နေရင်း ဖိုးကျော်တို့တစ်သိုက်ကို စောင့်နေလိုက်သည်။

"ဘယ်လောက်တောင် ဖြေနေကြပါလိမ့်။ ဘဲလ်တီးတာတောင် ထွက်မလာကြသေးဘူး"

စိတ်ထဲက ကျိန်ဆဲနေစဉ်မှာပင် ကျောင်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်သုတ်ပြီးတစ်သုတ် ထွက်လာကြသည်။ ကျောင်းသားများသာ တစ်ဖြည်းဖြည်းနှင့်ကျဲပါးသွားသည်။ သူ့ သူငယ်ချင်းများကို မတွေ့သေး။ ဇေမျိုး စိတ်ပျက်လက်ပျက်နှင့် ကျောင်းရှေ့အုတ်ခုံမှာ ထိုင်စောင့်နေစဉ်မှာ. . .

"ဟဲ့ကောင် ဇေမျိုး မပြန်သေးဘူးလား။ ဘာထိုင်လုပ်နေတာလဲ၊ ပြန်ရအောင်လေ"

ဝေဝေက ပုခုံးကို လွယ်အိတ်ဖြင့် လှမ်းရိုက်လိုက်ရင်းမေးသည်။

"ဖိုးကျော်တို့ကို စောင့်နေတာဟ။ ဒီကောင်တွေနဲ့ ဘောလုံးကန်မလားလို့"

"ဖိုးကျော်တို့ ပြန်သွားတာ ကြာလှနေပြီ။ ကျောင်းသားကဒ် ပလပ်စတစ်ကဒ်လောင်းစရာရှိလို့တဲ့။ အစောကြီး ပြန်သွားတာ"

ဇေမျိုး စိတ်ပျက်သွားသည်။ ကျောင်းသားကဒ်ဆိုမှ သတိရသည်။ သူ့ကျောင်းသားကဒ်လည်း ပလပ်စတစ် မလောင်းရသေး။ တော်တော်လေးပင်နွမ်းနေပြီ။ လွယ်အိတ်ထဲကို လက်နှိုက်ကြည့်တော့၊ သွားပြီ. . . .။ ကွန်ပါဘူးအခန်းထဲမှာ ကျန်ခဲ့ပြီ။ ကွန်ပါဘူးထဲမှာ ကျောင်းသားကဒ်ရော နှာခေါက်ပုံတင်ပါ။ ဒါတွေသာပျောက်သွားလို့ကတော့ အိမ်မှာ





ဆူလို့ပူလို့ ဆုံးမှာမဟုတ်။

"ဟဲ့ ဘာငိုင်နေတာလဲ။ ပြန်မယ်လေ"

"နင်ပြန်နှင့်ဟာ ငါ ကွန်ပါဘူးကျန်ခဲ့လို့ သွားယူလိုက်ဦးမယ်"

"နင်ကတော့လေ အမြဲတမ်း ဟိုဟာမေ့ ဒီဟာမေ့နဲ့။ မြန်မြန်သွား။ ကျူရှင်သွားရဦးမယ်။ နင့်ကြောင့်ငါ ကျူရှင်နောက်ကျတာ သုံးလေးရက်ရှိနေပြီနော်"

"မစောင့်နဲ့တော့ဟာ။ ဟိုကောင်တွေ လက်ဖက်ရည်ဆိုင်မှာ ရှိချင်ရှိမှာ။ ငါ လိုက်သွားလိုက်ဦးမယ်"

"နင်. . ကျူရှင်ပြေးချင်တိုင်း အကြောင်းပြနေတာ မဟုတ်လား။ ဒါဆို ငါပြန်နှင့်တော့မယ်။ အလကားကောင်"

"အေး အေး ထင်ချင်သလိုထင်၊ သွားတော့"

ဝေဝေ လှည့်ထွက်သွားတော့ ဇေမျိုးလည်း ကျောင်းထဲသို့ တစ်ခေါက်ပြန်ဝင်လာရတော့သည်။ ကျောင်းသားတွေ တစ်ယောက်မှမရှိတော့။ ကျောင်းဈေးသည်များပင် ဆိုင်သိမ်းပြီးနေပြီ။ သူတို့အခန်းက ကျောင်းပေါက်ဝနှင့် အဝေးဆုံး။ ဟိုးဘက်အစွန်ဆုံးမှာ။ ဇေမျိုး စာသင်ခန်းရှိရာ ကျောင်းဆောင်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။ တော်ပါသေးရဲ့ အဆောင်တံခါးတွေ မပိတ်သေးလို့။ ဇေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်တွင်း ဝင်လိုက်ပြီး ကော်ရစ်ဒါတစ်ကွေ့ တစ်ပတ်ကြီးကို လျှောက်ရပြန်သည်။ သိပ်အလျှင်လိုစရာ မလိုတော့ဟုလည်း စိတ်ထဲက တွေးမိလိုက်သည်။ ကျောင်းဆောင်ထဲရောက်နေပြီပဲ။ ကော်ရစ်ဒါထောင့်ချိုးရှိ လှေခါးထစ်များကိုတော့ အေးအေးဆေးဆေးပင် တစ်လှမ်းချင်း တက်နေတော့သည်။ အိုမင်းလှပြီဖြစ်သော သစ်သားလှေခါးကြီး၏ တကျိကျိမြည်သံများကို ကြားရတော့ ကျောင်းထဲမှာ သူတစ်ယောက်ထဲဟုသော အတွေးဖြင့် ကျောချမ်းသွားမိသေးသည်။

"အို နေ့တိုင်း သွားနေကျ၊ လာနေကျ၊ ကဲနေကျ နေရာတွေပဲ။ ဘာလို့ ကြောက်ရမှာလဲ"

ကိုယ့်ကိုကိုယ် ပြန်အားပေးလိုက်ပေမယ့် ခြေလှမ်းများကတော့ စာသင်ခန်းရှိရာသို့ အပြေးကလေးသွားမိသည်။ အခန်းထဲရောက်တော့. . .

တော်ပါသေးရဲ့. . . သူ့ရဲ့ခုံပေါ်မှာ ကွန်ပါဘူးကလေး။ ဇေမျိုး ကွန်ပါဘူးပြန်တွေ့ရသဖြင့် စိတ်အေးသွားရပြီ။ စာသင်ခန်း ရှေ့ စတိတ်ခုံပေါ် တက်လိုက်ပြီး. . .

"ကဲ တပည့်တို့ရေ ဒီနေ့ ဆရာသင်မယ့် သင်ခန်းစာကတော့"





ဇေမျိုး တစ်ယောက်ထဲ ဟန်ပါပါဖြင့် ပြောလိုက်ပြီးမှ ပေါလှချည်လားဟု ကိုယ့်ကိုကိုယ် ပြန်ရှက်မိသေးသည်။ အို. . . တစ်ယောက်ထဲပဲ။ ဘယ်သူမှ မမြင်ပါဘူး။ ဘာဖြစ်လဲ။ အမယ် သီတာ့ခုံပေါ်မှာ စာတစ်ကြောင်းပါလား။ ဘာတွေရေးထားပါလိမ့်။

ဇေမျိုး သွားပြီးစပ်စုကြည့်လိုက်သည်။ မင်ဖျက်ဖြင့် နေ့စွဲတစ်ခုကို ရေးထားခြင်းပင်။ အောက်တစ်ကြောင်းက 'ဘယ်တော့မှမမေ့' ဟု ရေးထားသည်။ ဇေမျိုးလည်း သူ့မင်ဖျက်ကို ထုတ်ယူလိုက်ပြီး 'အကြွေးဆပ်စရာရှိလို့' ဟု ရေးလိုက်သည်။ ခုံပေါ်မှာ 'လုံးဝမကျေနပ်ဘူး' ဟူသော စာတန်းကလေးကို ထပ်ပြီးတွေ့ရပြန်သည်။

မိန်းကလေးတွေများ အလကားနေရင်း ခုံတွေကို ညစ်ပတ်အောင်လို့ ဘာတွေလျှောက်ရေးထားမှန်း မသိဘူး။ တကယ်တော့ မိန်းကလေးတွေကိုသာ အပြစ်ပြောနေတာ။ သူလည်း ခုံပေါ်မှာစာရေးရတာ ဝါသနာပါသည်။ ထို့ကြောင့်ပင်လျှင်

'လုံးဝမကျေနပ်ဘူး' ဟူသော စာကြောင်းကလေးနောက်တွင် 'အတိုးပေးရတာများလို့' ဟု ထပ်ပြီးရေးလိုက်သည်။ ထို့နောက် သူ စချင်နောက်ချင်သောသူများ၏ခုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် မင်ဖျက်ဖြင့် ပေါက်တတ်ကရများ လျှောက်ရေးနေမိသည်။

သူတစ်ပါးကို စချင်နောက်ချင်စိတ်ဖြင့် ရေးနေလိုက်တာ အပြင်မှာ နေရောင်ဝင်တော့မည်။ ထိုစဉ် . . ခြေသံတစ်ရှပ်ရှပ်က နားထဲသို့ တိုးဝင်လာသည်။ ဘုရားရေ ဘာများပါလိမ့်။ ဒီအချိန် ကျောင်းထဲမှာ ဘယ်သူမှမရှိ။ သူနားထောင်နေစဉ်မှာပင် ခြေသံက ပျောက်သွားပြန်သည်။ စိတ်ထင်လို့များလားဟု တွေးနေစဉ်မှာပင် ခြေသံကထွက်ပေါ်လာပြန်သည်။ ခြေသံက တဖြည်းဖြည်းနီးကပ်လာတော့ ဇေမျိုး အသံပင်မထွက်ရဲ။ ခြေသံက တဖြည်းဖြည်းနှင့် ဝေးသွားပြန်သည်။

ဇေမျိုး အတွေးထဲ လင်းခနဲ ဖြစ်သွားသည်။ ဦးစနေကျောင်းစောင့်ကြီး ဦးစနေဖြစ်ရမည်။ သည်တော့မှ ကပြာကရာ အခန်းပြင်သို့ ပြေးထွက်လိုက်မိသည်။ အခန်းတံခါးဝရောက်တော့ တုန့်ခနဲ ရပ်တန့်သွားသည်။

"အား"

နောက်ကနေ ဘယ်သူများ လှမ်းဆွဲလိုက်ပါလိမ့်။ ကြက်သီးများ ဖြန်းကနဲထသွားသည်။ ကြောက်ကြောက်နှင့်နောက်ကိုပြန်လှည့်ကြည့်တော့ ဘာမှမရှိ။ သူတို့ကျောင်းမှာ





ကလည်း တခြားကျောင်းတွေမှာလိုပင် သူပြောငါပြော ပုံပြင်တွေ ရှိသည်မဟုတ်ပါလား။ အို ဘာလို့ ကြောက်ရမှာလဲ။ စိတ်ထင်လို့ဖြစ်မှာပါ။ ပုဆိုးတုတ်ပြီး လဲမလို ဖြစ်သွားတာနေမှာပေါ့။ ခပ်ပေါ့ပေါ့သာ ဖော့ပြီးတွေးလိုက်ရင်း လှေကားထစ်များကိုကျော်၍ အပြေးအလွှား ဆင်းလာခဲ့မိသည်။ အောက်ထပ် ကော်ရစ်ဒါကို မရောက်မီ . . . .

"ဟာ သွားပြီ"

ဇေမျိုးကို ဆီး၍ကြိုနေသည်က သော့ခလောက်ကြီး။ ကျောင်းဆောင်တံခါး ပိတ်သွားပြီ။ ဟိုးအဝေးသို့ ထွက်သွားနေသော ကျောင်းစောင့်ကြီးဦးစနေ၏ ကျောပြင်ကို လှမ်းမြင်နေရသည်။

"ဦးစနေ . . ဦးစနေ"

ဦးစနေကား သူအသံကုန်ဟစ်၍ လှမ်းအော်နေသည်ကို လုံးဝကြားဟန်မတူ၊ ဆက်၍သွားနေမြဲပင် . . ။ သူထပ်မံ၍ အသံကိုမြှင့်ကာ အော်ခေါ်နေသော်လည်း တဖြည်းဖြည်းဝေးသွားသော ဦးစနေမှာ ကြားပုံမရ။

ဒုက္ခ အခုမှ တစ်ကယ့်ကိုပြဿနာ။ သူတစ်ယောက်ထဲ ကျောင်းဆောင်ထဲမှာ ပိတ်မိနေပြီ။ သူ တစာစာ တကျော်ကျော်အော်ခေါ်နေသော်လည်း ဦးစနေကတော့ မြင်ကွင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

စိတ်ပျက်အားငယ်စွာဖြင့်ပင် လှေကားပေါ် ထိုင်ချလိုက်သည်။ ဘာဆက်လုပ်ရမှန်းမသိ။ ဒီညအဖို့ ဦးစနေတစ်ယောက် ဒီနားကို ပြန်လာပါဦးမလားမသိ။ ပြန်မလာရင်တော့ တကယ့်ကို ဒုက္ခ။ ဒီတစ်ညအဖို့တော့ ကျောင်းဆောင်ထဲမှာ ပိတ်မိသွားပြီ။ နောက်နေ့တွေ။ ဘုရား ဘုရားကျောင်းကလည်း ဆယ်ရက်ကြီးများတောင်ပိတ်မှာ။ အိုသိပ်တော့စိတ်ပူစရာ မရှိပါဘူး။ ဒီည ဦးစနေ ဒါမှမဟုတ်တစ်ယောက်ယောက်တော့ ဒီတံခါးနားကို လာဦးမှာပေါ့။ သူ့အနေနဲ့ကတော့ ထိုင်ပြီးစောင့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်။

တစ်ယောက်ထဲဆိုတော့ စိတ်ကလည်း ကယောက်ကယက် ဖြစ်လာသည်။ ဒီကျောင်းကြီးကလည်း ဟိုး ရှေးနှစ်ပေါင်းများစွာကတည်းက ကျောင်းကြီး။ လူပြောသူပြော တစ္ဆေသရဲပုံပြင်တွေကလည်း များပြားလှလွန်းသည်။ ဒုတိယကမ္ဘာစစ်တုန်းက ကျောင်းဝန်းထဲမှာ ဂျပန်တပ်တွေ စခန်းချသွားဖူးသည်တဲ့။ ဒီကျောင်းဝန်းထဲမှာပဲ တိုက်ပွဲတွေဖြစ်ပွားခဲ့သည်တဲ့။ နှစ်ဘက်စစ်သားတွေ အများအပြား ကျဆုံးခဲ့သည်ဟု ကြားဖူးသည်။





အို တိုက်ပွဲဖြစ်ရင် လူတွေသေကြမှာပဲ။ ဘာများထူးဆန်းလို့လဲ။ ယောက်ျားပဲ ဘာလို့ကြောက်ရမှာလဲ။ ကြောက်တာက အရေးမကြီး။ အခုလောလောဆယ် ဒီကျောင်းဆောင်ထဲကနေ အပြင်ကိုထွက်နိုင်ဖို့ပဲ အရေးကြီးသည်။ ဇေမျိုး ပတ်ဝန်းကျင်ကို မလွှတ်တမ်းကြည့်နေသည်။ တစ်ယောက်ယောက်များ ကျောင်းဆောင်ရှေ့ကဖြတ်သွားမလားလို့။ တစ်ဖြည်းဖြည်းနှင့် မှောင်သာလာသည်။ ဘယ်သူ့ကိုမှမတွေ့ရ။ ဦးစနေကလည်း ဒီဘက်ကို ယောင်လို့တောင် ခြေဦးမလှည့်တော့ဘူးလားမသိ။ နောက်ဆုံးတော့ကိုယ့်အားကို ကိုးတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီးအပြင်ကိုထွက်စရာ လမ်းစရှာကြည့်သည်။ တံခါးမကြီးရဲ့အပေါ် မှန်လည်ပေါက်ကနေ ကျော်တက်ရင်။ မော့ကြည့်လိုက်တော့ မှန်လည်ပေါက်မှာ သံတိုင်တွေနှင့်။ ဒီသံတိုင်ပေါက်ကလေးတွေက ဘယ်လိုမှ သူ့ခန္ဓာကိုယ်နှင့်မဆံ့နိုင်။ ဒီ လှေကားတံခါးကို ကျော်နိုင်ရင် ကျောင်းဆောင်တံခါးကြီးပိတ်သွားလည်း စာသင်ခန်းတစ်ခန်းခန်း၏ ပြတင်းပေါက်မှကျော်၍ ထွက်နိုင်မည်။

ပြတင်းပေါက်. . . ပြတင်းပေါက် . . .

အပေါ်ထပ် ပြတင်းပေါက်မှ ခုန်ချလိုက်လျှင် . . .



www.burmeseclassic.com

www.burmeseclassic.com


ဒါဆို ကျိမ်းသေပေါက် လွတ်မြောက်ပြီ။ သို့သော် နှစ်ထပ်အမြင့်မှ ခုန်ချလိုက်လျှင်။ ဒီကျောင်းဆောင်က နှစ်ထပ်ကျောင်းဆောင်ဆိုသော်လည်း ရှေးလက်ရာဖြစ်သောကြောင့် ယခုခေတ်သုံးထပ် အဆောက်အဦး အမြင့်ခန့်ရှိသည်။ မတော်တဆများ ကျိုးပဲ့သွား ခဲ့လျှင်။ သူခုန်မချရဲ။ သို့သော် အပေါ်ထပ်သို့ ပြန်တက်လာ ခဲ့သည်။ ဒီလှေကားကျဉ်းကျဉ်းကလေးထဲမှာ ဆက်ပြီးထိုင်နေ ချင်စိတ် မရှိတော့။

အပေါ်ထပ်သို့ ငူငူငိုင်ငိုင်ဖြင့်တက်လာပြီး တံခါးဖွင့်ထားသော စာသင်ခန်းတွေထဲ လှမ်းကြည့်နေမိသည်။ စကြံ ကော်ရစ်ဒါတစ်လျှောက် လျှောက်သွားနေမိသည်။ အောက်မှ တစ်ယောက်ယောက် ဖြတ်သွားတာတွေ့လျှင် အကူညီတောင်းရန်ဖြစ်သည်။ သို့သော် အမှောင်ထုကသာ တဖြည်းဖြည်း ကြီးစိုးလာသည်။ မည်သူ့ကိုမျှ မတွေ့ရ။ ကော်ရစ်ဒါထိပ်မှ မီးလုံးလေးပင် လင်းလက်နေပေပြီ။ ယခုတော့ ထိုမီးရောင်လေးမှလွဲ၍ တခြားသောအဖော်ဟူ၍ မရှိ။

နောက်ဆုံး ဇေမျိုးမှာ ကော်ရစ်ဒါ၌လည်း လမ်းလျှောက်ချင်စိတ် မရှိတော့။ တခြားသော စာသင်ခန်းတွေကိုလည်း လျှောက်မသွားချင်တော့။ သူ့စာသင်ခန်းထဲသို့သာ ဝင်ထိုင်နေမိတော့သည်။ စကြံမီးများလင်းနေ၍ ကော်ရစ်ဒါတစ်လျှောက် လင်းနေသော်လည်း ကျောင်းခန်းထဲမှာတော့ အရာရာကို မှုန်ဝါးဝါးသာ မြင်တွေ့ရသည်။ စိတ်ပျက်လက်ပျက်ဖြင့် စာရေးခုံရှည်ပေါ် လှဲချလိုက်သည်။

စိတ်ကိုလည်း လျှော့ချလိုက်ပြီ။ ဖြစ်ချင်ရာဖြစ်ပေါ့။ ဘာကို ဂရုစိုက်ရမှာလည်း။ ဇေမျိုးနဖူးပေါ် လက်တင်ပြီး စဉ်းစားကြည့်တော့. . . .

ဒီနေ့အဖို့တော့ သူ တော်တော်ကံဆိုးနေသည်။ စာမေးပွဲခန်းထဲမှာလည်း အဆင်မပြေခဲ့။ ဘယ်ပြေမလဲ။ တစ်မနက်လုံး စာမကြည့်ရဘဲ။ မေမေဆူတာကို ထိုင်နားထောင်နေရတာလေ။ မေမေနှင့်သူကတော့ အမြဲတမ်း ဆန့်ကျင်ဘက်။

မေမေ့အလိုကျ ကျောင်းစာကိုလည်း သူအမြဲတမ်းပင် ဂရုစိုက်ခဲ့သည်။ ကျူရှင်ဆိုလျှင်လည်း မှန်မှန်တော့ တက်ခဲ့သည်ပဲ။ သို့သော် သူကအားလပ်ချိန်တွင် သီချင်းနားထောင်ချင်သည်။ ဂစ်တာတီးချင်သည်။ ဒါကိုမေမေက ကြည့်မရ။ သူသီချင်းဖွင့်တိုင်း မေမေက နားငြီးသည်၊ ပတ်ဝန်းကျင်ကို အနှောက်အယှက်ဖြစ်သည် ဟုဆိုကာ ပိတ်ပစ်ခိုင်းမြဲပင်။ ဂစ်တာတီးလို့ကတော့ ပိုဆိုးသေး။ ဇေမျိုးမခံချင်ဆုံးမှာ




www.burmeseclassic.com

www.burmeseclassic.com



မေမေကသူ့ကို လမ်းသရဲလိုနေတယ်ဟု စွပ်စွဲခြင်းကိုပင်။ ဂျင်းဘောင်းဘီဝတ်တာ၊ ဂစ်တာတီးတာလေးနဲ့ပဲ လမ်းသရဲဖြစ်ရောတဲ့လား။ တစ်ကယ်တော့ လမ်းသရဲဆိုသည်မှာ နိုင်ငံခြားဇာတ်လမ်းတွေထဲမှာသာ ဖေမျိုး တွေ့ဖူးသည်။ မေမေတို့ခေတ်ကတော့ ရှိခဲ့သည်ဟု ကြားဖူးသည်။ သူတို့ခေတ်မှာရှိခဲ့တိုင်း၊ ဖေမျိုးတို့ခေတ်မှာမှ မရှိတော့ဘဲ။ စိုးရိမ်စရာမလိုဟု ဖေမျိုးထင်သည်။ နောက်ပြီးတော့ ဝတ္ထုတို့ ရုပ်ပြတို့ဖတ်တာနှင့် အချိန်ဖြုန်းသည်တဲ့။ ဤကဲ့သို့ အိမ်မှာနေလျှင် နည်းမျိုးစုံဖြင့် အဆူခံနေရသောကြောင့် သက်သာရာရသော လက်ဖက်ရည်ဆိုင်ထိုင်သည်ကိုတော့ မေမေက မဟာပြစ်မှုကြီး၊ အလေလိုက်မှုကြီးဟု သဘောထားလေသည်။

မေမေသဘောကျသည်က သူ့ သူငယ်ချင်း၏သား ဇော်ဇော်လိုကောင်မျိုးကိုပင်။ ဇော်ဇော်က လူကြီးတွေနှင့် အလိုက်သင့် ဆက်ဆံတတ်သည်။ ဆက်ဆံတတ်သည်ထက် မှားမှားမှန်မှန် လူကြီးတွေအလိုကျ လိုက်ပြောတတ်ခြင်းကပိုသည်။ မေမေကလည်း ဇော်ဇော့်လို အခြောက်ဆန်ဆန် ကောင်လေးမျိုးကိုမှ လိမ္မာသည်ဟု စွဲစွဲမြဲမြဲမှတ်ယူထားသည်။ တစ်ကယ်တော့ ဖေမျိုးတို့လို သားလိမ္မာအခေါ်ခံ ခပ်ခြောက်





ခြောက်ကောင်လေးတွေ၏ အတွင်းစိတ် ပုတ်သိုးမှုများကို ဖေမျိုးတို့ လူငယ်ချင်းသာ သိလေသည်။ အဆိုးဆုံးက ဇော်ဇော် မျက်နှာလိုမျက်နှာရ အတို့အထောင်လုပ်သမျှကို မေမေက ယုံစားနေခြင်းပင်။ ဇော်ဇော် စေတနာနှင့်ဆိုသော ပိုပိုသာသာကျွန်တော့် မကောင်းကြောင်း မဟာစေတနာကြီးတွင် သူအဆူခံထိစေရန် ရည်ရွယ်ချက်က ရာခိုင်နှုန်းပိုများပါသည်။

ကျောင်းစာအပြင် ပြင်ပစာတွေဖတ်လိုက်၊ ဘောလုံးကန်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဂစ်တာတီးလိုက်လုပ်နေသောဖေမျိုးက တစ်ချိန်လုံး စာမှစာ ဖြစ်နေသော ဇော်ဇော်နှင့် စာမေးပွဲတိုင်းတွင် အဆင့်မတိမ်းမယိမ်း ပြိုင်ဘက်လို ဖြစ်နေသည်ကို သူဘယ်လိုသဘောထားမှာ ဖေမျိုးသိပါသည်။ မေမေကတော့ တစ်ခုခုအလို မကျတိုင်း ဇော်ဇော်နှင့် ခိုင်းနှိုင်းကာ ဆူပူခြင်းပင်။ ဒီလိုကောင်နှင့် ခိုင်းနှိုင်းအဆူခံရသည်ထက် ကျိုးပဲ့သွားအောင် ရိုက်နှက်ခံရသည်ကိုပဲ ဖေမျိုးအလိုရှိပါသည်။

ဖေဖေကတော့မေမေ့လို ဆူပူနေခြင်းမရှိ။ သို့သော် ဖေဖေကလည်း ဖေမျိုးအပေါ် နားလည်မှုရှိသည်ဟု မထင်ပါ။ ဖေဖေက သူ့အလုပ်ကိစ္စမှလွဲ၍ ဘာကိုမှ စိတ်ဝင်စားပုံ



www.burmeseclassic.com

www.burmeseclassic.com

မပေါ်ပါ။ စကားလည်း များများမပြောတတ်။ ပစ်ခုခုဆိုလျှင် 'မင်းအမေ ကိုပြောလေ' ဟုသာ ပြောတတ်သည်။

ဒီတော့ အိမ်မှာဇေမျိုးမပျော်တာ ဘာမှမထူးဆန်း။ ပေဝေက သူနှင့်မေမေကြားမှာ ဖြန်ဖြေရေးသမား လုပ်ချင်သေးသည်။ ဒီလိုပါပဲ ကောင်မလေးတွေက ဦးနှောက်ကို အသုံးချဖို့စိတ်မကူးဘဲ ဘယ်လိုအနေချောင်အောင် နေရမလဲဆိုတာလောက်ပဲ တတ်ကြတာ။ ဟိုး သူငယ်တန်းကတည်းက ပေါင်းသင်းလာသော ပေါင်းသင်းလာသော သူငယ်ချင်းဖြစ်သော်လည်း အမြဲတမ်းလိုလို သူကအဖြူ[illegible]ိုလျှင် ခဝေဝေက မည်းပြီးသား။

ဖိုးကျော်နှင့်ကတော့ ပေါင်းရသင်းရတာ အဆင်ပြေပါရဲ့။ ဒါပေမဲ့ ဖိုးကျော်က ကျောင်းအားချိန်တွင် သူ့အမေ၏ ဈေးဆိုင်ကို ကူ၍ရောင်းပေးရသေးသည်။ အိမ်ချင်းကလည်း ဝေးတော့ သူနှင့် ကျောင်းမှာသာဆုံဖြစ်သည်။ ဖိုးကျော်နှင့် သူက အကြိုက်ချင်းမ[illegible]ကြ။ သို့သော် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိ၍ ပေါင်းလို့သင်းလို့ကောင်းသည်။

ဇေမျိုးမှာ အိမ်မှန်တစ်ကယ် လိုအပ်နေသည်ကတော့ သူငယ်ချင်း တစ်ယောက်လောက်ပင်။ ယခုလက်ရှိ သူငယ်ချင်းများကိုတော့ ခင်ပါသည်။ သို့သော်ဇေမျိုးလိုချင်သည်က





စိတ်တူကိုယ်တူ နားလည်မှုရှိမည့် သူငယ်ချင်း တစ်ယောက်လောက်ပင်။ ဥပမာ ဖိုးကျော်တို့လိုမျိုး။ သို့သော် ဖိုးကျော်လို နိုးနိုးကပ်ကပ် မနေရသော သူငယ်ချင်းမျိုးမဟုတ်။ ဝေဝေလို အမြဲတမ်းတပူးတွဲတွဲ သူငယ်ချင်းတစ်ယောက်၊ သို့သော် ဝေဝေလို တချိန်လုံးနားပူနားဆာမလုပ်ဘဲ၊ အတို့အထောင် မလုပ်တတ်သည့် စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ယောက် ရှိနေလျှင် မည်မျှကောင်းလိုက်မည်နည်း။

ဟိုတွေးဒီတွေးဖြင့် စဉ်းစားနေရင်းက အခုလိုပင် ဘယ်သူမှမရှိဘဲ တစ်ယောက်ထဲနေရတာ ကောင်းသလို[illegible] ဖြစ်လာသည်။ အမြဲတမ်း သူတစ်ယောက်ထဲလိုလိုနေရရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။ ဒါဆိုလည်း ပျင်းစရာကြီး။ အဖော်တစ်ယောက်ယောက်လောက်သာ ရှိလျှင်တော့ အခုလို အေးအေးဆေးဆေးနေရတာ ကောင်းလိမ့်မည်။ အခုတောင်မှ ပျင်းသလိုလို ရှိလာသည်။ အမှောင်ထဲမှာ ပက်လက်လှဲ အိပ်နေရင်းမှ [illegible]လိုက်သည်။ အပြင်မှ သစ်ပင်ရိပ်များကို လမ်းမီးရောင်ဖြင့် လှမ်း၍မြင်နေရသည်။ အခုတော့ စိုးရိမ်စိတ်လည်း မရှိနေတော့။ ကြောက်စိတ်က လည်း ဖြစ်မလာပါ။

တစ္ဆေသရဲဆိုသည်ကိုတော့ တစ်ခါတစ်ရေမှ သွေး



www.burmeseclassic.com

www.burmeseclassic.com



လေခြောက်ခြားပြီး လန့်တတ်သည်မှလွဲ၍ ဇေမျိုး မကြောက်တတ်ပါ။ တစ်ခါကဆိုလျှင် လောင်းကြေးစားကြေးဖြင့် သင်္ချိုင်းထဲသို့ ညဘက်ကြီး တစ်ယောက်ထဲသွားဖူးသည်။ သက်သေအဖြစ် သင်္ချိုင်းစောင့်ကြီးထံမှ အရိုးကြီးတစ်ချောင်းကိုပင် တောင်းယူလာခဲ့ဖူးသည်။ သင်္ချိုင်းစောင့်ကြီးကတော့ ခွေးသေကောင်၏အရိုးဟု ဇေမျိုးကိုပြောသည်။ ဇေမျိုးကတော့ လူ့အရိုးဟု သူငယ်ချင်းများကို ခပ်တည်တည်ဖြင့် ကြွားလိုက်သေးသည်။ ယခုတော့. . . ဇေမျိုး တစ်ယောက်ထဲ ပျင်းလွန်းလှသဖြင့် သရဲခြောက်ခံရလျှင် စိတ်လှုပ်ရှားစရာ တစ်မျိုးကောင်းမည်ဟု တွေးမိသည်။ အခုလို ငုတ်တုတ်ထိုင်လိုက် ..ပလျှောင်းလိုက် လုပ်နေရသည်ထက် သရဲ တစ်ကောင်ကောင်လောက်က လာပြီးခြောက်လှန့်ပါစေဟုပင် ဆုတောင်းမိသေးသည်။

ဇေမျိုး အမ်ပီသရီးပလေယာလေးကို ထုတ်ပြီးတော့ နားထောင်နေလိုက်သည်။ သီချင်းလေးဘာလေး နားထောင်နေရတော့လည်း သိပ်မပျင်းတော့။ ကျောင်းဆောင်ထဲမှ မလွတ်မြောက်တော့မယ့်အတူတူ အေးရာအေးကြောင်းသာ နေတော့မည်ဟု တွေးလိုက်မိသည်။

သီချင်းနားထောင်နေရင်း မနက်ကျ ဖိုးကျော်ကို





စီဒီတစ်ခွေသွားပေးရန် ကတိပေးထားသည်ကို သတိရလိုက်မိသည်။ မနက်ရောက်လျှင် လွတ်မြောက်ပါဦးမည်လား. . ။ ကျောင်းပိတ်ရက်ကြီး။ တစ်ယောက်ယောက်တော့ တွေ့မှာပေါ့ လေ။

သိပ်မကြာလိုက် ခေါတ်ခဲအားကုန်သွားသည်။ စိတ်ပျက်မိပါရဲ့။ ခုချိန်ဆို မေမေတစ်ယောက် သူ့ကို စိတ်ပူနေပြီလားမသိ။ ဖေဖေများ တစ်မြို့လုံးပတ်ပြီး လိုက်ရှာနေမလား။ ဒီလိုဆိုတော့လည်း ဖေဖေ့ကို သနားမိပြန်သည်။ မနက်ကျ ဝေဝေနှင့် အပြင်သွားရန် ချိန်းထားသည်ကိုလည်း သတိရမိသည်။ နေပါစေ ဒီကောင်မလေးကို တစ်ခါတစ်လေတော့ ပညာပြဦးမှ။ ကျောင်းထဲမှာ ပိတ်မိနေသည်ကို ဝေဝေသိလျှင် အပြစ်တင်၊ ဆရာလုပ်လို့ ဆုံးမည်မဟုတ်။ အိမ်မှာတော့ဆူ၍မဆုံး ပြော၍မဆုံးဖြစ်တော့မှာ သေချာပါသည်။

မေမေဆူမှာ၊ ဝေဝေအပြစ်တင်မှာတို့က ခဏတဖြုတ်နှင့် ပြီးဆုံးသွားမှာမဟုတ်။ အသုံးမကျသော မိမိကိုယ်မိမိပြန်ပြီးအပြစ် တင်မိသည်။ လက်မှနာရီကိုကြည့်လိုက်တော့ ည ရှစ်နာရီပင် မထိုးသေး။ ရှစ်နာရီကျော်လောက် အိမ်ပြန်ရောက်လျှင် ကျူရှင်ကအပြန် လက်ဖက်ရည်ဆိုင် ဝင်ထိုင်နေသည်ဟုသာ ထင်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကျောင်းဆောင်ကြီးထဲမှာ တစ်ညလုံးလည်း မနေချင်ပါ။ ဘာကိုမှမကြောက်ဘူးဆိုသော်လည်း တစ်ယောက်ထဲတော့ မနေချင်။ ဟိုတွေးဒီတွေးဖြင့် ကြောချမ်းမိသည်ကတော့အမှန်။ သင်္ချိုင်းကိုသွားတာက ခဏတစ်ဖြုတ်သွားတာ။ ပြန်ချင်တဲ့အချိန် ပြန်လို့ရမှန်း သိနေပြီးသား။ ပြီးတော့ သင်္ချိုင်းထဲမှာက သင်္ချိုင်းစောင့်ကြီး ရှိသေးသည်။ ဒီမှာက မိမိတစ်ယောက်ထဲ။

ခုပဲကြောက်လိုက် ခုပြန်မကြောက်လိုက် ပြီးတော့ပြန်ကြောက်လိုက်နှင့် မိမိကိုယ်ကိုယ် သိပ်ပြီးနားမလည်ချင်တော့။

ပထမဦးဆုံး ကျောင်းဝင်းထဲမှာ ပိတ်မိနေပြီဆိုတာ သိလိုက်ရတော့ စိုးရိမ်မိသည်။ နောက်တော့ စိတ်အေးသွားပြန်သည်။ ခုတော့ တစ်ခါပြန်ပြီး စိုးရိမ်စိတ်တို့ ဝင်လာပြန်ပြီ။ ပြတင်းပေါက်မှ အပြင်ကိုလှမ်းကြည့်လိုက်တော့ မပျော်ပါဘူးဆိုသည့် အိမ်ကိုပဲ ပြန်ချင်လာမိသည်။ မနက်ကျ ဝေဝေနှင့် အပြင်သွားရဦးမည်။ ကျူရှင်လည်း တက်ရဦးမည်။ ဖိုးကျော်ထံလည်း သွားရဦးမည်။ ခုချိန်ဆို အိမ်မှာ စာလုပ်လျှင်လုပ် မလုပ်လျှင်တော့ ဂိမ်းကစားနေရမှာ ဖြစ်သည်။ ဒါမှမဟုတ်လည်း ရုပ်မြင်သံကြားအစီစဉ်တစ်ခုခုကို ကြည့်နေမှာ သေချာသည်။ ဒီမှာကတော့ ဘာမှမရှိ။





ယောက်ယက်ခတ်လှုပ်ရှား၍နေသော စိတ်တို့နှင့်အတူ ပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်လိုက်သည်။ အောက်မှာက မြက်ပင်ရှည်တွေနှင့်။ နှစ်ထပ်လောက်အမြင့်မှ အောက်သို့ကျလျှင် ဘာမှတော့သိပ်မဖြစ်လောက်။ သတိလက်လွတ် ပြုတ်ကျတာမှ မဟုတ်တာ။

'အို ဖြစ်ချင်တာဖြစ်' ဟု စိတ်ထဲက ပြောမိလိုက်ချိန်တွင် ဇေမျိုးတစ်ယောက် ပြတင်းပေါက်ဘောင်ပေါ်သို့ ရောက်နေပြီ။ ထို့နောက်. . .၊ ထို့နောက်တော့. . .

"အား. . . . . ."

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌သိမ့်ခနဲ တစ်ချက်ခံစားလိုက်ရသည်။ အေးမြသော အထိအတွေ့. . .။

ခြေထောက်ဖြင့်ကျမည်ဟု ထင်ထားမိသော်လည်း တကယ်တမ်းမှာတော့ ဘေးတိုက်ပြုတ်ကျသွားခြင်း ဖြစ်သည်။ ခြေထောက်နှင့် မြေကြီးအထိအတွေ့ကို သိလိုက်ရပြီး ဦးခေါင်းဆီမှ ဆစ်ခနဲတစ်ချက် နစကျင်သွားကာ ဒိုင်းခနဲ အသံတစ်ချက်ကြားလိုက်ရပြီး မျက်လုံးထဲ၌ အလင်းတန်းများ ဝင်းဝင်းတောက် သွားသည်ကိုသာ ဇေမျိုး သိလိုက်ရသည်။

"ဟိုက် ဟိုက်. . . ထလေ. . . ဘာဖြစ်သွားသေးလဲ"

ဇေမျိုး သတိရလာတော့ ခေါင်းတွေ တဆစ်ဆစ်



www.burmeseclassic.com

www.burmeseclassic.com

နာကျင်ကိုက်ခဲနေသည်။ အားယူပြီးမျက်လုံးကို ဖွင့်ကြည့်လိုက်တော့. . .

ဇေမျိုး. . . သူ့ကိုငုံ့ကြည့်နေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကောင်မလေးက သူ့ကိုစိုးရိမ် နေဟန်တူသည်။

"ငါ. . . ငါ. . . အား. . "

"ဖြေးဖြေးချင်းထလေ ခေါင်းမှဒဏ်ရာကြီးနဲ့"

ကောင်မလေးက ဇေမျိုးကို ဖေးမ၍ ထူပေးသည်။ သို့သော် ဇေမျိုးမှာ လုံးဝမထနိုင်သေး။

"နင် နင် ဘယ်သူလဲ. . ."

ဇေမျိုး သိချင်စိတ်ဖြင့် မေးကြည့်တော့ ကောင်မလေးက သူ့ကို ပြုံးပြရင်း . . .

"နင် ဒီမှာ ခဏစောင့်နေလိုက်ဦး။ ငါ တစ်ယောက်ယောက်ကို အကူညီသွားတောင်းလိုက်ဦးမယ်"

ပြောပြောဆိုဆို ကောင်မလေးက သူ့ကို မျက်ခင်းပေါ် အသာယာလှဲချပေးရင်း ထွက်ခွာသွားသည်။ ဘယ်သူများပါလိမ့်။ ဒီကောင်မလေးကရော ဘယ်လိုလုပ်ပြီး ကျောင်းဝန်းထဲ ရောက်နေရပါလိမ့်။ ကောင်မလေးအကြောင်း စဉ်းစားနေရင်း ဦးခေါင်းထဲမှ နာကျင်လာပြန်သည်။ ခြေထောက်တွေကလည်း ဘာဖြစ်သွားလည်းမသိ။

ထိုစဉ်မှာပင် ခွေးဟောင်သံကြားရသည်။ ခွေးဟောင်သံက တဖြည်းဖြည်းနီးကပ်လာသည်။ သေချာပါသည်။ ဒါ ဦးစနေနှင့် သူ၏ခွေးကလေး ဘိုနီ။ သူ့ကိုမြင်တော့ ဦးစနေက အံ့အားသင့်သွားသည်။ ဦးစနေ သူ့ထံပြေးလာပြီး. . .

"မင်း. . . မင်း. . . ဇေမျိုးမဟုတ်လား။ ဘာဖြစ်တာလဲ။ ဘာဖြစ်လို့လဲ"

ဦးစနေက သူ့ကို စိုးရိမ်တကြီး မေးလိုက်တော့ ကျောင်းထဲမှာ သူတစ်ယောက်ထဲပိတ်မိပြီး ကျန်ရစ်ခဲ့သည့်အကြောင်း၊ ပြတင်းပေါက်မှနေ ခုန်ချလိုက်သည့်အကြောင်းတို့ကို ဦးစနေအား ပြောပြလိုက်သည်။

"ဘုရား ဘုရား. . . ဖြစ်မှဖြစ်ရလေကွာ။ မင်းနှယ် ဒီလောက် အမြင့်ကြီးက. . . ".

ဦးစနေက စိုးရိမ်ပါကြီး ဘုရားတလိုက်ပြီး သူ့ကို ထူမပေးလိုက်သည်။ ဇေမျိုးလည်း အားတင်းပြီး

"ဘာမှမဖြစ်ပါဘူး ဦးစနေရဲ့။ ပွန်းပဲ့ရုံ လောက်ပါ"

တစ်ကယ်လည်း ဇေမျိုးဘာမှမဖြစ်ပါ။ ဦးခေါင်းနှင့် ခြေထောက်တို့ အနည်းငယ်နာကျင်နေသည်ကလွဲလို့ ဘာမှ







www.burmeseclassic.com

www.burmeseclassic.com



တော့မဖြစ်ပါ။ ဦးစနေကို ဟိုကောင်မလေး သွားခေါ်တာ ဖြစ်ရမည်။

"ဦးစနေ ဟိုကောင်မလေးရော. . . "

"မင်း ဘာဖြစ်သွားသေးလဲ။ မင်းကွာ မတော်တဆ များ"

ဦးစနေက သူ့စကားကို စိတ်မဝင်စားပါ။ သူ့ဒဏ်ရာ တွေကိုသာ စိုးရိမ်နေသည်။ ဟိုကောင်မလေး ဦးစနေကို သွားပြောတာပင် ဖြစ်လိမ့်မည်။

"ဟို ကျွန်တော်. . ."

"ဘိုနီ အတင်းဟောင်နေလို့ တော်သေးတာပေါ့ကွာ"

ဟိုကောင်မလေးက ဘယ်ကိုရောက်သွားပါလိမ့်။ ဦးစနေကတော့ သူ့ကိုထူမပေးကာ ကျောင်းဝန်းဟိုဘက် အစွန်ရှိ သူ၏အိမ်ကလေးသို့ ခေါ်သွားသည်။ ဇေမျိုး တစ်ကိုယ်လုံးကို စစ်ဆေးကြည့်လိုက်တော့ ကြီးကြီးမားမား ဒဏ်ရာမတွေ့ရ။ သူ့ဦးခေါင်း အနည်းငယ်ပေါက်ပြဲသွား သည်ကို ဦးစနေက အရက်ပြန်ဖြင့် ဆေးကြောပေးသည်။ ခြေထောက်ကတော့ အနည်းငယ် ယောင်ရမ်းနေသည်နှင့် ပွန်းပဲ့ရုံလောက်သာ။ ဒါကိုလည်း ဦးစနေက ဒဏ်ကြေဆေး လိမ်းပေးသည်။ ပြီးတော့ ကော်ဖီပူပူနွေးနွေးလေး တစ်ခွက်





ပင် တိုက်လိုက်သေးသည်။

"ကောင်လေး ငါပြန်လိုက်ပို့ပေးရမလား"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ပြန်လို့ရပ

ဦးစနေက သူ့ကိုကျောင်းပေါက်ဝအထိ လိုု သည်။ ဒါတောင် စိတ်မချသေးဘဲ အိမ်အထိလိုက်ု လုပ်သေးသည်။ ဇေမျိုးက ဘာမှမဖြစ်ပါ၊ အိမ်ကိုသာ တန်းု မည်ဟု ကတိတွေအထပ်ထပ်ပေးတော့မှ ဦးစနေ စိတ်လျှော့ သွားသည်။

သူ အိမ်သို့သာ ပြန်လာခဲ့တော့သည်။ စိတ်ထဲ မှာတော့ ဟိုကောင်မလေးကို သိပ်ပြီးမကျေနပ်ချင်။ 'ဒီ ကောင်မလေး ဘယ်ကို ရောက်သွားပါလိမ့်။

"ဟိတ် ဟိတ်. . . ခဏနေဦး"

ခေါ်သံကြောင့် ဇေမျိုး လှည့်ကြည့်လိုက်သည်။ နောက်မှာ ဘယ်သူ့ကိုမှမတွေ့။ ဇေမျိုး အူကြောင်ကြောင် ဖြစ်သွားသည်။ ဒီအသံမျိုး ကြားဖူးပါတယ်။ ဘယ်မှာ ကြားဖူးပါလိမ့်။ စိတ်ရှုပ်ရှုပ်နှင့် ပြန်လှည့်ဆိုက်သည်။ လက်မှ နာရီကိုကြည့်လိုက်တော့ ကိုးနာရီပင် ထိုးတော့မည်။

သူ ပြတင်းပေါက်က ခုန်ချလိုက်တော့ ရှစ်နာရီပင် မထိုးသေး။ ခုနစ်နာရီကျော်ပင် ရှိဦးမည်။ ဦးစနေအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အလွန်ဆုံးကြာလှ နာရီဝက်လောက်ပေါ့။ ဒါဆို သူ သတိလစ်သွားတာ တော်တော်ကြာလိမ့်မည် ထင်သည်။ ဘုရား ဘုရား ဟိုကောင်မလေးသာ သူ့ကိုမတွေ့ခဲ့ရင်. . .။ လမ်းချိုးကို ရောက်တော့

"ဟိတ် ခဏလေး စောင့်ပါဦးဟ"

ဇေမျိုး လှည့်ကြည့်လိုက်တော့ ဟိုကောင်မလေး. . .

"နင်ကလဲဟာ လမ်းလျှောက်တာမြန်လိုက်တာ"

"နင် ဘယ်တွေလျှောက်သွားနေတာလဲ။ တော်သေးတာပေါ့ဟာ။ ငါ သတိလစ်သွားတာ တော်တော်ကြာသွားတယ်"

"ငါကိုစ္စရှိလို့ပါဟာ။ အခုတော့ နင်အဆင်ပြေသွားပြီမဟုတ်လား"

"အင်း ဦးစနေက ငါ့ကိုဆေးထည့်ပေးတယ်ဟ"

"ငါလည်း နင့်ကို ပြန်လာကြည့်ပါသေးတယ်ဟ။ နင့်ကို မတွေ့တော့လို့ ဒီဘက်ကို လိုက်လာတာ"

"ငါ ဒီဘက်ကို သွားမယ်မှန်း နင်ဘယ်လိုလုပ် သိလဲ"

ဇေမျိုး၏မေးခွန်းကို ပြန်မဖြေသေးဘဲ ကောင်မလေးက ရယ်နေသည်။ အတော်လေးကြာအောင် ရယ်မောနေပြီးမှ

"နင် အိမ်ပြန်မလို့ မဟုတ်လား"





"ဟုတ်တယ်လေ။ ငါ့အိမ်ကို နင်ဘယ်လိုသိလဲ"

"ဟဲ ဟဲ ငါလား၊ နင့်အိမ်တင်မကဘူး။ နင့်မိဘနာမည်၊ နင့်မှတ်ပုံတင်နံပါတ်၊ မွေးသက္ကရာဇ်၊ နင့်အကျင့်စရိုက်တွေကိုပါ အကုန်သိတယ်။ နင့်အရဲ့ကြောင်းကို နင့်ထက်ငါပိုပြီးတော့ သိတယ်ဆိုရင် နင်ယုံမလား"

ဇေမျိုး စိတ်တိုသွားသည်။

"စကားအကောင်းပြောဟာ။ မနောက်နဲ့"

"ဘာလဲ ငါ့ကို မယုံလို့လား။ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က ဖိုးကျော်တို့အိမ်မှာ သွားအိပ်မယ်လို့ နင့်အမေကိုညာပြီး နင်ချန်ပီယံလိဂ်ဘောလုံးပွဲ သွားကြည့်တယ်မဟုတ်လား။ နင်အကြိုက်ဆုံးအသင်း ဘာစီလိုနာပွဲလေ။ နောက်ပြီးတော့ နင်မနေ့က ဖိုးကျော်နဲ့ ချက်စ်ထိုးတော့ နိုက်တစ်ကောင်နိမ့်ပြီး ရှုံးသွားတယ်မဟုတ်လား"

ဇေမျိုး မျက်လုံးပြူးသွားသည်။

"နင် နင် အကြားအမြင်ရနေလား"

သူ အလန့်တကြားမေးလိုက်တော့ ကောင်မလေးက ရယ်၍နေသည်။ အားရအောင် ရယ်ပြီးတော့မှ. . .

"နင့်မှာ မျက်လုံးပါတယ် မဟုတ်လား။ နားရော ရှိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလည်းဟဲ့။ မျက်စိပါတော့ မြင်တာပေါ့။ နားပါတော့ ကြားတာပေါ့။ အကြားအမြင်ဆိုတာ ဘာများထူးဆန်းလို့လဲ"

"ဒါပေမဲ့ အဲဒါတွေကကိုယ့်ရှေ့မှာ မြင်ရကြားရတာကိုပဲ. . ."

"ဟဲဟဲ နင်က သဘောမပေါက်သေးဘူးကိုး။ နင်ဝေဝေ့ကို ခင်တယ်မဟုတ်လား။ အဲဒီလိုခင်တာကို မြင်ရကြားရလို့လား။ သူက နင့်ကို ခင်တယ်ဆိုတာကိုရော နင်မြင်ရကြားရလို့လား"

ကောင်မလေး ပြောနေတာတွေကို ဇေမျိုးတစ်ယောက် ဘာမှနားမလည်။ သူသိချင်တာကိုသာ မေးလိုက်သည်။

"နင် နင် ငါတို့ကျောင်းကတော့ မဟုတ်ပါဘူးနော်။ ကျောင်းမှာ ငါမသိတဲ့သူ မရှိပါဘူး။ ပြီးတော့ နင် နင်. . ."

"အဟဲ နင်ကလည်း ယောကျ်ားလေးဖြစ်ပြီး ကြောက်တတ်လိုက်တာ။ ဘာလဲ နင်ငါ့ကို ကြောက်နေလား"

ဒါတော့ ဇေမျိုးမခံချင်ဖြစ်သွားသည်။ မိန်းကလေးတစ်ယောက်ကို လုံးဝကြောက်စရာအကြောင်းမရှိဟု ထင်





သည်။ သူမာနကလေးကိုလည်း ထိခိုက်သောတော့

"ဘာလို့ကြောက်ရမှာလဲ။ မကြောက်ပါဘူး"

"ဒါပေါ့ နင်ငါ့ကို ကြောက်စရာမလိုပါဘူး။ နင်ဘာကိုမှလည်း ကြောက်စရာမလိုဘူး။ သိလား"

ဇေမျိုး ယောင်ရမ်းပြီးတော့ ခေါင်းငြိမ့်လိုက်မိသည်။ တစ်ကယ်တော့ ကောင်မလေး ဘာတွေပြောနေမှန်းကို သူ သေသေချာချာမသိ။ ထိုစဉ်မှာပင် ဖော်ဖော်ကို တွေ့လိုက်ရသည်။ ဒီကောင်က သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး

"ဟော့ ဇေမျိုး ဒုက္ခရာတွေနဲ့ပါလား။ ဘာဖြစ်လာတာလဲ။ ညဘက်ကြီး တစ်ယောက်ထဲ လျှောက်မသွားနဲ့လေ"

ကြည့် ဒီကောင် စကားပြောတာကိုက အကြောကြီးနဲ့။ ဇေမျိုးလည်း ဒီကောင့်ကို အမြင်ကပ်တာနဲ့

"လူနှစ်ယောက်လုံး မင်းမမြင်ဘူးလား"

သူပိတ်ဟောက်လိုက်တော့မှပဲ ဖော်ဖော် ငြိမ်ကျသွားသည်။ ဇေမျိုးကိုလည်း ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်လျှက်

"ဖော်ဖော်က နင်ပြောလိုက်တာကို နားမလည်ဘူးဟ။ ဘယ်သွားမလို့လဲလို့မေးတာကို စားပြီးပြီလို့ပြန်ဖြေလို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားသလိုမျိုးပေါ့"

အလိုလေး ဒီကောင်မလေးက ဝေဝေတင်မက ဇော်ဇော့်ကိုလည်း သိတာပါပဲလား။ ဇေမျိုးလည်း

"ဒီကောင်က ငါတစ်ယောက်ယောက်နဲ့ ရန်ဖြစ်လာတာလို့ ထင်မှာပေါ့။ မေးပုံကိုက အားရဝမ်းသာအသံနဲ့"

"နင်နဲ့ ဇော်ဇော်နဲ့ မတည့်တာကို ငါသိပါတယ်ဟာ။ အခုလည်း ဒီကောင် နင်အဆူခံရအောင် လုပ်လိမ့်ဦးမယ်"

ဒါတော့ဟုတ်သည်။ ဒီကောင်က မေမေ့ကို အတို့အထောင်မလုပ်ဘူးလို့ ပြောလို့မရ။ ဇေမျိုး အရမ်းစိတ်ညစ်သွားသည်။ ကောင်မလေးက ဇေမျိုးကို ပြုံးကြည့်ရင်း

"စိတ်မညစ်ပါနဲ့ဟာ"

"ညစ်ရတယ်ဟ ငါ အဆူခံရတော့မှာ ကြိမ်းသေတယ်"

"ခံလိုက်ပေါ့ဟာ။ ပြီးရင် နင် စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ငါသ[illegible]ချင်းဆိုပြမယ်လေ။ 'နေ့ခ်အွန်ဟဲဗင်းဒိုး' နားထောင်ပေါ့။ န[illegible]သိပ်ကြိုက်တယ်မဟုတ်လား။ နင့် အမ်ပီသရီး ပလေယာထဲမှာ ဘော့ဒိုင်လန်ဆိုတာရော ဂန်းအန်ရိုစ့် ဆိုထားတာရော အယ်ဗရယ်လာဗင်း ဆိုထားတာရော ထည့်ထားတယ် မဟုတ်လား။ ဒီညတော့ ငါပဲ





ဆိုပြရမှာပေါ့။ စိတ်ထဲမှာကြောက် စိတ်ဝင်လာရင် သီချင်းနားထောင်နေလိုက် ကြောက်စိတ်တွေ ပျောက်သွားလိမ့်မယ်။ ခုတော့သွားတော့နော်။ နင်တို့လမ်းထိပ် ရောက်နေပြီ။ နင့်အမေဆူရင် ပြန်ပြောမနေနဲ့ဦး။ ပိုဆိုးလိမ့်မယ်။ ငြိမ်ပြီးတော့သာ နားထောင်နေလိုက်။ ကြားလား"

ဇေမျိုး . . . အံ့ဩတွေဝေစွာဖြင့် ကောင်မလေးကို ငေးကြည့်နေမိသည်။ သူတစ်ကိုယ်လုံးလည်း အံ့ဩမှုကိုဖြင့် ပြည့်နှက်လျှက်။

"ဘာကြောင့်ကြည့်နေတာလဲ။ သွားတော့လေ"

စိတ်အညှို့ခံထားရသလို ကောင်မလေးအမိန့်ကို နာခံပြီး လမ်းထဲသို့ ဝင်လာခဲ့တော့သည်။ အိမ်တံခါးဝအရောက် စိတ်ရှုပ်စွာ ခေါင်းကုပ်မိပြီး ကောင်မလေးကို ပြန်လှည့်ကြည့်လိုက်တော့ မတွေ့ရတော့ပေ။ သို့သော် ပြည့်ပြည့်ဝဝ အံ့ဩခွင့်မရလိုက်။ အိမ်ထဲမှ မေမေ၏ အသံက

"ဟိုကောင် လာခဲ့စမ်း။ ဘယ်[illegible]ချိန်ရှိနေပြီလဲ"

ထို့နောက်တော့ ထုံးစံအတိုင်း မေမေ၏စစ်ဆေးမေးမြန်းမှုများ၊ ဆူပူမှုများကို နားထောင်နေရသေးသည်။ ကောင်မလေးပြောသလိုပင် ဇေမျိုး ငြိမ်၍နားထောင်နေလိုက်သည်။ ဒဏ်ရာတွေကို မေမေကမေးတော့ ဖိုးဇော်တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကန်ရင်း ဖြစ်တာဟုပင် ပြီးစလွယ်ဖြေလိုက်သည်။ ဒီတော့ ထပ်ပြီးအဆူခံရသည်ပေါ့။

"ဟင် အဲတာကြောင့်ပြောတာ မိဘကမွေးထားတုန်းက အကောင်း။ မတော်လို့ ကျိုးပဲ့သွားရင် ဘယ်လိုလုပ်မလဲ။ တစ်နေ့တစ်နေ့ ဘောလုံးကန်မယ်၊ လက်ဖက်ရည်ဆိုင်ထိုင်မယ်။ အရည်မရအဖတ်မရ အချိန်ဖြုန်းဖို့လောက်ပဲ စိတ်ကူးနေ။ ဒီအတိုင်းဆို စာမေးပွဲကတော့"

"မေမေရယ် သားအမြဲတမ်း အခန်းထဲမှာ အဆင့်ဂစ်က တစ်ဆယ်အတွင်းလောက် ရှိတာပဲမဟုတ်လား"

ဇေမျိုး လေပြေလေးဖြင့် ဆင်ခြေပေးမိသည်။

"ဟဲ့ ဒါ့ကြောင့်ပြောတာပေါ့။ လူများသားသမီးတွေ တစ်မှုတစ် အသည်းအသန်လုပ်နေချိန်မှာ နင်ကအလေလိုက်ဖို့ စိတ်ကူးပြီး တစ်ဆယ်လောက်နဲ့ ကျေနပ်နေတာကိုး။ စိတ်မာတတ်ကိုက နင့်ကိုငါ့သားလို့ပြောရမှာတောင် ရှက်တယ်။ ဖော်ဖော်တို့အမေဆိုရင် ဒါ့သားအတွက် အမြဲတမ်း စိတ်အေးရတယ်။ ငါ့မှာတော့ ဟင်း မပြောလိုက်ချင်ဘူး။ ပြီးခဲ့တဲ့အပတ်ကလည်း နင့်အဆင့်က ဖော်ဖော့်အောက်မှာပဲ မဟုတ်လား။ နင် ဒီအချိုး အတိုင်းဆိုရင်တော့ လူကြားထဲမှာ လူတွေလို နေဖို့မကောင်းတော့ဘူး"





"အမေကြီး မင်းဆုံးမပုံကလည်း . . ."

ဖေဖေက ဝင်ပြောလိုက်တော့မှ မေမေက ပိုပြီး ပေါက်ကွဲ သွားတော့သည်။

"ကျွန်မက ကောင်းစေချင်လို့ ဆုံးမနေတာ။ ရှင်က ဖျက်လိုဖျက်ဆီး မလုပ်ပါနဲ့။ ဒီကောင့်ကို ဒီလိုပဲလွှတ်ထားလို့ ရမတဲ့လား။ ကြပ်ကြပ်မတ်မတ်ကိုင်မှ ရမှာ"

"အေး မင်းဆုံးမတာ ကလေးရဲ့ပညာရေးအတွက်လား။ မင်းတို့မိဘတွေ သားသမီးချင်းပြိုင်ဖို့လား။ စဉ်းစားဖို့တော့ လိုနေပြီ"

ဖေဖေက ပြောပြောဆိုဆိုဖြင့် စာအုပ်တစ်အုပ်ကို ဆွဲယူ ပြီး ရှောင်ထွက်သွားသည်။

မေမေကတော့ ဆတ်ဆတ်ခါနာကာ သူ့ကိုသာ ဖိဆူနေတော့သည်။ ဇေမျိုးလည်း ထမင်းပင်မစားတော့ဘဲ သူ့အခန်းထဲသို့ ဝင်လာလိုက်သည်။

စာကြည့်စားပွဲတွင်ထိုင်ရင်း ကျောင်းစာအုပ်တစ်အုပ်ကို အစိပ်ပွါယ်မဲ့ လှျောက်လှန်နေရင်း ကောင်မလေးအကြောင်း ခေါင်းထဲ ဝင်လာပြန်သည်။ သေွးအေးအေးနှင့် ပြန်စဉ်းစား ကြည့်တော့. . .

ဘုရားဘုရား ဒီကောင်မလေး လူမှုဟုတ်ရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အကြောင်းတွေကို ဘာလို့ ဒီလောက်ကြီးသိနေရတာလဲ တော်ရုံ တန်ရုံသိတာမဟုတ်။ သူ ချက်စ်ရှိုးသည့်အကြောင်း အမ်ပီသရီးပလေယာထဲက သီချင်းတွေအကြောင်း. . . .

ဇေမျိုးစဉ်းစား၍မရ။

စဉ်းစားလို့ မရတော့လဲ ထုံးစံအတိုင်း မစဉ်းစား တော့ဘဲ ဝတ္ထုစာအုပ်တစ်အုပ်ကိုသာ-ဆွဲယူပြီးဖတ်နေလိုက် တော့သည်။ ပင်ပန်းထားသည့်အပြင် ဒဏ်ရာတွေလည်း ရထားသောကြောင့် စောစောစီးစီးပင် အိပ်ငိုက်လာသည်။

ဇေမျိုး အိပ်မပျော်တပျော် နိုးတဝက်အချိန်တွင် နား ထဲသို့ သီချင်းသံက တိုးဝင်လာသည်။ ‘နော့ခ်အွန်ဟဲဗင်းဒိုး’။ အသံက ဟိုးအဝေးဆီမှ ပျံ့လွင့်လာသော အသံမျိုးပင် ဖြစ်သည်။ သို့သော် စက်ထဲမှလာသော အသံမျိုးမဟုတ်။ တစ်စုံတစ်ယောက် သီဆိုနေသော အသံမျိုးပင်. . . ။

ဇေမျိုး မျက်လုံးပင်မဖွင့်နိုင်သည့်ကြားက . . .

“ဒါ ဒါ ဟိုကောင်မလေး အသံပဲ”

ထို့နောက်တော့ ဇေမျိုးလည်း တဖြည်းဖြည်းနှင့် အိပ်ပျော်သွားတော့သည်။

♠♠♠♠♠





“ဒါဆိုမင်းက လူလို့မထင်ရင်နတ်လို့ ထင်နေတာ လားကွ”

အာလူးများ၊ ကြက်သွန်များကို နေရာတကျ ထား နေရင်းက ဖိုးကျော်သူ့ကို လှမ်းမေးသည်။ မနေ့ညက ကောင်မလေးအကြောင်း ဖိုးကျော်ကိုပြောပြတော့ ဖိုးကျော် ကတော့ မထူးဆန်းသလိုပင်. . . ။

“နတ်သမီးက ဂျင်းဘောင်းဘီ ဝတ်လို့လား”

“ဝတ်ချင်ဝတ်မှာပေါ့ကွ။ ငါမှ မမြင်ဘူးတာ။ ဒါနဲ့ မင်းက လူလို့လည်းမထင် နတ်လို့လည်းမထင်ရင် ဘာလို့ ထင်ထားလဲ”



www.burmeseclassic.com

www.burmeseclassic.com

"ဟိုဟို သူ နာနာဘာဝတွေဘာတွေ. . ."

ဇေမျိုးစကားမဆုံးမီမှာပင် ဖိုးကျော်က ဟားတိုက် ရယ်မောသည်။ ဇေမျိုးကို သေသေချာချာစိုက်ကြည့်ရင်း

"အခုလောလောဆယ် အကောင်းဆုံးအကြံ ပေး မယ်။ သဘောတူလား"

ဇေမျိုးလည်း ခေါင်းငြိမ့်ပြလိုက်သည်။ ဖိုးကျော်က

"အကောင်းဆုံးအကြံကတော့ အခုလောလောဆယ် လက်ဖက်ရည်ဆိုင် သွားရအောင်"

ဇေမျိုး ဖိုးကျော်ကို ဆဲရေးလိုက်သော်လည်း သူ့ အကြံပေးသည်ကိုတော့ လက်ခံလိုက်သည်။ လက်ဖက်ရည် ဆိုင်သို့ရောက်တော့ ဖိုးကျော်က

"မင်းကလည်းကွာ ငါတို့ကျောင်းက မဟုတ်ရင် တစ်ခြားကျောင်းတွေက ဖြစ်မှာပေါ့ကွာ။ ကောင်မလေး တစ်ယောက်နဲ့ အသိဖြစ်လာတာများ အထူးဆန်းလုပ်လို့"

"တစ်ကယ် ထူးဆန်းတာကွ။ အဲဒီကောင်မလေးက ငါ့အကြောင်းတွေ အကုန်လုံးကို သိနေတာ"

"ငါတို့လည်း ငါတို့ကိုမသိတဲ့ တချို့ကောင်မလေး တွေ အကြောင်းကို သိကြတာပဲ။ မင်းကသူ့ကို မသိပေမယ့် သူက မင်းကို သိနေလို့ပေါ့။ ဥပမာ ဝေဝေတို့၊ နှင်းနှင်းတို့





သိတာတို့ တစ်ယောက်ယောက်ရဲ့သူငယ်ချင်း ဖြစ်နိုင်တာပဲ။ ခင်း အရင်က မသိလို့ နေမှာပေါ့"

ဖိုးကျော်ပြောတာ ယုတ္တိရှိသော်လည်း ဇေမျိုး သိပ်ပြီး လက်မခံချင်။

"ငါ ဘယ်သီချင်းတွေကြိုက်တယ်၊ ငါ့ အမ်ပီသရီး ထဲမှာ ဘာသီချင်းတွေထည့်ထားတယ် ဆိုတာကအစ သိနေ တာကရော"

"ဒါကလည်း သိဖို့မခက်ပါဘူး။ ငါတို့ တစ်ယောက်နဲ့ တစ်ယောက် သီချင်းတွေကူးပေးနေကျပဲ။ ဆရာကြီးသမီး အငယ်မလေးဆို ငါ့ကိုလုံးဝမသိဘူး။ ဒါပေမယ့် သူ ဘယ် မင်းသားကိုကြိုက်တယ်။ ဘယ်အဆိုတော်ကို ကြိုက်တယ် ကအစ မုန့်ဟင်းခါးစားရင် နံနံပင်မထည့်တတ်တာအဆုံး ငါသိနေတာပဲ။ မင်းပြောတဲ့ကောင်မလေးကလည်း အင်ဖော် မေးရှင်း ခေတ်ကြီးထဲကပဲလေ။ ဒီလောက်တော့ သိချင်သိမှာ ပေါ့ကွ"

ဖိုးကျော်ပြောတာ ဟုတ်သလိုလို။ ဒီခေတ်ကြီးထဲမှာ သတင်းတစ်ခုသိဖို့ဆိုတာ သိပ်ခက်ခဲတာမှ မဟုတ်တာ၊ ဟိုးကမ္ဘာ့ အနောက်ခြမ်းက အေဗရာမိုဗစ်ချ်ဇနီးရဲ့ အတင်းတို့ ကမ္ဘာ့အရှေ့ခြမ်းက ကျွန်တော်တို့ရပ်ကွက်ထဲမှာ လူတိုင်းပြော



www.burmeseclassic.com

www.burmeseclassic.com



နေကြတာပဲ မဟုတ်လား။ ဒါပေမဲ့ သူတို့ကနာမည်ကြီးတွေလေ။ ဇေမျိုးက နာမည်ကြီးပုဂ္ဂိုလ်ကြီးမှ မဟုတ်တာ။ ဇေမျိုးလည်း ဖိုးကျော်ကို ကြည့်ရင်း

"ငါ ဟိုနေ့က မင်းကိုချက်စ်ရှုံးတဲ့အကြောင်း သိနေတာ ကို မင်းဘယ်လိုထင်လဲ"

ဒီတစ်ခါတော့ ဖိုးကျော်လည်း တွေဝေသွားသည်။

"အင်း ဒါကို သိနေတာတော့ အံ့သြစရာပဲ၊ ဒါပေမဲ့ တစ်ယောက်ယောက်က ပြန်ပြောပြလို့ သိတာနေမှာပေါ့။ ကောင်မလေးတွေ ဘယ်လောက်စပ်စုသန်တယ်ဆိုတာ မင်းသိတာပဲ"

ဇေမျိုးလည်း ငိုင်၍စဉ်းစားနေမိသည်။ ဖိုးကျော်ကတော့ အေးအေးဆေးဆေးပင်

"မင်းကလဲကွာ ကောင်မလေးတစ်ယောက်နဲ့ အသိဖြစ်တာပဲ။ ဘာမှခေါင်းရှုပ်ခံမနေနဲ့။ တစ်ကယ်လို့ ခင်ဖို့ကောင်းတယ်ဆိုရင်လည်း ခင်လိုက်ပေါ့။ တစ်ကယ်လို့ အရှုပ်ထုပ်ကလေး ဆိုရင်လည်း မပေါင်းနဲ့ပေါ့ကွ။ မင်းသဘောပဲ။ ဒါနဲ့ သူဘယ်မှာ နေတာလဲ မင်းမေး မထားဘူးလား"

ဇေမျိုး ခေါင်းခါပြလိုက်သည်။

"ဒါဆို နာမည်ရော. . ."





"ငါလည်း မနေ့က အရမ်းအံ့သြနေတာနဲ့ပဲ ဘာမှ မမေးဖြစ်ခဲ့ဘူး"

"နောက်တစ်ခါတွေ့ရင် မေးထားကြည့်လိုက်ပေါ့ကွာ။ သဲလွန်စတစ်ခုခုရရင် သိဖို့မခက်ပါဘူး။ သူငယ်ချင်းအသစ် ရတာပေါ့"

ထို့နောက် သူတို့နှစ်ယောက် ကောင်မလေး အကြောင်း စကားစပြတ်သွားပြီး ဟိုအကြောင်းဒီအကြောင်း ရောက်တတ်ရာရာ လျှောက်ပြောနေကြမိသည်။

"နေခင်းကျ မြို့ထဲသွားမလို့ လိုက်ခဲ့ပါလား။ ဂိမ်းခွေလေးဘာလေး သွားဝယ်ကြတာပေါ့။ သီချင်းခွေတွေလည်း ဘာအသစ်ထွက်လည်း ကြည့်ကြတာပေါ့"

"မလိုက်တော့ပါဘူးကွာ။ ငါ ဆိုင်စောင့်ပေးရဦးမှာ ကွ။ ထူးထူးဆန်းဆန်း ခွေအသစ်လေးတွေ တွေ့ရင်ဝယ်ခဲ့ ကွာ။ ဝေဝေ့ကို ခေါ်သွားပါလား"

"ဒီကောင်မလေးနဲ့ မသွားချင်ပါဘူး။ နားငြီးတယ်ကွ သူနဲ့သွားရင် ငါပဲနည်းမျိုးစုံနဲ့ အခိုင်းခံနေရမှာ"

"ကောင်မလေးတွေက ဒီလိုပါပဲကွာ။ ဘယ်သူ့တို ဖြစ်ဖြစ် ခိုင်းဖို့လောက်ပဲ ကြည့်နေကြတာ။ နောက်တစ်ရက် နှစ်ရက်လောက်မှ မင်းနဲ့ငါထပ်ပြီးသွားကြတာပေါ့။ ပြော



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ဟို ကောင်မလေးကို ခေါ်သွားပါလား"

ဖိုးကျော်၏ဟာသကို သူရယ်မောပေးလိုက်သည်။ ပြီးတော့ သူ ညအိပ်ကာနီး သီချင်းသံကြားရသည့် ကိစ္စကို ပြောပြလိုက်တော့

"ကောင်လေးတွေ ကောင်မလေးအိမ်ရှေ့မှာ ဂစ်တာလာတီးတာကြားဖူးပါတယ်။ မင်းတို့အိမ်ရှေ့မှာ သီချင်းလာဆိုတာလား"

"ဘယ်ကောင်မလေးက ညဥ့်နက်သန်းခေါင်ကြီးမှာ သီချင်းလာဆိုမှာလဲ တော်းရဲ့။ ငါနားထဲမှာ ကြားမိတာကို ပြောတာကွ။ ဟိုး အဝေးကြီးက ဆိုနေတဲ့အသံမျိုးပဲ"

"မင်း စိတ်စွဲပြီး အိပ်ချင်မူးတူးနဲ့ အိမ်မက်နေတာဖြစ်မှာပါကွာ။ သေချာတာလည်း မဟုတ်ဘဲနဲ့"

"အင်း ဟုတ်မှာပေါ့ကွာ။ ငါသွားတော့မယ်။ တနင်္ဂနွေနေ့ မြို့ထဲသွားဖို့ ငါလာခေါ်မယ်"

ဖိုးကျော်ထံမှ ပြန်လာပြီးနောက် ကျောင်းပိတ်ရက်အရသာကို ပျင်းရိစွာတစ်ယောက်ထဲ ခံစားနေမိသည်။ သည်းမခံ နိုင်တော့သည့်အဆုံး နေ့ခင်းဘက်ရောက်အောင် စောင့်မနေတော့ဘဲ မြို့ထဲသို့ တစ်ယောက်ထဲထွက်လာခဲ့တော့သည်။





ကျောင်းဖွင့်ရက်တွေက ကျောင်းစာတွေနှင့် နပန်းလုံးနေရသဖြင့် ကျောင်းပိတ်ချင်ခဲ့သည်။ ကျောင်းပိတ်ရက်ကို ရောက်လာတော့လည်း ဘာလုပ်ရမှန်းမသိ။ ပျင်းရိအထီးကျန်ခြင်းတို့ကသာ တစ်ကိုယ်လုံးမှာ ဖုံးလွှမ်းထားပါတော့သည်။

မြို့ထဲရောက်တုန်း ရုပ်ရှင်ကြည့်ရကောင်းမလားဟု စဉ်းစားမိတော့လည်း မကြည့်ချင်။ စီဒီဆိုင်မှာ ဟိုကြည့်ဒီကြည့်လုပ်ပြီး စီဒီနှစ်ချပ်သုံးချပ် ဝယ်လိုက်သည်။ ရှေ့ပင်းမောတွေဘာတွေ သွားရင်ကောင်းမလား စဉ်းစားကြည့်သေးသည်။ အိပ်ထဲမှာ ပိုက်ဆံလည်းသိပ်မပါဘဲနဲ့ မသွားချင်တော့။ နောက်ပြီးတော့ တစ်ယောက်ထဲလျှောက် သွားရမှာလည်း အူကြောင်ကြောင်နဲ့။ ကော်ဖီဆိုင်တစ်ဆိုင်ထဲဝင်ထိုင်နေလိုက်တာပဲ ကောင်းပါတယ် ဟု တွေးလိုက်မိပြီး တွေ့ရာကော်ဖီဘားတစ်ခုထဲသို့ ဝင်ထိုင်နေလိုက်သည်။

ကော်ဖီတစ်ခွက်မှာလိုက်ပြီး ကော်ဖီဆိုင်မှပြနေသော အမ်တီဗီကို ထိုင်ကြည့်နေလိုက်သည်။ သီချင်းက သိပ်မဆိုးလှ။ တစ်ယောက်ထဲဆိုတော့ သီချင်းပဲနားထောင်နေရတော့မည်ပေါ့။

ဒီဆိုင်ကလေးကို ဇေမျိုး သဘောကျသွားမိသည် တစ်ခြားဆိုင်တွေလို စကားပြောသံတွေနှင့် ဆူညံမနေ



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ကလည်း ခပ်ကျဲကျဲပင်။ သီချင်းဖွင့်ထားသည်ကလည်း ခပ်တိုးတိုးကလေးပင်။ ထိုင်ရတာ အေးအေးဆေးဆေး ရှိသည်။

ဖိုးကျော်သာ ပါလာရင် စကားပြောဖော်ရမည် ဖြစ်သည်။ ဝေဝေနှင့်ဆိုလျှင်တော့ ငြင်း၍ခုံ၍ ဆုံးမည် မဟုတ်တော့ပေ။

ရန်ဖြစ်ရကာမှဖြစ်ရ လောလောဆယ် မှာတော့ စကားပြောဖော် တစ်ဦးဦးရှိလျှင်ကောင်းမည်။

"ဟိတ် ဘာတွေစဉ်းစားနေတာလဲ။ တစ်ယောက်ထဲ ပျင်းနေတယ် မဟုတ်လား"

ဇေမျိုး မော့ကြည့်လိုက်တော့ ညကကောင်မလေး။ ဇေမျိုးလည်း အံ့အားသင့်စွာ ပြုံးပြလိုက်ရင်း

"ထိုင်လေ ဘာသောက်မလဲ"

"ဘရူးကော်ဖီပဲပေါ့ နင်တိုက်မှာလား"

ဇေမျိုးပြုံးပြလိုက်ပြီး ကောင်တာမှာ ကော်ဖီသွားဝယ်ပေးလိုက်သည်။ ကော်ဖီဆိုင်မှ မမတွေက ဇေမျိုးကို လှောင်သလိုလို ပြုံးကြည့်နေသဖြင့် စိတ်တိုသွားသည်။ ဇေမျိုးလည်း ကော်ဖီခွက်ကိုဆွဲယူကာ ပြန်ထွက်လာခဲ့သည်ပေါ့။ ဘာလဲဟာ ကောင်မလေးတစ်ယောက်နဲ့ ကော်ဖီထိုင်သောက်





တာ လှောင်စရာလားဟု မကျေမနပ်တွေးမိသည်။

"သိပ်ပြီးလည်း စိတ်တိုမနေပါနဲ့ဟာ။ မိန်းကလေးတွေက ကိုယ့်ထက်ငယ်တဲ့ ကောင်လေးတွေဆို လှောင်ချင်ပြောင်ချင်ကြတာပဲ"

ကောင်မလေးက ပြောလိုက်တော့ ဇေမျိုး ရယ်ချင်သွားပြီး

"နင်ကရော ကောင်မလေးမဟုတ်ဘူးလား"

"ဟဲဟဲ ငါက တစ်ခြားကောင်မလေးတွေနဲ့ မတူဘူးလေ။ နင်ငါ့ကို တစ်ခြားကောင်မလေးတွေလိုထင်ရင် မှားသွားမှာပေါ့"

"နင် ဒီဆိုင်မှာထိုင်နေကျလား"

ကောင်မလေးက ခေါင်းခါပြသည်။ ပြီးတော့ ဇေမျိုးကို ပြုံးစစနှင့်ကြည့်ပြီး

"နင် ပျင်းနေမှန်းသိလို့ လာခဲ့တာ။ ဖိုးကျော်မအားတော့ နင်တစ်ယောက်ထဲမြို့ထဲမှာ ယောင်ချာချာဖြစ်နေမှာစိုးလို့"

ဟား ဇာတ်လမ်းကတော့ စလာပြီ။ ဒီကောင်မလေးက တစ်ကယ့်ကို အထူးအဆန်းပဲ။

"နင် အကြားအမြင်ရနေတာလား။ ငါမှမပြောဘဲ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေပဲ အမြဲတမ်းလိုက်စုံစမ်းနေတာလား”

ကောင်မလေးက ဦးခေါင်းကို ဖြည်းညှင်းစွာ ခါပြသည်။ ဇေမျိုးကို သေချာစိုက်ကြည့်နေပြီးတော့မှ

“မဟုတ်ပါဘူးဟာ. . .။ ငါကနင့်ကိုခင်ချင်လို့ပါ။ ဘာလဲ နင်ကငါနဲ့ အပေါင်းသင်းမလုပ်ချင်ဘူးလား”

“ဟာ. . . ဘာဆိုင်လို့လဲ ငါက အဲဒါမျိုးပြောတာမဟုတ်ဘူးလေ။ ငါကိစ္စတွေ နင်အကုန်လုံးသိနေတာ အံ့သြလို့ပါ”

“မထူးဆန်းပါဘူးဟာ။ ငါတို့မှာ နင်တို့အကြောင်းတွေကို သိချင်ရင် အလွယ်လေးသိနိုင်ပါတယ်”

“ငါတို့ ဆိုတာက. . .”

“နောက်တော့ နင်သိမှာပေါ့ဟာ။ အခုလောလောဆယ် ငါနင့်ကိုကူညီဖို့ လာခဲ့တာပါ။ နင်ငါ့ကို မယုံဘူးလား”

“အင်း ယုံပါတယ်”

“အိုကေ။ နင်ယုံရင် ငါပြောပြမယ်။ နင် အိမ်ပြန်ရောက်ရင် ပြဿနာတက်လိမ့်မယ်။ ကျောင်းပြတင်းပေါက်ကခုန်ချလို့ ဒဏ်ရာရတာကို ဘောလုံးကန်ရင်းဖြစ်တာလို့ နင့်အမေကို ညာပြောခဲ့တယ် မဟုတ်လား။ နင်မနေ့က ဘောလုံးမကန်ဘူးဆိုတာကို နင့်အမေ သိသွားပြီ”





“ဟာ. . . ဒါဆို ဇော်ဇော့်လက်ချက်ပဲ ဖြစ်ရမယ်။ ဒီကောင်က အလကားနေရင်း အတို့အထောင်လုပ်ဖို့ပဲ ချောင်းနေတဲ့ကောင်”

ကောင်မလေးက ပြုံးပြရင်း ခေါင်းငြိမ့်သည်။ ဇေမျိုး ခေါင်းကုတ်ရင်း

“ဒုက္ခပါပဲဟာ။ ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“နင်ကလိမ်ပြောတာကိုးဟဲ့။ ငါက နင့်ရဲ့ပြဿနာကို ဘယ်လိုလုပ်ပြီး ရှင်းတတ်မှာလဲ”

“ငါ အဆူခံရမှာဟ။ နောက်ပြီး မေမေမေးလာရင် ဘယ်လိုပြန်ဖြေရမှန်း မသိဘူး”

“လိမ်ပြောတုန်းက ပြောပြီးတော့၊ ငါကလိမ်ပြောတာမကြိုက်ဘူးဟဲ့”

“ငါလဲ မတတ်သာလို့ လိမ်ပြောရတာပါဟာ။ လိမ်ပြောချင်လို့ လိမ်တာမှမဟုတ်တာ”

“အခုမှတော့ ဆက်ပြီးသာသိမ်လိုက်ပေတော့ဟာ။ နင် ဒီကအပြန် ဖိုးကျော်နဲ့သွားညှိပြီး အကြံအဖန်လုပ်လိုက်”

ကောင်မလေးပြောမှ ဇေမျိုး အကြံဉာဏ်ရသွားသည်။ တစ်ကယ့်ကို အကြံကောင်းပါပဲ။ ဒါဆို ဟိုကောင် ဇော်ဇော်ပင် လူလိမ်ဖြစ်သွားနိုင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဟာ နင့်အကြံကောင်းတယ်။ နင်ပါ ငါ့အိမ်ကို လိုက်ပြီး ကူပြောပေးပါလား"

"လုံးဝပဲ နင့်ကိုအကြံပေးတာတောင် လွန်လှနေပြီ။ ငါ သွားတော့မယ်"

ကောင်မလေးက ထပြန်မည်ပြင်တော့ ဇေမျိုးလည်း ကမန်းကတန်းတားလိုက်ပြီး

"ဟာ နင်ကလည်း နေပါဦးဟ"

"ခုနက နင်စကားပြောဖော်မရှိလို့ ပျင်းနေတယ် မဟုတ်လား။ အခုနင်အပျင်းပြေသွားပြီလေ။ ဖိုးကျော်ဆီကို သွားလိုက်ဦး။ နောက်မှတွေ့ကြတာပေါ့"

ဇေမျိုးလည်း မတားတော့ဘဲ သူသိချင်တာကိုသာ မေးလိုက်သည်။

"အေးပါ နင်ပြန်ချင်လည်း ပြန်ပေါ့။ ဒါနဲ့ နင်က ဘယ်မှာ နေတာလဲ"

"ငါ နေတဲ့ နေရာတွေက အများကြီးဟ"

"ဒါဆို သူဌေးပေါ့"

"မဟုတ်ပါဘူးဟာ။ ငါနေလို့မရတဲ့ နေရာတွေလည်း အများကြီးပဲ။ ကမ္ဘာပေါ်မှာနေတယ်လို့ပဲ မှတ်ထားလိုက်ပေါ့ဟာ"





ကြီးကြီးကျယ်ကျယ် ကောင်မလေးပဲ။ မပြောချင်တိုင်း လျှောက်ပြောနေတယ်ဟု ဇေမျိုးထင်လိုက်သည်။

"ဒါဆိုလည်း နာမည်လေးတော့ ပြောခဲ့ဦးလေ"

"ငါ့နာမည်လား ဇင်မာတဲ့"

ပြောပြောဆိုဆို ကောင်မလေးက ဆိုင်အပြင်ထွက်သွားတော့ ဇေမျိုးလည်း အပြေအလွှား ထလိုက်သည်။ ကောင်တာမှ ရယ်သံအချို့ကိုကြားရသော်လည်း ဂရုမစိုက်နိုင်တော့။

ဇေမျိုး ဆိုင်အပြင်ရောက်တော့ ကောင်မလေးကို မတွေ့တော့ချေ။

မဟုတ်သေးပါဘူး။ လမ်းမပေါ်မှာ လူတွေများတယ်ဆိုပေမယ့် သူချက်ခြင်းထလိုက်လာတာပဲ။ ဘယ်နည်းနဲ့မှ အဲဒီလောက်မြန်မြန်ကြီး ပျောက်မသွားနိုင်ပါဘူး။ ဖိုးကျော်နဲ့ ပြန်ပြီး တိုင်ပင်တာပဲ ကောင်းပါတယ်။ မေမေ့ကို လိမ်ဖို့အကြောင်းရော၊ ဟိုကောင်မလေး အကြောင်းရောပေါ့။

ဒီကောင်ဖိုးကျော်ကတော့ သူ့ထုံးစံအတိုင်း ယုတ္တိဗေဒပေတံများဖြင့် တိုင်းထွာနေဦးမည်။ ပြီးလျှင် စုံထောက်ဝတ္ထုတွေထဲကလို ကြံဖန်စဉ်းစားဦးမည်။

ဇေမျိုးကတော့ တစ်စုံတစ်ရာကိုတွေးမိပြီး ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ထ၊ ကြောချမ်းသွားသည်။ ထို့နောက် ဟန်ပါပါ ပုခုံးတွန့်ပြီး ပြုံးလိုက်မိသည်။ ဘာဖြစ်ဖြစ် ဘာအရေးလဲလို့ . . .

♠♠♠♠♠





"ဟိုကောင်ဇေမျိုး နင်ငါ့ကို ဘာလို့လိမ်ပြောတာလဲ"

"သားဘာလိမ်လို့လဲ မေမေ၊ မနက်ကတည်းက မြို့ထဲ သွားမယ်လို့ ပြောသွားတာပဲ"

"နင့်ကိုငါ မြို့ထဲသွားတဲ့အကြောင်း ပြောနေတာ မဟုတ်ဘူး။ မနေ့က ဘောလုံးမကန်ဘဲနဲ့ ဘာလို့ဘောလုံး ကန်တယ်လို့ ပြောတာလဲ။ ဒဏ်ရာတွေက ဘာဖြစ်လာတာ လဲ။ မှန်မှန်ပြောစမ်း"

"သားတကယ် ဘောလုံးကန်တာပါ မေမေရာ။ ဘောလုံး ကန်လို့ ဒဏ်ရာတွေရလာတာပေါ့။ ဖိုးကျော်တို့နဲ့ ကန်တာပါ။ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင် မလိမ်နဲ့နော်. . .။ ဖိုးကျော်တို့ ဘောလုံးကန်တော့ နင်မပါဘူးတဲ့။ ငါသိတယ်"

သေချာပါတယ်။ ဒါ ဇော်ဇော့်လက်ချက်ပဲနေမှာ။ စိတ်ထဲမှ ဇော်ဇော့်ကို ကျိန်ဆဲမိသော်လည်း မသိယောင်ဆောင်၍

"မေမေ့ကို ဖိုးကျော်ပြောတာလား။ သားတကယ်သူတို့နဲ့ ဘောလုံးကန်နေတာပါ"

"ဘယ်သူပြောတာလဲ မေးမနေနဲ့။ နင်ငါ့ကို မှန်မှန်ဖြေ။ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ"

"သားမှ လိမ်မပြောတာ"

"ဇေမျိုးရေ ဇေမျိုးရှိလား"

ထိုစဉ် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ဖိုးကျော်ရောက်လာ၍ မေမေဆူတာပူတာတွေ ခဏရပ်သွားသည်။ ဇေမျိုးလည်း ဒီတော့မှ အသက်ရှူချောင်သွားသည်။

"ရှိတယ်ကွယ့် အန်တီတောင် သားတို့ဘက်လာဦးမလို့၊ ဒီကောင့်အကြောင်း မေးစရာရှိလို့"

"မနေ့က ဇေမျိုးဘောလုံးကန်ရင်း နှာခေါင်းရိုက်ခံခဲ့လို့ လာပေးတာအန်တီ။ ဇေမျိုး မင်းခိုက်မိတာ သက်သာရဲ့လား"

ဖိုးကျော်က ခပ်တည်တည်ဖြင့် ပြောလိုက်တော့





မေမေ ဇဝေဇဝါဖြစ်သွားသည်။

"မင်း ညကနာခေါင်းပိတ်ထားတယ် မဟုတ်ဘူးလား"

"သား မနေ့ကဘောလုံးမကန်ခင် နှာခေါင်းချွတ်ပြီး ဖိုးကျော် လွယ်အိတ်ထဲထည့်ထားတာ။ ပြန်လာတော့ မေ့သွားတယ်"

တစ်ကယ်က ဇေမျိုးတစ်ညလုံးနှာခေါင်းပိတ်ထားသားပဲ။ မြို့ထဲကအပြန်မှ ဖိုးကျော်ကို ဝင်ပေးခဲ့တာ။ ဒီတစ်ခါတော့ မေမေ့ကို ခပ်တည်တည်ဖြင့် အကြောင်းရိုက်နိုင်လိုက်ပြီ။ ဖိုးကျော်ကိုယ်တိုင် ဘာမှမသိသည့်ပုံစံဖြင့် နှာခေါင်းလာပေးတော့ မေမေလည်း ယုံသွားသည်။ ဒါတောင် မေမေက မလျှော့သေးချေ. . .

"အေးကွယ် မနေ့ကဒီကောင် သားတို့နဲ့ ဘောလုံးမကန်ဘူးလို့ အန်တီကြားလို့။ ပြန်လာတော့လည်း ဒဏ်ရာတွေနဲ့ဆိုတော့ ရန်တွေဘာတွေဖြစ်လာလားလို့၊ သားကို မေးကြည့်မလို့"

"ဇေမျိုးက ရန်မဖြစ်တတ်ပါဘူး အန်တီရဲ့။ မနေ့ကလည်း သားတို့နဲ့ ဘောလုံးလာကန်ပါတယ်။ မတော်တဆ ထိမိခိုက်မိတာပါအန်တီ"

မေမေ၏ သက်ပြင်းချသံ ကြားလိုက်ရသည့် ဇေမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း

"မေမေကို ဟိုကောင်ဇော်ဇော် လာပြောတာမဟုတ်လား။ အလကား ဒီကောင်ချောက်တွန်းတာပါ"

"ဟဲ့သား သူများက စေတနာနဲ့လာပြောတာ ဒီလိုမပြောရဘူးလေ"

ကြိုတင်တိုင်ပင်ထားသည့် အထဲမှာ မပါသော်လည်း ဖိုးကျော်က သူ့ဖြတ်ထိုးဉာဏ်ဖြင့်

"ဩော် မနေ့က ဇော်ဇော်တို့လာတော့ ဇေမျိုး မရောက်သေးဘူးအန်တီ။ ဟော့ကောင်ဇေမျိုး မင်းကမနေ့က နောက်ကျနေတာကိုးကွ။ မင်းမလာခင်ပဲ ဇော်ဇော်လာသွားသေးတယ်"

ဖိုးကျော်က ယုတ္တိရှိရှိပြောလိုက်တော့မှ မေမေလည်း ပြုံးနိုင်တော့သလို ဇေမျိုးလည်း အသက်ဝဝရှူနိုင်တော့သည်။

"ဟော့ဖိုးကျော် ချက်စ်တစ်ပွဲလောက် ထိုးလိုက်ရအောင်"

မေမေ မမြင်အောင် မျက်စေ့မှိတ်ပြပြီး ပြောလိုက်တော့ ဖိုးကျော်က ပုခုံးတွန့်ပြသည်။ မေမေကတော့

"အေးအေး အခန်းထဲမှာ သွားဆော့ကြ။ ကျောင်းပိတ်ရက် အိမ်ထဲမှာပဲနေကြပေါ့ကွယ်"





အခန်းထဲရောက်မှ ဇေမျိုးအူမြူးစွာ ရယ်မောလိုက်သည်။

"သိပ်လည်းရယ်မနေနဲ့။ လူကြီးကိုလိမ်ရတာ ကောင်းတာ မဟုတ်ဘူး"

"အေးပါကွာ။ ဟိုကောင်က ငါ့ကိုအတို့အထောင်လုပ်လွန်းလို့ပါ။ တော်သေးတာပေါ့ ဟိုကောင်မလေး သတိလည်းပေး၊ အကြံလည်းပေးလို့"

"အေးကွ မင်းပြောသလိုဆိုရင် တော်တော်လေး ထူးဆန်းနေတယ်။ သူ့နာမည်က ဇင်မာနော်"

"အင်း ငါ့အထင်တော့ သူ လူမဟုတ်ရဲ့လား မသိဘူး"

"ဟော့ကောင် ဝတ္ထုတွေဖတ်၊ ရုပ်ရှင်တွေကြည့်ပြီး စိတ်ကူးယဉ်မနေနဲ့။ ပုံပြင်တွေဆိုရင် ဝေဝေတို့ကိုသွားပြော"

"တစ်ကယ်ပြောတာကွ။ ထူးဆန်းတာတော့ အမှန်ပဲ။ နတ်သမီးပဲ မတာလား၊ သရဲပဲ ခြောက်တာလားတော့ မသိဘူး။ ပုံမှန်မဟုတ်တာတော့ သေချာတယ်"

"ဟော့ကောင်ဇေမျိုး မင်းနဲ့ မနေ့ညကတွေ့တယ်။ ဒီနေ့မနက်ထပ်တွေ့တယ်။ သူက မင်းအကြောင်းသိနေတာနဲ့ အရမ်း အံ့သြမနေပါနဲ့။ ဒါကသိပ်တော့ မထူးဆန်းပါဘူး။ မင်းကို စိတ်ဝင်စားနေတဲ့ ကောင်မလေးတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့"

"မဟုတ်ဘူးကွ။ တစ်ခုခု ထူးခြားနေတယ်။ အဲဒါကို ငါသိတယ်။ ဘယ်လိုသိတာလည်းတော့ ငါလည်းမပြောတတ်ဘူး"

ဖိုးကျော်က သူ့ကို ပြုံးစေ့စေ့ဖြင့် ကြည့်နေတော့ ဇေမျိုးလည်း ဘာမှမပြောတော့ဘဲ ပုခုံးတွန့်ပြလိုက်သည်။ ဖိုးကျော်က မရယ်ချင်ရယ်ချင်ဖြင့် ရယ်လိုက်ပြီး

"သေချာပါတယ်။ မင်း သူ့ကိုစိတ်ဝင်စားနေလို့ ပေါ့ကွာ"

ဇေမျိုး ခေါင်းကိုသာ ခါယမ်းနေမိတော့သည်။ ဘာ အဓိပ္ပါယ်ဖြင့် ခေါင်းခါနေမိမှန်းကိုတော့ ကိုယ်တိုင်လည်းမသိ။

"ကဲပါကွာ ထားလိုက်ပါတော့။ ချက်စ်တစ်ပွဲလောက် ထိုးလိုက်ကြရအောင်"

ဇေမျိုးလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စစ်တုရင်ခုံကို ယူလိုက်တော့သည်။ သူတို့နှစ်ယောက်မှာ လက်ရည်တူသည့်အပြင် တစ်ယောက်ကစားကွက်ကို တစ်ယောက် သိနေသူများဖြစ်သောကြောင့် သူမသာ ကိုယ်မသာ ပွင့် ဖြစ်နေသည်။

အန်းဂိမ်းခေါ် အဆုံးသတ်ပိုင်းကို ရောက်လာသည်





အထိ အရှုံးအနိုင်မှာ အဖြေမပေါ်သေး။ အကျိုတ်အနယ်ပင်ရှိ သေးသည်။ ဖိုးကျော်မှာ သူ့ထက်နယ်တစ်လုံးပိုနေသဖြင့် ခွေး တော့ပြန်မိသည်။ ဇေမျိုးက သူ့နယ်ရုပ်များကို ရှေ့သို့တက် ရန်သာ အသည်းအသန် ကြိုးစားနေမိသည်။ သူ့အလှည့်မှာ ရှေ့တစ်ကွက်တက်ရန်ပြင်တော့၊

ဇေမျိုး နယ်ရုပ်ကိုကောက်ကိုင်မည် ပြင်လိုက်သော လက်တစ်ဖက်မှာ တုန့်ခနဲရပ်တန့်သွားသည်။ အေးစက်နေ သော အထိအတွေ့ကြောင့် ဇေမျိုး ခေါင်းနားပန်းကြီးသွား သည်။ တစ်ကိုယ်လုံးကြက်သီးများထလာပြီး မွေးညှင်းများ ထောင်ထလာပြီး လှုပ်ရှား၍မရတော့ . . .။

သူ့အဖြစ်ကိုမရိပ်မိသော ဖိုးကျော်ကတော့

"တွေဝေနေတာလား။ စဉ်းစဉ်းစားစားတော့လုပ် နော်။ ကိုင်ကောင်ရွှေ့ပဲ"

ဖိုးကျော်ကတော့ ထုံးစံအတိုင်း သူ့ကိုရိနေသေး သည်။ သူမှာသာ

ဇေမျိုး ကြောက်လန့်နေသလို ဘာဖြစ်မှန်းမသိ၍ လည်း အံ့သြနေမိသည်။

". . . . . . . ဘိရှော့ချင်းလဲလိုက်ပြီး နောက်တစ် ကွက်မှာ စင်တာပွန်းချင်း ချိတ်လို့ရတယ်။ နိုက်နဲ့ချိတ်ပြီး . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့နားထဲမှ ဟိုးအဝေးကလိုလို . . နားနားကပ်ပြီး ပြောလိုက်သလိုလို အသံတစ်ခုကို ကြားလိုက်ရသည်။

"အား. . . ."

ဇေမျိုး အလန့်တကြား အော်ဟစ်မိလိုက်ချိန်တွင် သူ့လက်ကလည်း နိုက်နှင့်ဘိရှော့လဲလှယ်ရမည့်အကွက်ကို ရွှေ့ပြီးသား ဖြစ်နေသည်။

"ဖိုးကျော်. . . ငါ. . . ငါ. . ."

စစ်တုရင်၌သာ စိတ်ဝင်စားနေသည့် ဖိုးကျော်က

"ဒီတစ်ကွက်ရွှေ့ဖို့အရေး အော်ကြီးဟစ်ကျယ်နဲ့ကွာ။ ပြန်မပြင်နဲ့နော်။ ကိုင်ကောင်ရွှေ့ပဲ"

"မဟုတ်ဘူး. . . ငါ. . . ငါ"

"လုပ်မနေနဲ့ ဟေ့ကောင်။ မင်းအလှည့် ပြီးပြီ"

ပြောပြောဆိုဆို ဖိုးကျော်က သူ့ဘိရှော့ကို စားလိုက်သည်။ ထိုအခါ သူ့ဆန္ဒမပါဘဲ ဖိုးကျော်ဘိရှော့ကို ပြန်စားပြီးသား ဖြစ်သွားသည်။ သည်းမခံနိုင်တော့သည့်အဆုံး ထရပ်လိုက်ရန် ပြင်လိုက်သောအခါ

". . . . မစိုးရိမ်ပါနဲ့ . . . . ."

တိုးလျှလျှအသံကို ကြားလိုက်ရပြီး သူ့ပုခုံးနှစ်ဘက်ကို ငြင်သာစွာဖိချလိုက်ခြင်း ခံလိုက်ရသည်။ ဒီတစ်ခါတော့





အေးစက်မနေဘဲ နွေးထွေးနေပြန်သည်။ သူ နောက်ကိုလှည့်ကြည့်လိုက်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ရ။ အခန်းထဲမှာလည်း သူနဲ့ဖိုးကျော် နှစ်ယောက်ထဲပဲ ရှိတာလေ. . .။

ဖိုးကျော်ကတော့ သူ့နယ်ရုပ်ကို အလောတကြီးဖြင့် ရွှေ့တစ်ကွက် တက်လိုက်သည်။ ဇေမျိုးလက်တို့လည်း နိုက်ရုပ်ကို ရွှေ့ပြီးသားဖြစ်သွားသည်။ ဖိုးကျော်က သေချာစဉ်းစားပြီး ဇေမျိုးကိုမော့ကြည့် လိုက်သောအခါ ဇေမျိုးကလည်း ဖိုးကျော်ကို ကြောင်တောင်ကြီး ကြည့်နေလေသည်။

"ကောင်းတယ်ကွာ။ ငါမစဉ်းစားလိုက်မိဘူး"

ခါတိုင်းလို ဖိုးကျော်က ချီးကျူးစကားပြောသော်လည်း ဇေမျိုးမှာ သတိလစ်နေသလို ကြက်သေသေနေဆဲ။

"ကဲ ကြိုးစားကြည့်လိုက်ဦးမယ်"

ဖိုးကျော်က တစ်ကွက်ရွှေ့သည်။ ဒီတစ်ခါတော့ ဇေမျိုးမှာ ဘာအချုပ်အနှောင်မှမရှိတော့ပါ။ ဒီတစ်ခါလည်း သူ့လက်ကို ဆွဲယူ၍ ရွှေ့ပေးခြင်းခံရမည်လားဟု ခဏစောင့်ကြည့်သော်လည်း ဘာမှမထူးခြားတော့။ ဇေမျိုးလည်း သူ့ဟာသူသာ နယ်တစ်ကွက်ကို ရွှေ့လိုက်သည်။

"အင်း. . . အရှုံးပေးပြီ. . .။ မင်း လက်တော်တော် တက်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ငါ. . . ငါ. . ."

"ကောင်းပါတယ်ကွ။ ငါလည်းဒီနေ့တော့ အသည်း အသန် ကစားလိုက်ရတယ်။ ညနေတောင် တော်တော်စောင်း သွားပြီ။ ဆိုင်ပြန်သိမ်းလိုက်ဦးမယ်"

ဖိုးကျော်က ပြန်ရန်ပြင်လိုက်သဖြင့် ဇေမျိုးလည်း ကမန်းကတန်းပင်

"ဟော့ကောင် ခဏနေပါဦးကွ။ ငါ့ကို. . . ငါ. . ."

ဇေမျိုး ထစ်အထစ်အနှင့် ဘယ်ကနေဘယ်လို စပြော ရမှန်းမသိ ဖြစ်နေစဉ်မှာပင် ဖိုးကျော်က

"အချိန်မရှိတော့ဘူးကွ။ အခုတောင် နောက်က နေပြီ"

"မင်း မင်း ဘာမှမဖြစ် အဲ. . . ဘာမှမတွေ့ ဟို. . . မကြားမိ"

"မင်းကလည်းကွာ မတွေ့မိလို့ ရှုံးတာပေါ့ကွ။ တစ်ပွဲ လောက်နိုင်တာနဲ့ သွေးပျက်သွားပြီလား။ ငါကရှုံးမဲ့မမဲ့ရဘူး မင်းကပြန်ပြီး ကြောင်တောင်တောင် လုပ်နေသေးတယ်"

"လဲသေလိုက် ငါပြောချင်တာက. . ."

"လုပ်မနေနဲ့ ဟော့ကောင်။ နောက်နေ့မှ ပြန်ထိုးမယ်"

ဖိုးကျော်က သူ့စကားကိုဆုံးအောင်နားမထောင်ဘ





ပြန်သွားတော့ ဇေမျိုးတစ်ယောက်ထဲ ဒေါသတွေပေါက်ကွဲပြီး ကျန်ရစ်ခဲ့သည်။

ဖိုးကျော်ပြန်သွားတော့ အခန်းထဲမှာ သူတစ်ယောက် ထဲ ကျန်ရစ်ခဲ့သည်။ ခုတလော သူဘာတွေဖြစ်နေမှန်းကို နား မလည်။ တစ်ခုခုထူးခြားနေတာတော့ အမှန်ပင်ဖြစ်သည်။

"အခန်းထဲမှာ ဘယ်သူရှိနေလဲ"

သည်းမခံနိုင်တော့သည့်အဆုံး ဇေမျိုးအော်လိုက်မိ သည်။

"အခန်းထဲမှာ ဘယ်သူရောက်နေလဲ။ အခန်းထဲမှာ တစ်ယောက်ယောက်ရှိနေတယ်"

ထိုစဉ် စာရေးစားပွဲဆီမှ ရယ်သံသဲ့သဲ့ကို ကြားလိုက် မိသဖြင့် စားပွဲရှိရာသို့ ပြေးလွှားသွားသော်လည်း ဘာကိုမှ မမြင်ရ။

"ဘယ်သူလဲဟေ့"

သူစိတ်ပျက်စွာဖြင့် ကုလားထိုင်မှာ ထိုင်ချလိုက်သည်။

"တစ်ယောက်ယောက် ရှိနေတာသေချာတယ်"

"သားရေ. . . ဘယ်သူနဲ့ စကားပြောနေတာလဲ"

မေမေ့အသံကို ကြားလိုက်ရ၍ သူလန့်ဖြန့်သွား သည်။ မေမေ့ကို ပြောပြလိုက်ရင်ကောင်းမလားဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသေးသည်။ သူပြောပြတော့ရော မေမေက ယုံကြ
ပါ့မည်လား။ ဇေမျိုးတော့ မထင်ပါ။

"လမ်းပေါ်မှာ သူငယ်ချင်းတစ်ယောက် တွေ့
လှမ်းပြီး နှုတ်ဆက်တာပါ မေမေ"

ပြီး ပြီးရော မေမေ့ကို ညာပြောလိုက်သည်
ထိုစဉ်မှာပင် သူ့ပါးတစ်ဖက်မှာ နွေးကနဲဖြစ်သွားပြီး နားနား
ကပ်ပြောလိုက်သော အသံတိုးတိုးလေးကို ကြားလိုက်ရ
လေသည်။

"ဘိုင့်ဘိုင် သွားတော့မယ်"

ဇေမျိုး လန့်ဖြန့်ပြီးအခန်းပြင်ကို ထွက်ပြေးပါတော့
ဒါကိုမေမေမြင်တော့

"ဟိုကောင်လေး ဘယ်လိုဖြစ်နေတာလဲ။ အိမ်ပေါ်မှ
မပြေးနဲ့လေ"

မေမေ့ကို ပြောမပြရဲ။ ဖေဖေ့ကိုပြောပြလျှင်လည်
ယုံကြည်မည်မဟုတ်။ စိတ်ညစ်ညစ်နှင့် လမ်းထပ်ဂိမ်းဆိုင်မှ
သွားဆော့နေ လိုက်တော့သည်။

♠ ♠ ♠ ♠ ♠





ဇေမျိုး ဂိမ်းဆိုင်ကပြန်လာတော့ ညနေက်နေပြီ။ ထုံးစံ
အတိုင်း မေမေကဆူသည်။ ဇေမျိုး ဘာမှပြန်မပြောတော့ဘဲ
ထမင်းကိုသာ အချိန်ဆွဲပြီး စားနေမိသည်။

ထမင်းစားပြီးတော့ ဧည့်ခန်းထဲမှာ ထိုင်နေမိသေး
သည်။ သူ့အိပ်ခန်းထဲသို့ ပြန်ဝင်ရမည်ကို ဇေမျိုးထိန့်လန့်
နေမိသည်။

"ကျောင်းပိတ်ရက်ဆိုပြီး ပေါ့မနေနဲ့လေ။ စာကြည့်
တော့"

"ဟုတ်ကဲ့မေမေ"

ဇေမျိုး စိတ်ကိုတင်းပြီး အခန်းထဲသို့ ဝင်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယောက်ျားလေးပဲ။ ဘာလို့ကြောက်ရမှာလဲ။ ဒါ ငါ့အခန်း။

အခန်းထဲရောက်တော့ မီးမဖွင့်သေးဘဲ စာကြည့်စားပွဲမှာထိုင်ရင်း တွေဝေနေမိသည်။

ကျောင်းစပိတ်သည့်နေ့ကတည်းက တစ်ခုပြီးတစ်ခု ထူးခြားနေသည်။ နေ့ခင်းကလည်း သရဲခြောက်ခံရသည် ထင်သည်။ အမှောင်ထဲမှာ ထိုင်နေရင်းက ကြောက်စိတ်ဝင် လာသည်။ ဟိုကောင်မလေး သူနှင့်စတွေ့သည့်ညက ပြော သွားသည်ကို သတိရမိသည်။ ကြောက်စိတ်ဝင်လာရင် သီချင်းနားထောင်ရမည်တဲ့။ လွယ်အိတ်ထဲက အမ်ပီသရီး ပလေယာလေးကို ထုတ်ပြီးနားထောင် နေလိုက်သည်။ လွယ်အိတ်ထဲတွင် မြို့ထဲကဝယ်လာခဲ့သော ဂိမ်းစီဒီတစ်ချပ်။ အရေးထဲမှာ သူဝယ်လာခဲ့သောဂိမ်းခွေက သရဲဂိမ်းခွေဖြစ် နေသည်။

သူပြုံးလိုက်မိပြီး ဂိမ်းခွေကို ထုတ်ယူလိုက်သည်။ သီချင်း နားမထောင်တော့။ ဂိမ်းပဲဆော့တော့မည်။ ကြောက် စိတ်ပျောက်သွားအောင် သရဲဂိမ်းကို ဆော့ပစ်လိုက်ဦးမည်။

ဇေမျိုးလည်း ဂိမ်းခွေကို ကူးယူလိုက်ပြီး ထိုင်ဆော့ နေလိုက်သည်မှာ ညသုံးနာရီထိုးသည်အထိပင်။ အရေးထဲမှာ





ဝယ်လာတဲ့ ဂိမ်းခွေထဲက သရဲကလည်း ကြောက်စရာကောင်း မနေဘဲ ရယ်စရာကောင်းနေလိုက်သေးသည်။ သုံးနာရီ ဆိုတော့ အိပ်မှဖြစ်တော့မည်။ မနက်မထနိုင်လျှင် မေမေက ဆူညံပူညံ တွေ လုပ်နေဦးမည်။

ဇေမျိုး အိပ်ယာထဲရောက်တော့ မျက်လုံးကကြောင် နေပြီ။ အိပ်၍မရတော့။ ဟိုတွေးဒီတွေးဖြင့် ညနေက အကြောင်း ကို ပြန်တွေးမိသည်။ လုံးဝကို အဓိပ္ပါယ်မရှိ။ ဘာဖြစ်မှန်းကိုလည်းမသိ။ တစ်ခုခုဖြစ်နေတာတော့ သေချာ သည်။

"...... ... ဘိရှော့ချင်းလဲလိုက်ပြီး နောက်ပတ် ကွက်မှာ စင်တာပွန်းချင်း ချိတ်လို့ရတယ်။ နိုက်နဲ့ချိတ်ပြီး..."

"..... မစိုးရိမ်ပါနဲ့....."

အသံက အန္တရာယ်ပေးမည့် အသံမျိုးတော့မဟုတ်။ ဒီအသံမျိုးကို ဇေမျိုး ကြားဖူးသလိုလိုရှိသည်။ အသံက ခပ်သေးသေးလေး။ မိန်းကလေးအသံ။ အဲ ဇေမျိုး နားထောင် နေကြ အေဗရယ်လာဗင်း အသံမျိုး။ မဖြစ်နိုင် ကနေဒါက အေဗရယ်လာဗင်းကတော့ ဇေမျိုးကို လုံးဝအနှောက်အယှက် ပေးနိုင်မည်မဟုတ်။ ညနေကဖြစ်သွားတာက သရဲခြောက် သလိုလိုဘာလိုလို။ အေဗရယ်လာဗင်းက အရှင်လတ်လတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ ရှိသေးတာ။

အိုး ဒါ ဟိုကောင်မလေးအသံ။ ဟိုနေ့ည
သီချင်းသံ ကြားရတုန်းကလည်း ဒီအသံပဲ။ သေချာပါတယ်
ဒီ ကောင်မလေးရဲ့ အသံပါပဲ။ ဒါဆိုရင် ဒီကောင်မလေးက
ဇေမျိုး နားမလည်နိုင်တော့။ ဒီကောင်မလေးကတော့ စတွေ
ကတည်းက နားမလည်နိုင်စရာပါပဲ။ ဒါပေမဲ့ သူ့ရဲ့ဆက်ဆံ
ကတော့ နှစ်လိုဖွယ်ရာပင်။ မလိုလားစရာ သိပ်မရှိဟု ထင်
သည်။ အံ့သြစရာကတော့ တစ်ကယ်ကောင်းနေသည်။
ဖြစ်ချင်ရာဖြစ်။ သိပ်ပြီးမတွေးချင်တော့။ သရဲဆိုတော့ ဘာဖြ
သေးလဲ။ ဒီလိုကောင်မလေး သေးသေးလေးမျိုးကတော့
ဘာမှကြောက်စရာမရှိ။ ခြောက်ချင်လျှင် ခြောက်ပါစေပေါ့

တစ်နေ့တစ်နေ့ ကျောင်းကနေကျူရှင်၊ ကျူရှင်က
အိမ် ဘာမှမပြောင်းမလဲနေရတာ ပျင်းစရာကြီး။ ကျောင်းမှ
လည်း သူ့အတွက်ကတော့ ဘာမှထူးခြားမှုမရှိ။ ကျူရှ
မှာလည်း ထိုနည်းလည်းကောင်း။ အိမ်မှာကတော့ အဆိုး
ဆုံးပင် . . .။

ဒီကောင်မလေးကတော့ သူနှင့် တစ်နည်းမဟုတ်
တစ်နည်း ပတ်သက်လာဦးမည်ထင်သည်။ မတတ်နိုင်. . .
ပတ်သက် လျှင်လည်း ပတ်သက်ပါစေ။ ကိုယ်မပေါင်းချင်





ာန်ထုတ်လိုက်လို့ရတာပဲ။ သရဲတစ်ယောက်နှင့် ခင်မင်ရ
သည် ဆိုတာကတော့ စိတ်ဝင်စားဖို့ ကောင်းပါလိမ့်မည်။
စိတ်လှုပ်ရှားဖွယ်ရာတွေလည်း တွေ့ကြုံနိုင်ပါလိမ့်မည်။

သို့သော် သရဲဆိုသည်ကိုတော့ ဇေမျိုး သိပ်လက်မခံ
ချင်။ ယုတ္တိမရှိလှ။ စာအုပ်တွေထဲမှာပါသလို စိတ်တန်ခိုးသတ္တိ
ထူးထူးခြားခြားရှိနေသော ကောင်မလေးမျိုးလား။ ဒါကမှ
ဖြစ်နိုင်ဖွယ် ရှိသေးသည်။

အတွေးမျိုးစုံဖြင့် ခြာခြာလည်နေသော ဇေမျိုးမှာ
ာဖြည်းဖြည်းနှင့် အိပ်ငိုက်လာတော့သည်။ နောက်ဆုံး
တော့လည်း ဘယ်လို အိပ်ပျော်သွားမှန်းပင်မသိတော့။

". . . ဇေမျိုး. . . ဇေမျိုး. . ဟိတ် ခဏထပါဦး"

တိုးတိုးမျှင်းမျှင်းအသံကို ဇေမျိုးကြားလိုက်ရသည်။
အိပ်ချင် လွန်းလှသဖြင့် မျက်လုံးများကတော့မပွင့်သေး။

". . . ဇေမျိုး. . . ဇေမျိုး မနိုးသေးဘူးလား. . ."

ဇေမျိုး ထထိုင်ကြည့်လိုက်တော့ အမှောင်ကိုပဲတွေ့
ရသည်။ ဘာကိုမှ မတွေ့။ အိပ်ယာခေါင်းရင်းမှ မီးခလုတ်ကို
ဖွင့်လိုက်ပြီး တစ်ခန်းလုံးကို ဝေ့ဝဲကြည့်လိုက်တော့လည်း
ဘာကိုမှ မတွေ့။

"ဟိတ်ဇေမျိုး ခဏထပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးလေး ထပ်မံထွက်ပေါ်လာသော အသံကြောင့် ဇေမျိုး ကြက်သီးများထသွားသည်။ စိတ်ကို တင်းထားလိုက်ပြီး

"နင်. . . နင် . . ငါ့ကိုလာခြောက်နေပြန်ပြီလား"

"ဟဲ့ ဇေမျိုး ငါဒီမှာပါဟဲ့။ ပြတင်းပေါက်မှာ"

ဒီတော့မှ ပြတင်းပေါက်က ကောင်မလေးကို ဇေမျိုး တွေ့သွားသည်။

"နင် နင်. . . ဘာလာလုပ်တာလဲ. . ."

"အပြင်မှာ ချမ်းလိုက်တာဟာ။ ငါ ဗိုက်လည်း အရမ်းဆာ နေတယ်"

ကောင်မလေးကို ကြည့်ရတာ အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်နေသည်။ ဇေမျိုးလည်း အထိတ်တလန့်ဖြင့်

"နင် နင် ညနေကလည်းငါ့ကို. . ."

"နင်ကလည်းဟာ ဘာဖြစ်နေတာလဲ။ ငါ့ကို တစ်ခုခု ကျွေးပါဦး။ နင့်မှာ ဘာစားစရာရှိလဲ။ ငါ ဆာလွန်းလို့ပါ"

ဒီလိုဆိုတော့လည်း ကောင်မလေးကို သနားသွားမိပြန်သည်။ ဆာလောင်နေတဲ့သူ တစ်ယောက်ကိုတော့ ဇေမျိုးမှာ ကြည့်နေနိုင်ရက်သည့် အင်အားမရှိ။

"ခဏလေးစောင့် မီးဖိုထဲမှာ တစ်ခုခုသွားရှာလိုက်ဦးမယ်"





ဇေမျိုး မီးဖိုထဲမှာ စားစရာရှာကြည့်သည်။ ဘာမှ မတွေ့။ နောက်တော့ ဖေဖေ၏အာလူးကြော်ထုပ်များကို သတိရလိုက်သည်။ သို့သော် ဖေဖေဘယ်မှာထားမှန်း သူ မသိ။ တော်တော် လေးနှံ့နှံ့စပ်စပ် ရှာကြည့်လိုက်တော့မှ အာလူးကြော်ထုပ်များကို တွေ့သည်။

ဇေမျိုး အခန်းထဲပြန်ရောက်တော့ ကောင်မလေးကို မတွေ့ရတော့။ ဒီကောင်မလေး ဘယ်ကိုများ ရောက်သွားပြန်ပြီလဲ။ ဇေမျိုး ပြတင်းပေါက်မှ ရှာကြည့်သော်လည်း မတွေ့ရတော့။ အိပ်ယာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ ပြီးတော့ ငြီးလိုက်မိသည်က

"ငါပဲ အိပ်မက်ယောင်နေတာလား မသိဘူး. . ."

ဇေမျိုး စိတ်ပျက်လက်ပျက်နှင့် အာလူးကြော်ထုပ်များကို စာကြည့်စားပွဲပေါ် ပစ်တင်လိုက်သည်။ တော်ပြီ အိပ်တော့မည်။ ပြတင်းပေါက်က လေအေးများတိုက်ခတ်လာသဖြင့် ထပြီးပိတ်လိုက်ရသေးသည်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဇေမျိုး ဘယ်နှစ်နာရီ ရှိနေပြီလဲ။ ထတော့လေ"

မေမေအတင်းလာနှိုးလို့ အိပ်ယာကထပြီး စားပွဲပေါ်မှ နာရီကိုကြည့်လိုက်တော့ နေ့လယ် ဆယ့်တစ်နာရီပင်ထိုးနေပြီ။ စားပွဲပေါ်တွင် အာလူးကြော်ထုပ်များကို မတွေ့ရတော့။ ဒါဆို ညက သူအိမ်မက်မက်နေတာပဲ ဖြစ်လိမ့်မည်။ ဇေမျိုး အိပ်ယာမှ လူးလဲပြီး ထလိုက်သည်။

"နင် အာလူးကြော်ထုပ်တွေကို ယူစားလိုက်တယ်မဟုတ်လား"

မေမေကမေးတော့ အူကြောင်ကြောင်ဖြစ်သွားပြီး ဘာဖြေရမှန်းမသိ။

ပန်းအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

"စားပြီးရင်လည်း အခွံတွေကို အမှိုက်တောင်း
ထည့်လေ။ ဘာလို့ကြမ်းပြင်ပေါ် ပစ်ချရတာလဲ။ နင် သိ
စည်းကမ်းပျက်နေတယ်။ လူဆိုတာ စည်းကမ်းနဲ့နေရတယ
ဒီလိုပုံစံနဲ့ဆိုရင် လူတောထဲမှာ နေ မနေနဲ့"

ဇေမျိုး မျက်လုံးပြူးသွားသည်။ ညက အာလူးကြော်
ထုပ်တွေကို စားပွဲပေါ်ပစ်တင်ခဲ့တာပါ။ သူလုံးဝ ဖောက်ပ
မဖောက် ရသေး။ အခုတော့ အာလူးကြော်ထုပ် အခွံများ
ကြမ်းပြင်ပေါ်မှာ ကျဲပြန့်နေသည်။ အာလူးကြော် အစအနများ
ပင် ဟိုတစ်စ ဒီတစ်စဖြင့်. . .။

"ဟား ဘာတွေလဲ. . ."

"ဘာတွေရမှာလည်း ဒီအခန်းထဲမှာ နင်ပဲရှိတာ။ နင်
မစားလို့ ဘယ်သူစားမှာလဲ။ အကုန်ပြန်ရှင်းထားလိုက်. . .
ကြားလား"

"ဟုတ်ကဲ့မမေ၊ ဟုတ်ကဲ့"

မေမေကတော့ အခန်းပြင်ကို ပြန်ထွက်သွားပြီ။ ဇေမျိုး
ပြတင်းပေါက်ကို ကြည့်လိုက်တော့ ပိတ်ထားဆဲပင်။ ညက
သူ အိပ်မက် မက်နေတာ မဟုတ်တော့ဘူးပေါ့. . .။
ဟိုကောင်မလေး တစ်ကယ်လာခဲ့သည်ပေါ့။ သို့သော်ညက
သူမီးဖိုခန်းထဲမှ ပြန်ဝင်လာတော့ ဘယ်သူ့ကိုမှမတွေ့တော့





၍ ပြတင်းပေါက်ပိတ်ပြီး အိပ်ခဲ့သည်ပင်။ အခုတော့ သူ
လုံးဝမဖောက်ရသေးသည့် အာလူးကြော်ထုပ်များက ဘယ်လို
ဖြစ်ပြီး . . .

သူမတွေးတတ်တော့. . .

ဒါဆို ဟိုကောင်မလေး ဒီအခန်းထဲမှာ. . .။

လုံးဝ မတွေးတတ်တော့။

"ဟား ဘာတွေလဲဟ"

ဖိုးကျော်ကို ပြောပြလိုက်ရင် ကောင်းမလား။ သူပြော
တာကို ဖိုးကျော်ကယုံပါ့မလား။ ဘယ်သူကရော ယုံကြည်နိုင်
မှာလဲ။ ပြောသင့်မပြောသင့် စဉ်းစားရင်းနှင့်ပင် ဖိုးကျော်ထံ
ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး ဟိုတွေးဒီငေး
တွေဝေစွာဖြင့်. . .။

"ဟေ့ကောင် ဇေမျိုး လမ်းလျှောက်ရင်း ကားတိုက်ဦး
မယ်။ ဘာဖြစ်လာတာလဲ"

အရေးထဲမှာ ဇော်ဇော်နှင့် လာတိုးနေသေးသည်။
ဒီကောင် ကလည်းတစ်မျိုး. . .။ ဇော်ဇော်ကတော့
ထုံးစံအတိုင်း ဇေမျိုး-မခံနိုင်သည့် အပြုံးမျိုးကို ပြုံးပြရင်း. . .

"မင်း ဟိုနေ့ညက ဘယ်ကောင်တွေနဲ့ ချလာတာလဲ။
ဘောလုံးပွဲမှာ မင်းမပါပါဘူးကွာ။ ပွဲပြီးတဲ့အထိ ငါရှိနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အကူညီလိုရင် ငါတို့လည်းလာခေါ်နော်။ ဟိုနေ့ညကလို ဒဏ်ရာတွေနဲ့ တစ်ယောက်ထဲစကားပြောပြီး ပြန်လာနေရဦးမယ်"

ဇော်ဇော်က အခုထိပင် သူ့ကိုရန်ဖြစ်၍ ခံလာရသည်ဟု ထင်နေဆဲပင်။ ထို့ကြောင့် သူ့ကိုလာရိုနေခြင်းပင်။ စေတနာတော့ မဟုတ်မှန်း ဇေမျိုး သေချာစွာသိပါသည်။

"ဘာမှမဖြစ်ပါဘူးကွာ။ ငါကိစ္စ ငါပိုင်ပါတယ်"

ဇော်ဇော်နှင့် မျက်နှာချင်းမဆိုင်ချင်တော့၍ ပြီးပြီးရော ပြောခဲ့ပြီး ထွက်လာခဲ့တော့သည်။ 'ငါက မင်းလိုကောင်ကိုပဲ ထိုးချင်နေတာ။ ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူးငတုံးရဲ့'ဟု စိတ်ထဲမှပင် ကျိန်ဆဲမိသည်။ တစ်ကယ်တမ်းက ဇေမျိုးခံလာရသည် ဆိုတာကို ဒီကောင် ကျေနပ်နေခြင်းပင်။ ဘယ်ကဘယ်လို ဖြစ်ကြသည်ကို ခရေစေ့တွင်းကျ သိချင်နေသည်။ သိရလျှင် ဇေမျိုးခံလာရသည့် အကြောင်း ဒီကောင်က လူတကာကို လိုက်ဖွမည့်ကောင်၊ ကြေညာမည့်အကောင်ပင် ဖြစ်သည်။ မေမေတို့ မသိ သိအောင် သတင်းပေးဦးမည့်ကောင်လည်း ဖြစ်သည်။

ဇေမျိုးတစ်ယောက် ဇော်ဇော်ကို မကျေမနပ်ဖြစ်နေရင်း ဇော်ဇော်ပြောသွားသည့် 'တစ်ယောက်ထဲစကားပြောပြီး





ပြန်လာနေရဦးမယ်' ဆိုသောစကားကို သတိထားသွားမိသည်။ ဘုရား... ဘုရား... ဒါဆိုဟိုညက ဒီကောင် ဟိုကောင်မလေးကို တွေ့မသွားဘူးလား။ ဖြစ်နိုင်သည်။ ညကကြုံတွေ့ခဲ့ရသည်တို့နှင့် ဆက်စပ်ပြီးတွေးကြည့်လိုက်ရင်...

ဖိုးကျော်တို့ ဆိုင်ကိုရောက်တော့

"ဟေ့ကောင် ဖိုးကျော် ငါတော့ဟိုကောင်မလေးကို လူလို့ မထင်ချင်တော့ဘူးကွာ"

"လုပ်ပြန်ပြီကွာ။ အစိပ္ပါယ်မရှိတာကို။ နတ်သမီးလို့ ပြောဦးမလို့လား။ သရဲခြောက်တာလို့ပြောဦးမလို့လား။ နှစ်ခုလုံး ဖြစ်နိုင်စရာ အကြောင်းလုံးဝမရှိဘူး။ မင်း ဂိမ်းတွေ နှင်းကန်ဆော့၊ ဝတ္ထုတွေနင်းကန်ဖတ်ပြီး ကြောင်နေပြီလား"

ဖိုးကျော်ကို ဆက်ပြောလို့ရတော့မည်မဟုတ်။ ပြောလည်း ဘယ်လိုမှယုံကြည်မည်မဟုတ်သည့်အတူတူ ညက အဖြစ်အပျက်တွေကို ပြောမပြတော့ပေ။ သူ့ကိုနားလည်ပေးမည့်သူ ရှိတော့မည်မထင်။

"ဒီမှာ ဇေမျိုး မင်းပြောတဲ့ ဇင်မာဆိုတဲ့ ကောင်မလေး ဆိုတာ သုံးရပ်ကွက်ထဲက ကောင်မလေး ဖြစ်မယ်ထင်တယ်ကွ။ သုံးရပ်ကွက်ထဲမှာ ဇင်မာလှိုင်ဆိုတာရှိတယ်တဲ့။ ငါတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်တန်းထဲပဲ။ ငါတို့ကျောင်းကတော့ မဟုတ်ဘူးကွ။ အ. ထ. က (၂) ကတဲ့"

ဖိုးကျော်ပြောသည်ကို ဇေမျိုးစိတ်ဝင်စားသွားသည်။ သူ့ကို ကောင်မလေးတစ်ယောက်ယောက်က အရှုးလုပ်နေသည်ပဲလား။ သို့သော် ခေါင်းခြောက်စရာ ညကကိစ္စတွေက ရှိနေသေးသည်။ ဘာပဲပြောပြော. . . ဖိုးကျော်ပြောသည့် ကောင်မလေးကို တွေ့လိုက်လျှင်တော့ အဖြေကရှင်းသွားလိမ့်မည်။ ဒါကလဲ သိပ်တော့မခက်ခဲလှ။ ဝေဝေ့သူငယ်ချင်းဆိုတော့ စုံစမ်းလို့ လွယ်ပါလိမ့်မည်။

"မင်းအဲဒီကောင်မလေးကို မြင်ဘူးလား"

ဇေမျိုး. . . အလောတကြီး မေးကြည့်လိုက်မိတော့ ဖိုးကျော်က ဟက်ဟက်ပက်ပက် ရယ်မောပြီး

"ငါနဲ့မှ မသိတာ။ ဘယ်လိုလုပ်ပြီး မြင်ဘူးမှာလဲ"

"ဒါဆို သူ့အိမ်ကွေဘာတွေရော မင်းသိလား"

"ဟာကွာ မင်းဘာလာကြောင်နေတာလဲ။ လူကိုတောင်မသိတဲ့ဟာ။ ဘယ်လိုလုပ်ပြီး အိမ်တွေဘာတွေ သိမှာလဲ။ ဝေဝေနဲ့ တွေ့လို့ မေးကြည့်တော့ သူ့သူငယ်ချင်း ဇင်မာဆိုတာရှိတယ်တဲ့။ မင်းနဲ့သိတဲ့ ဇင်မာဟုတ်မဟုတ်တော့ မသိဘူးတဲ့။ ငါလည်း အိမ်တွေဘာတွေတော့ မေး





ထားလိုက်ဘူး"

ဒီတော့လည်း သက်ပျင်းတွေကိုသာ ဖိသိပ်ချရသူမှာ ဇေမျိုး ရယ်ပါ။

"မင်းကလဲကွာ ခုရက်ပိုင်း ဒါပဲ စိတ်ဝင်စားနေ။ ညနေကို ဘောလုံးကန်မှာလား။ ငါတို့ လူစုထားပြီးပြီ။ ဒိုကောင် ဇော်ဇော်တို့နဲ့ချိန်းထားတယ်။ ဒီကောင်တွေက မြောက်ကြွမြောက်ကြွ ဖြစ်နေတာကွ။ နည်းနည်းတော့ ဦးချိုးထားမှ"

"အင်း ငါ ကျူရှင်ဆင်းရင် လာခဲ့မယ်လေ. . ."

ဒီနေ့အဖို့ ဇေမျိုးဘယ်မှမသွားတော့ဘဲ။ ကျူရှင်စောစောသွားဖို့သာ စိတ်စောနေသည်။ နေ့လည်စာစားပြီး အတည်း ကကျူရှင်သို့ထွက်လာခဲ့သည်။ ဝေပေ့ကို ဝင်ခေါ်မည်။

ဝေဝေတို့အိမ်ရောက်တော့ ဆယ့်နှစ်နာရီပင် မထိုးသေး။ဝေဝေကလည်းဘာမှမပြင်ဆင်ရသေး။

"ဒမယ် ဟဲ့ကောင် ထူးထူးဆန်းဆန်းပါလား။ တိုင်းဆို ငါလာခေါ်ရင်တောင် အမြဲတမ်း ဘာမှမပြင်ရသေးတဲ့ကောင်က"

ဝေဝေက အထူးအဆန်းအနေနှင့် ခနဲ့ပြီးပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ပြီးစလွယ်ပင်

"အိမ်မှာနေရတာ ပျင်းလို့ပါဟာ"

"ဒါဆိုရင်လည်း ခဏစောင့်ဦးဟော့. . .။ ငါရေချိုး ထမင်းစား လိုက်ဦးမယ်"

အိမ်ရှေ့ခန်းထဲမှာ သူထိုင်စောင့်နေတုန်း ဝေဝေ့ မောင်လေး ရောက်လာသည်။

"ကိုဇေ. . . အရုပ်ကားဆက်ရအောင်. . ."

"အေး လာလေကွာ. ."

သူလည်းအပျင်းပြေ ထိုင်ဆော့နေမိသည်။ ဒီလို ဆိုတော့လည်း စောင့်နေရတဲ့အချိန်တွေ မပျင်းတော့ဘူးပေါ့။ သို့သော် သိပ်ပြီးအဆင်မပြေချင်။ အရင်ကဆို မည်သည့် အရုပ်ကားပဲဖြစ်ဖြစ် ဇေမျိုးအလွယ်တကူပင် ဆက်နိုင်ခဲ့သည်။ ခုတော့. . . ကလေးလောက်ပင် ဉာဏ်ကမသွက်ချင်။

"ဟဲ့ လာလေ၊ သွားကြမယ်"

ဝေဝေခေါ်တော့မှ သူလည်းဆက်မရသေးသည့် အရုပ် အစ အနများကို ပစ်ချပြီး ထလိုက်သည်။

"အား. . ."

ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွားသည်။ လဲကျမသွား စေရန် ကုလားထိုင်ကို အမြန်ဆွဲကိုင်လိုက်နိုင်၍ တော်သေး





သည်။

"ဟဲ့ ဘာဖြစ်တာလဲ။ နင် နေမကောင်းဘူးလား"

"ဘာမှမဖြစ်ပါဘူး။ အိပ်ရေးပျက်လို့ ဖြစ်ပါလိမ့်မယ်"

"တစ်ညလုံး ဂိမ်းတွေမဆော့နေလေဟာ။ ကျူရှင် သွားလို့ ရပါ့မလား။ အိမ်မှာပြန်နားချင်ရင် နားလေ။ ဆရာမ ကို ငါပြောပေးမယ်။ နင့်ကိုကြည့်ရတာ ဖြူဖတ်ဖြူလျော်နဲ့"

"တစ်ကယ်ဘာမှ မဖြစ်ပါဘူးဟ။ ကျူရှင်တက်လို့ ရ ပါတယ်"

ဒီတစ်ခါတော့ ဝေဝေက သဘောကောင်းနေပါ့လား။ ခါတိုင်းဆိုရင် သူ့အကြောင်းအမျိုးမျိုးပြပြီး ကျူရှင်ပြေးမည် လုပ်တိုင်း ဝေဝေက အတင်းကန့်ကွက်တာတစ်မျိုး၊ ဆရာမကို တိုင်ပြောတာကတစ်သွယ်၊ မေမေ့ကို ပြန်တိုင်တာရက တစ်နည်းနဲ့။ ခုတော့ ဆရာမကို ခွင့်တိုင်ပေးဦးမည်တဲ့။

"အမယ် ဇေမျိုး ထူးထူးခြားခြား ကျူရှင်တွေဘာတွေ တက်ချင်နေလို့ပါလား။ ခါတိုင်းဆို အမြဲတမ်းကျူရှင်လစ်ဖို့ စဉ်းစားနေတဲ့ကောင်က. . ."

ဩော် သူလည်းဇေမျိုးကို အံ့အားသင့် နေတာပါ ပဲလား။

ဇေမျိုး ကျူရှင်မရောက်မီ သူသိချင်သည့်ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေ အား မေးကြည့်လိုက်သည်။

"ဟဲ့ နင့်ကိုငါ မေးစရာရှိလို့"

"မေးရအောင် နင်ကစာမေးပွဲစစ်တဲ့ ဆရာလား။ ငါလည်း ဗေဒင်ဆရာမ မဟုတ်ဘူး"

"ငါအကောင်းပြောနေတာဟ"

"သွားစမ်းပါ။ နင်ဘယ်တုန်းက စကားအကောင်း ပြောဖူးလို့လဲ"

"ဟဲ့ ငါနောက်နေတာမဟုတ်ဘူး။ အတည် မေးမလို့"

သူခပ်တည်တည် လေသံမာမာနှင့် ဟောက်လိုက်တော့မှ ဝေဝေလည်း ငြိမ်သွားတော့သည်။

"နှင့်သူငယ်ချင်းထဲမှာ ဇင်မာဆိုတာ ရှိတယ်ဆို"

"အမလေး ဒါများဟယ်၊ နင်ဘာလုပ်မလို့လဲ။ သူများသားသမီးကို သွားနှောက်ယှက်ဦးမလို့လား။ မလုပ်ပါနဲ့ဟာ။ ငါ့သူငယ်ချင်းက အေးအေးလေးနေတာ"

"ရမ်းသမ်းပြီး လျှောက်ပြောမနေစမ်းနဲ့ဟာ။ ငါနဲ့သိတဲ့ တစ်ယောက်လားလို့ မေးကြည့်မလို့"

"နင်နဲ့သိတယ် ဟုတ်လား ဘယ်တုန်းကသိတာလဲ"

ဇေမျိုး ကျောင်းစပိတ်သည့်ညက အိမ်ပြန်နောက်ကျ၍ ဟိုကောင်မလေးနှင့်တွေ့သည်ဟု အမှန်အတိုင်းကို





တစ်ချို့တစ်ဝက် ထိန်ချန်ပြီး ပြောပြလိုက်သည်။ မချန်၍လည်းမရ။ ကျောင်းမှာ ပိတ်မိခဲ့တာတို့၊ ပြတင်းပေါက်ကနေ ခုန်ချခဲ့တာတို့ ပြောပြနေလျှင် ရှုပ်ကုန်လိမ့်မည်။ ဝေဝေ့ကို ယုံကြည်သော်လည်း သူ့မပါးစပ်ကိုတော့ ယုံကြည်၍မရ။ မေမေတို့ကို ပြန်ပြောမှာက သေချာလွန်းလှသည်။

"အင်း. . . ဟုတ်ချင်ဟုတ်မှာပေါ့။ သူတို့ကျူရှင်က မိုးချုပ်မှ ဆင်းတာ"

ဇေမျိုးအားတက်သွားသည်။ အလောတကြီးပင်

"နင် နင်နဲ့တော်တော်ခင်လားဟင်"

"ဘာလုပ်မလို့လဲ၊ နင့်အကြောင်းလား"

"အကောင်းမေးနေတာပါဟာ။ သူကြောင်း နင် တော်တော်သိလား။ ဘယ်မှာနေတာလဲ"

"ငါ့ကိုတရားခံစစ် လာစစ်မနေနဲ့၊ နင်နဲ့ခင်တယ်ဆိုရင် နင့်ဟာနင် မေးကြည့်ပါလား"

ဟားဒုက္ခပဲ ကောင်မလေးတွေများ ကပ်စရာမဟုတ်ရှာကြံပြီး ကပ်နေရသေးတယ်။

"ဟား နင်ကလဲ. . သူက ငါ့အကြောင်းတွေ အကုန်လုံးသိနေလို့ အံ့ဩလို့ မေးကြည့်တာပါ။ နင်တို့များ ငါ့အကြောင်းတွေ ပြောပြထားသေးလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အကြောင်းများ အားအားယားယား ဘယ်သူက လျှောက်ပြောနေမယ်ထင်လို့လဲ။ ဝေးသေး"

လုပ်ပြီ . . . ကောင်မလေးတွေကို အမြင်ကပ်ရတာ အဲဒါတွေလည်း ပါသည်။ ဇေမျိုး စိတ်တိုသွားပြီး ဘာမှ ဆက်မမေး။ ဒီလောက်ကတော့ ကိုယ့်ဟာစုံစမ်းလို့လည်း ရသည်ပဲလေ။

ဇေမျိုး ကျူရှင်ရောက်သည်အထိ ဘာမှမပြောတော့။

ကျူရှင်ရောက်တော့လည်း ထိုင်နေကျ ဝေဝေ့ဘေးက ခုံမှာဝင်မထိုင်ဘဲ ရှေ့တန်းမှာ သွားထိုင်လိုက်သည်။ ဝေဝေက အာလူးကြော်တစ်ထုပ် ဖောက်ကြွေးတော့ ခေါင်းခါလိုက် သည်။ မှတ်ထား၊ ဒင်းတို့ကို ဒင်းတို့နည်းပြန်သုံးမှ တစ်ဇာယ်တမ်းတော့ ဇေမျိုး စိတ်မကောက်ပါ။ နည်းနည်းတော့ စိတ်ဆိုးသည်နှင့် စိတ်ကောက်ဟန် ဆောင်နေလိုက်သည်။

ဆရာမက ဘာချက်ပုစ္ဆာတစ်ပုဒ်ကို ရှင်းပြနေသော်လည်း ဇေမျိုးကတော့ ဝေဝေ့အာလူးကြော်ကို အကြောင်းပြု၍ ညက အာလူးကြော်ပုစ္ဆာကိုသာ ပြန်တွေးနေမိသည်။ ဘယ်လိုပင်တွေးတွေး အဖြေကတော့ လုံးပမထွက် . . .။

"ကဲ နောက်တစ်ပုဒ်ကို ကိုယ့်ဟာကိုယ် တွက်ကြည့်ကြ။ မရှင်းတာရှိရင် ဆရာမကိုလာမေး"

ဆရာမက ပုစ္ဆာတစ်ပုဒ်ကို တွက်ခိုင်းခဲ့သည်။ ဇေမျိုးမှာ အတွေးကောင်း အငေးကောင်းနေသဖြင့် သိပ်ပြီး နားမလည်။

"ဟဲ့ . . . ငါတို့လည်း ဇင်မာရှေ့မှာ နှင့်အကြောင်း နည်းနည်းပါးပါးတော့ ပြောမိမှာပေါ့။ ဒါပေမယ့် နင်ပြောသလို နှင့်အိမ်အကြောင်းတွေဘာတွေတော့ သူသိမယ်မထင်ဘူး"

ဝေဝေက သူ့ပုခုံးကို အသာလှမ်းတို့ပြီး ပြောသည်။ ဇေမျိုး ဘာမှပြန်မပြောဘဲ သချာ်တွက်ဟန် ဆောင်နေလိုက်သည်။

"နင်ပြောတဲ့ ကောင်မလေးက နှင့်အကြောင်းတွေ တစ်ကယ် အကုန်လုံး သိနေတာလား"

ဟော ကြည့် . . . ဝေဝေဝိတ်ဝင်စားနေပြီ။ နေမျိုးကတော့ လှည့်မကြည့်။ ဘာမှလည်း ပြန်မပြော။

"ဟဲ့ ငါမေးနေတာ ဖြေဦးလေ"

ဒီတော့မှ နေမျိုးလည်း

"သိတာမှ ငါ့အကြောင်းကို ငါ့ထက်တောင် ပိုသိနေသေးတယ်။ ငါ့အမေ၊အဖေတွေအကြောင်းကအစ ငါအကြိုက်ဆုံး ဘောလုံးအသင်းအဆုံးပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟယ် သူက တို့ရပ်ကွက်ကမှမဟုတ်တာ။ နင့်အ[…]
တွေကို သိတယ်ဆိုတာတော့ ထားပါ။ ဒါပေမဲ့ သူ[…]
ဘောလုံးပွဲအကြောင်းဆို ဘာမှသိတာမဟုတ်ဘူး။ နင်သူ[…]
မြင်ရင် မှတ်မိမလား"

"မှတ်မိပါတယ်။ ဒါနဲ့ အဖြေက (၂. ၃၃) မဟုတ်[…]
လား"

ဇေမျိုး လူလည်ကျလိုက်ခြင်းပင်။ အမှန်တော[…]
သူအဖြေ မထွက်သေး။ ပါးစပ်ထဲရှိရာ ပြောလိုက်ခြင်းပင်။

"မဟုတ်ဘူး (၃. ၂၅)"

"နင်မှားနေပြီ ထင်တယ်"

"လုံးဝမမှားဘူး။ ဒီမှာကြည့် ငါပြန်တွက်ပြမယ်"

ဝေဝေက မခံချင်စိတ်ဖြင့် သူ့ကိုပြန်တွက်ပြနေသည်[…]
တစ်ကယ်တော့ ဇေမျိုးက တစ်လုံးမှ တွက်ရသေးတာမဟုတ်[…]
ဒီလို ပြန်တွက်ပြစေချင်လို့ ပါးစပ်ထဲရှိရာအဖြေကို ပြောလို[…]
ခြင်းပင်။ ဆရာမပြန်လာလို့ အဖြေတွေစစ်ကြည့်သောအ[…]
အချို့ကမှားကြပြီး အချို့ကမှန်ကြသည်။ မှန်သည့်အထဲ[…]
ဇေမျိုးလည်း ပါသည်။ ပါမှာပေါ့ ဝေဝေကလည်း မှန်အော[…]
တွက်ထားသည်ကိုး။

ခါတိုင်းဆို သူဒီလိုလုပ်သည်ကို ဝေဝေသိသည်[…]





အပြစ်တင်၍မဆုံးတော့။ ဒီနေ့တော့ ဝေဝေလည်း ဘာမှ
မပြော။ ကျူရှင်ဆင်းတော့ ဝေဝေကသူ့ကို သုံးရပ်ကွက်ထဲ
ခေါ်သွားသည်။ ဝေဝေ့သူငယ်ချင်း ဇင်မာတို့အိမ်ကိုပင်
ဖြစ်သည်။

ဇင်မာတို့ အိမ်ကိုရောက်တော့ ဇေမျိုးနှင့်ဇင်မာကို
မိတ်ဆက်ပေးသည်။

"ဒါ ဇေမျိုးလေ၊ တို့ကျောင်းကပဲ။ ဟဲ့ဇေမျိုး သူက
ဇင်မာတဲ့ အ. ထ. က (၂) က"

ဇင်မာလှိုင်ဆိုသည့် ကောင်မလေးကတော့
အလိုက်သင့် 'တွေ့ရတာဝမ်းသာပါတယ်' တွေ လုပ်နေသေး
သည်။ ဇေမျိုးကတော့ ဝမ်းမသာပါ။ သူသိသည့် ဇင်မာမှ
မဟုတ်တာ။ ဝေဝေက အလစ်မှာ မေးဆတ်ပြသည်။ ဇေမျိုး
လည်း ခေါင်းခါပြလိုက်သည်။ ဘာမှမသိသော ဇင်မာလှိုင်
ဆိုသည့် ကောင်မလေးကတော့

"လာလေ အအေးလိုက်သောက်ကြပါဦး"

"နေပါစေခင်ဗျ။ ကျွန်တော် မြို့ထဲသွားဖို့ ချိန်းထား
တာ ရှိသေးလို့။ ဝေဝေကိုလည်း ပြန်လိုက်ပို့ရဦးမယ်"

သူ မနေချင်တော့မှန်းသိတော့ ဝေဝေလည်း ငြင်းပြီး
ပြန်လာခဲ့ကြတော့သည်။ ဒါတောင်ဝေဝေက



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့သိလာတာ သူလား"

"မဟုတ်ပါဘူးဟာ။ တခြားစီပဲ။ သူက ဆံပင်အတိုနဲ့။ ဟိုကောင်မလေးက ဆံပင်ပိုရှည်တယ်။ ပိန်တာဝတာခြင်းလည်း မတူဘူး"

"နင်ကလည်း သူ့နဲ့အသိထဲမှာလည်း တခြားဇင်မာတွေ ရှိဦးမှာပေါ့။ မေးကြည့်မလို့ဟာကို"

"မေးမနေပါနဲ့ဟာ။ အူကြောင်ကြောင်နဲ့ ငါလည်း ဘောလုံးသွားကန်လိုက်ဦးမယ်။ နင့်ကို လိုက်ပို့ပေးရဦးမလား"

"နေပါစေ။ ငါ့ဟာငါပဲ ပြန်လိုက်တော့မယ်"

ဝေဝေပြန်သွားတော့ ဇေမျိုးလည်း ဖိုးကျော်တို့ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ဖိုးကျော်တို့အိမ်ရောက်တော့ ဖိုးကျော်ကမရှိ။ သူတို့ဆိုင် အတွက် ဈေးသွားဝယ်သည်တဲ့။ ဇေမျိုးလည်း အိမ်မပြန်ချင်သေး သဖြင့် ဟိုတစ်နေ့က ကော်ဖီဆိုင်ကလေးသို့ ထွက်လာခဲ့သည်။

"ဇေမျိုး. . . ဘေးကိုခုန်ရှောင်လိုက် မြန်မြန် မြန်မြန်"

ဇေမျိုး လန့်ဖြန့်ပြီး ပလက်ဖောင်းပေါ်သို့ ခုန်တက်လိုက်သည်။ ကားတစ်စီးက အရှိန်ဖြင့် ပလက်ဖောင်းဘေးရောက်လာ ပြီး ထိုးရပ်သွားသည်။ ကားပေါ်ကလူကြီးက





"ဆောရီးပဲ။ ကားကဘာဖြစ်သွားမှန်းမသိဘူး။ ညာဘက်ကိုပဲ အတင်းဆွဲနေတယ်။ တော်သေးတာပေါ့။ ဒီကညီလေး သတိရှိပေလို့"

ဇေမျိုးကတော့ ကြောင်ပြီးရပ်နေမိသည်။ ကားသမားလူကြီးက ဇေမျိုးကို ထပ်တောင်းပန်ပြီး ကားကိုဖြည်းဖြည်းချင်းမောင်းကာ ထွက်သွားသည်။

"နင်ကလည်း နောက်ကနေ ကားတစ်စီးလုံး လာတာမသိဘူးလား"

ဟိုကောင်မလေး။ တော်ပါသေးရဲ့။ သူလှမ်းအော်လိုက်ပေလို့။

"ဟင်. . နင် နင်. . ."

"နင်ကလည်း ငါ့ကိုတွေ့တာနဲ့ မျက်လုံးကြီးပြူးလို့။ ဘာလဲ ကော်ဖီတိုက်ရမှာ စိုးလို့လား"

"မဟုတ်ပါဘူး ငါအရမ်းအံ့သြနေလို့ပါ"

"နင် ဘယ်ကနေ ရောက်လာတာလဲ"

"ငါလား ကော်ဖီသွားသောက်မလို့ ထွက်လာတာ။ အခုတော့ တိုက်မယ့်သူ တွေ့ပြီ"

"ည ညက. . ."

"ညကဘာဖြစ်လို့လဲ။ နင်အိမ်မက် မက်နေလို့ပြီပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

အခုကျတော့လည်း ကောင်မလေးက သူမဟုတ်သလို။ ဘာတွေမှန်းကို မသိတော့။

ရှုပ်ပါတယ်။ ကော်ဖီဆိုင်ရောက်မှပဲ မေးကြည့်တော့မယ်။

"နင် ကော်ဖီလိုက်သောက်မယ်မဟုတ်လား"

"နင်တိုက်ရင် သောက်ရမှာပေါ့"

"ငါ ကော်ဖီဆိုင်သွားမယ်ဆိုတာ နင်ဘယ်လိုလုပ်သိလဲ"

ဇေမျိုး သွေးတိုးစမ်းကာ မေးကြည့်လိုက်သည်။

"ဒါလေးများ။ နင် ဒီဘက်ကိုထွက်လာတာ ကော်ဖီဆိုင် သွားမလို့ပဲပေါ့။ ဒီအချိန် မြို့ထဲမှာ နင်ဘာမှလုပ်စရာမှ မရှိတာ"

"အင်း . . . ဒါ စံရှားပေါ့လေ"

ကော်ဖီဆိုင်ကိုရောက်တော့ ဇေမျိုးပဲ ကော်ဖီနှစ်ခွက်ကို ကောင်တာမှာ သွားဝယ်လိုက်သည်။ ကော်ဖီဆိုင်က မမတွေက ဇေမျိုးကို ပြုံးစိစိဖြင့် ကြည့်နေကြပြန်သည်။ စိတ်ထဲမှာ ကသိကအောက် ဖြစ်မိသော်လည်း ဇေမျိုး ဂရုစိုက်မနေတော့။





သူတို့နှစ်ယောက် ကော်ဖီသောက်ရင်း သီချင်းနားထောင်ရင်း သီချင်းတွေအကြောင်း ပြောဖြစ်ကြသည်။ ကောင်မလေးကြိုက်တတ်သည့် သီချင်းတွေမှာ ဇေမျိုးကြိုက်တတ်သည့်သီချင်းတွေ ဖြစ်နေပြန်တော့ ဇေမျိုးမှာ အံ့သြရသေးသည်။

"နင်နဲ့ငါ တော်တော်များများ အကြိုက်ခြင်းတူတယ်နော်"

"ဒါများ အထူးအဆန်းလုပ်လို့။ လူတွေက ကိုယ်နဲ့ တူရာတူရာ ပေါင်းတတ်ကြတာပဲ။ နင်နဲ့ငါလည်း အဲဒါကြောင့် အပေါင်းအသင်း လုပ်လို့ရတာပေါ့"

"မတူတဲ့သူချင်းလည်း ပေါင်းကြတာပါပဲ"

ဇေမျိုးက ဆင်ခြေပေးလိုက်တော့

"ဒါပေါ့ နင်နဲ့ဝေဝေနဲ့ဆို အကျင့်ခြင်း အကြိုက်ခြင်း မတူကြဘူး။ ဒါပေမဲ့ နင်တို့တွေခင်နေကြတာပဲ မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် အကုန်လုံးတော့ ဘယ်တူနိုင်ပါ့မလဲ။ ငါလည်းနင်နဲ့ အစစအရာရာတော့ အကုန်ဘယ်တူနိုင်ပါ့မလဲ"

"ထားပါတော့လေ"

"ထားပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်ကျောင်းကလဲ"

"ငါလား အရင်ကတော့ နင်တို့ကျောင်းကပဲ"

"အခုရော"

"နေပါဦး ကျောင်းကအရေးကြီးလို့လား"

"ဒါဆို ဘာကအရေးကြီးလဲ"

"အရေးကြီးတာ နောက်တစ်ခါ နင် လမ်းလျှောက်ရင် သိပ်မငေးနဲ့။ သိပ်မတွေးနဲ့။ ကံဆိုတာ နှစ်ခါသုံးခါ ကောင်းနေနိုင်တာမဟုတ်ဘူး"

"အင်းပါ ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာပြောတယ်။ နင်အဲဒီလို ပေါ့တီးပေါ့ဆနေလို့ ဟိုတစ်ခါလည်း ကျောင်းထဲမှာ ပိတ်မိပြီးပြီ။ မနှစ်ကလည်း နင့်အခန်းသော့ကို အခန်းထဲမှာ ထားခဲ့ပြီး သော့ခတ်လိုက်လို့ ဖျက်ပစ်လိုက်ရတယ်မဟုတ်လား. . .။ နောက်ပြီး ဝေဝေနဲ့နင် မြို့ထဲ ထွက်လာတုန်းက. . ."

"ဟုတ်ပါပြီ။ တော်ပါတော့။ အဲဒါတွေက တစ်ခါတစ်လေပါဟာ"

"ဘာတစ်ခါတစ်လေလဲ။ နောက်ထပ် ထပ်ပြောစရာတွေ တစ်ပုံကြီးရှိသေးတယ်"

ကောင်မလေးက အတိအကျ ပြန်ပြောနေတော့





လည်း ဇေမျိုးမှာ ရှက်ရယ်သာ ရယ်နေရတော့သည်။

ကောင်မလေး ပြောသည်တို့ကလည်း မှန်နေသည်။ သူ့အခန်းတံခါးကို ဖျက်ပစ်လိုက်ရသည်မှာလည်း အမှန်ပင်။ ဝေဝေနှင့် မြို့ထဲသွားတုန်းကလည်း သူတို့နှစ်ယောက် ဆိုင်ထိုင်၍ မုန့်စားနေကြသည်။ ထိုစဉ် လမ်းပေါ်မှ အသိတစ်ယောက် ဖြတ်သွားသည်ကို လှမ်းမြင်လိုက်ရဖြင့် ဇေမျိုး လှမ်းခေါ်လိုက်သည်။ ကျောင်းပြောင်းသွားသော သူငယ်ချင်းဆိုတော့ မတွေ့ရတာကလည်း ကြာလှပြီ။ ထိုအသိက လှည့်မကြည့်သဖြင့် ဇေမျိုး ဆိုင်ပြင်ထွက် လိုက်ခေါ်သည်။ ထို့နောက် သူငယ်ချင်းဟောင်းနှစ်ယောက် စကားတွေပြောလိုက်ကြသည်မှာ လက်ဖက်ရည်ဆိုင်ပင် ဝင်ထိုင်၍ ပြောလိုက်ကြသေးသည်။ အိမ်ပြန်ရောက်တော့မှ ဇေမျိုးသတိရသည်မှာ ဝေဝေ့ကို မြို့ထဲမှာ မေ့ပြီးထားရစ်ခဲ့ပြီ။ အဲဒီတုန်းကလည်း ဝေဝေ စိတ်ကောက်သွားသဖြင့် သုံးရက်လောက် ချော့လိုက်ရသေးသည်။ ဒါတောင်မှ ဝေဝေ ယုံအောင် ပေါက်တတ်ကရ ဇာတ်လမ်းတွေဆွင်ကာ လုပ်ကြံပြီး ပြောလိုက်ရသေးသည်။

"ဘယ်လိုလဲ နင်အသုံးမကျတဲ့အကြောင်းတွေ ငါထပ်ပြီး ပြောပြရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com

"တော်ပါပြီ။ ဒီလောက်ဆို လုံလောက်ပါပြီ"

ကောင်မလေးကတော့ ဇေမျိုးကိုကြည့်ပြီး ရယ်နေသည်။

"နင်ဟာလေ ပေါက်တတ်ကရတွေ လျှောက်လုပ်ဖို့ လျှောက်ပြောဖို့တော့ သိပ်တော်တယ်။ ကျန်တာတွေကတော့ တလွဲတွေချည်းပဲ"

ကောင်မလေးပြောတာ မှန်နေသဖြင့် ဇေမျိုးလည်း ရယ်၍သာ နေရတော့သည်။ ပြီးတော့ သူ မကျေနပ်သည်ကိုလည်း ဖွင့်၍ပြောပြလိုက်သည်။

"တစ်ကယ်ဆို သိပ်တော့မတရားဘူးဟ"

"ဘာကိုလဲ"

"နင်က ငါ့အကြောင်းတွေကို အကုန်လုံးသိနေတယ်။ ငါက နင့်အကြောင်းကို ဘာမှမသိဘူး"

"ငါ့အကြောင်းက ဘာမှထူးထူးခြားခြား မရှိပါဘူးဟာ။ စိတ်ဝင်စားစရာလည်း မကောင်းပါဘူး"

"ဒါပေမဲ့ ငါစိတ်ဝင်စားတယ်လေ"

"နောက်တော့ နင်သိလာမှာပေါ့ဟာ။ အခုတော့ ငါဘာမှ မပြောချင်သေးဘူး"

မပြောချင်ဘူးဆိုတော့လည်း ဇေမျိုးအတင်းမမေး





တော့။ မေးလည်းမမေးကောင်းဘူး မဟုတ်လား။

"ငါ့အကြောင်းကို သိချင်နေမယ့်အစား ကော်ဖီလေးကို သောက်လိုက်၊ သီချင်နားထောင်လိုက်၊ ရောက်တတ်ရာရာလေးပြောလိုက် အဲဒါက ပိုမကောင်းဘူးလား"

"ကောင်းပါတယ်။ ဒါပေမဲ့ နင်ကငါ့အကြောင်းတွေ သိနေတော့. . ."

"ထားလိုက်ပါဟာ။ ငါကနင့်အကြောင်းသိတော့ နင်နဲ့ ပေါင်းရသင်းရတာ ပိုပြီးအဆင်ပြေတာပေါ့"

"ငါလည်း နင့်အကြောင်းသိရရင် ပိုပြီး. . . ."

"မထင်ပါနဲ့ဟာ. . . ငါပြောသလို ကော်ဖီသောက်၊ သီချင်းနားထောင် အဲဒါကပိုပြီးတော့ အဆင်ပြေပါလိမ့်မယ်"

ဒီတော့ ဇေမျိုးလည်း ကောင်မလေးပြောသည့်အတိုင်း နေလိုက်ရှုံသာ. . . .

♠♠♠♠♠


www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာလည်း ကောင်မလေးနှင့် ချိန်းဆိုထားသည့်အတိုင်း ဇေမျိုး ကော်ဖီဆိုင်လေးသို့ ထွက်လာခဲ့သည်။ ကော်ဖီဆိုင်ကိုရောက်တော့ ကောင်မလေးက မရောက်သေး။ ဇေမျိုး ဘာရှုးကော်ဖီတစ်ခွက် ဝယ်လိုက်သည်။ ကောင်တာမှ မမက

"တစ်ခွက်ထဲလား။ နှစ်ခွက်မဝယ်တော့ဘူးလား"

နောက်နေတာလားမသိ။ ဇေမျိုး ရယ်ပြလိုက်ပြီး

"ပြီးမှ နောက်တစ်ခွက်ဝယ်မယ်။ ခဏ စောင့်ရဦးမယ်"

ဘာတွေကို သဘောကျသည်မသိ။ အစ်မကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရယ်၍ နေသည်။

ဇေမျိုး ကော်ဖီတစ်ခွက် မကုန်မီမှာပင် ကောင်မလေး ရောက်လာသည်။ ဒီတစ်ခါလည်း ဇေမျိုးပဲ ကော်ဖီသွားဝယ် ပေးလိုက်သည်။ မိမိက ဖိတ်ကြားထားသည်ဆိုတော့ တို သင့်သည် မဟုတ်လား။

ဇေမျိုး ကော်ဖီသွားဝယ်တော့ ကောင်တာမှ မမ

"မြန်လှချည့်လား"

ဒီအစ်မကြီး အူကြောင်ကြောင်နဲ့ ဘာတွေမေး ပြောနေမှန်းမသိ။ ကောင်မလေး လိုက်လာတာ မြန်တာ ပြောတာလား။

"ဟုတ်ကဲ့ သူကအချိန်မှန်တယ်"

ဒီတစ်ခါတော့ အစ်မကြီးက ဇေမျိုးကို မျက်လုံးကြီး ပြူးပြီး မော့ကြည့်သည်။ ဒီအစ်မကြီး ဘာမှန်းမသိ။ အူကြော ကြောင်နဲ့။

"နင် ငါ့ကိုဝယ်တိုက်ရတာတွေ များနေပြီ"

ကောင်မလေးက အားနာသလိုပြောတော့ ဇေမျိုး ရယ်ချင်မိသည်။ မိန်းကလေးတွေဟာ ဒီအတိုင်းပဲ။ သူ အလှည့် ကိုယ့်အလှည့်တွေ သိပ်တွက်တတ်တာ။ ဇေမျိုး တို့ကဒီလိုမဟုတ်။ သူငယ်ချင်း အချင်းချင်း သူရှင်းရတာ





ငါရှင်းရတာတွေမရှိ။ ရှိတဲ့ကောင်ရှင်းသွား။ ကျန်တဲ့ကောင် ဝိုင်းစား။ ဒါပဲ။

"ရပါတယ်။ အချင်းချင်းတွေပဲ။ နင့်အလှည့်ကျရင်လည်း ငါကအားနာနေမှာတော့ မဟုတ်ဘူး"

"အမှန်အတိုင်းပြောရရင် ငါကတစ်ခါမှ ဆိုင်မှာဝယ်သောက်တာ မဟုတ်ဘူး"

ဖြစ်နိုင်ပါသည်။ တစ်ချို့ ကောင်မလေးတွေဆို အိမ်မှာပဲ စားသောက်တတ်ကြသည်။ ဆိုင်တွေဘာတွေမှာ စားလေ့စားထ မရှိ။

"အဲဒါတွေက အကြောင်းမဟုတ်ပါဘူးဟာ။ အမိက ကော်ဖီသောက်ချင်တဲ့အချိန်မှာ ကော်ဖီသောက်ရဖို့ပဲ အရေးကြီးတယ် မဟုတ်လား"

ထိုစဉ် ဆိုင်ထဲသို့ ဇော်ဇော်ဝင်လာသည်။

"ဟေ့ကောင်ဇေမျိုး ဖိုးကျော်နဲ့ လာတာလား။ ဒီကောင် ဘယ်သွားလဲ"

သူတို့ဝိုင်းကို ကြည့်လိုက်ပြီး ဇော်ဇော်က မေးသည်။

"မပါဘူးကွ"

"ဒီကောင့်ကိုတွေ့ရင် ပြောလိုက်စမ်းပါကွာ။ ငါ့ ဘောလုံးလာမကန်တော့ဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး"

ဇေမျိုးက ဇော်ဇော်နှင့် မြန်မြန်စကားပြတ်စေရန် ပြီးစလွယ် ပြောလိုက်သောလည်း ဇော်ဇော်က

"ငါ အခု အနောက်ပိုင်းက သက်နောင်တို့ဆီမှာ သွားကန်နေတာကွ။ မင်းတို့နဲ့ စားရတာ ကြာလာတော့ ခြေ ပျက်တယ်။ သက်နောင်တို့နဲ့မှ ငါက ခြေညီတာကွ"

သက်သက်မဲ့ကြီးပါလား။ ဇေမျိုး ဒေါသဖြစ်သွားမိ သည်။ ကောင်မလေးကတော့ဇေမျိုးကို သည်းခံဖို့ မျက်နှာ ရိပ်မျက်နှာကဲ လှမ်းပြသည်။

"မင်းကောင်တွေက ဘယ်လောက်ကောင်းနေလို့လဲ"

တစ်ကယ်တော့ ဇော်ဇော်က ဇေမျိုးတို့အဖွဲ့နှင့် အစေးမကပ်သောကြောင့် ဇေမျိုးတို့နှင့် ခပ်တန်းတန်း နေကြ သော သက်နောင်တို့အုပ်စုနှင့် သွားပေါင်းခြင်းပင်။ ဒီကောင် လုပ်ကာမှ ဇေမျိုးတို့နှင့် သက်နောင်တို့ပါ ဘာပြဿနာ ဖြစ်ဦးမည်မသိ။

"ဟာ မင်းတို့ခြေနဲ့တော့ တစ်ခြားစီပဲကွ။ ဒီကောင် တွေ အားလုံး ငါနဲ့ခြေရည်တူတွေချည်းပဲ"

ကြွားတာလား တိုက်ခိုက်တာလားတော့ မသိ။ ဇော်ဇော့်စကားတွေကို ဇေမျိုး တော်တော်လေး စိတ်ခုလာ





နေပြီ။

"ပါးစပ်က ပြောနေမယ့်အစား လက်တွေ့စမ်းကြည့်ရ အောင်လေ"

ဇေမျိုး စိမ်ခေါ် လိုက်တော့ ဇော်ဇော် မခံချင်စဖွယ် ရယ်လိုက်ပြီး

"ဟဲဟဲ စဉ်းစားဦးနော် ဇေမျိုး။ မင်းကမခံချင်စိတ်နဲ့ ကန်မယ်ထားဦး။ မင်းကောင်တွေက သွေးရှိလို့လား။ မဖြစ်နိုင် တာ မလုပ်ချင်စမ်းပါနဲ့ကွာ"

"ဟော့ကောင် ငါတို့တစ်ဖွဲ့လုံး အဆင်သင့်ပဲ။ မင်းတို့ အဆင်ပြေမယ့် နေ့သာပြော"

"အေး ငါတို့ လူစုလိုက်မယ်"

ဇော်ဇော် ပြောပြီးကော်ဖီသွားဝယ်နေစဉ်မှာပင် ဇေမျိုး ကောင်မလေးကို

"ပြန်ရအောင်"

ကောင်မလေးကလည်း ထရပ်သည်။ ဒါကို ဇော်ဇော် က နောက်ပြန်လှည့်ကြည့်ပြီး

"မင်းဟာမင်းပြန်ချင်ပြန်နှင့်ကွာ။ ငါ ကော်ဖီတောင် မဝယ်ရသေးဘူး။ သွားစရာလည်း ရှိသေးတယ်"

ဒီကောင် ဘာကြောင်တာလဲ။ သူ့ကိုပြောတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့။

ချိန်းသာချိန်းလိုက်ရသည်။ ခုတလော ဇေမျိုးတို့က အဖွဲ့လိုက် ဘောလုံးမကန်ဖြစ်တာ ကြာပြီ။ သက်နောင်တို့က နေ့တိုင်းကန်နေကျ။

"နင် စိတ်မပူပါနဲ့။ နင်တို့ပဲ နိုင်မှာပါ။ ငါသိတယ်"

ကောင်မလေးက အားပေးစကား ပြောသည်။ ပြီးတော့လည်း

"ရန်မဖြစ်မိအောင်တော့နေ။ ရန်ဖြစ်မိရင် နင့်အိမ်မှာ လည်း ပြဿနာတက်လိမ့်မယ်။ နင်လည်း အခွင့်အရေးတွေ ဆုံးရှုံးလိမ့်မယ်"

"အဲဒါတော့ ဟုတ်တယ်ဟ။ ဒါ့ကြောင့် ငါကသည်းခံ လေ ဒီကောင်က ပိုပြီးပြဿနာရှာလေပဲ။ သိပ်စိတ်မရှည်ချင် တော့ဘူး"

"နင့်အိမ်ကို နင်မပိုင်မှန်းသိလို့ သူက ပြဿနာမဖြစ် ဖြစ်အောင် လိုက်ရှာနေတာ။ သူက ဘယ်တော့မှစပြီး နင့်ကို ရန်လုပ်မှာ မဟုတ်ဘူး။ နင့်ကိုဆွပေးပြီး နင်ကစဖြစ်တော့ မှ. . .။ ပြီးရင် သူလည်း နာမည်ကောင်းရတယ်လေ။ နင်လည်း ပြဿနာကောင် ရန်ရှာတတ်တဲ့ကောင်လို့ အထင်ခံ ရအောင်လုပ်မှာ။ အဲဒါကြောင့် နင့်ကိုရန်လိုက်စနေတာ"





"အမှန်ပဲဟ။ ငါ ဘာလုပ်ရမလဲ"

"ဘာမှမလုပ်နဲ့ သူ့စေတနာ သူ့ကိုအကျိုးပေးလိမ့် မယ်"

"ငါတော့ စိတ်မရှည်ဘူးဟာ"

"သည်းခံပါဟာ။ နင့်အတွက်ပဲ"

ကောင်မလေးက စေတနာနှင့် ပြောသည်ဆိုတော့ ဇေမျိုးလည်း ပြန်ပြီးဆင်ခြေပေးမနေတော့။

"ငါပြောမယ်။ နင်တို့ ဘောလုံးချိန်းကန်တဲ့ နေ့မှာ နင်တို့ နိုင်အောင်လိမ့်မယ်။ သူတို့ကတော့ ပြဿနာရှာမှာပဲ။ ကိုယ့်ဘက်ကသာ မမှားအောင်နေ။ သူတို့ဟာသူတို့ ခံသွား ရလိမ့်မယ်"

"နင်ကတော့ အားလုံးကို သိနေတာပဲနော်"

ဇေမျိုးစကားကို ကြားရတော့ ကောင်မလေးက ရယ်သည်။

"အထင်မကြီးပါနဲ့ဟာ တစ်ခါတစ်လေ မသိတာက ပိုပြီး ကောင်းသလိုလိုပဲ"

ကောင်မလေးဆီက စကားအထူးအဆန်းတွေ ကြား ရပြန်ပြီ။ ဇေမျိုး ကောင်မလေးကို

"ဒါနဲ့ နင်ဘယ်ကိုပြန်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလား နင့်ကို လိုက်ပို့မလို့။ ပြီးရင် ငါသွားစရာ ရှိတယ်"

"သွားစရာရှိရင် သွားလေ။ ငါက ပြန်ရဲပါတယ်"

"နင်ပြန်ရဲမှန်း သိတာပေါ့ဟဲ့ ငတုံးရဲ့။ လမ်းမှာ နင် ပျင်းနေမှာစိုးလို့။ ပြီးတော့ ငါကလည်း နင်တို့ဘက်ကို သွား စရာရှိလို့ပေါ့။ ဆက်မစပ်စုနဲ့နော် ငါမကြိုက်ဘူး"

"အင်းပါဟာ အင်းပါ"

စကားတစ်ပြောပြောဖြင့် အိမ်ရှေ့ကို ရောက်တော့ ဇေမျိုး ကောင်မလေးကို နှုတ်ဆက်လိုက်သည်။

"သွားတော့မယ်နော် ဘိုင့်ဘိုင်"

"အေးအေး ဘောလုံးပွဲနေ့မှ တွေ့ကျတာပေါ့"

ဇေမျိုး ကောင်မလေးကို နှုတ်ဆက်ပြီး ခြံထဲဝင်လာ လိုက်သည်။ အိမ်ရှေ့တံခါးဝအရောက် နောက်တစ်ခါ နှုတ်ဆက်မလို့ ကြည့်လိုက်တော့ ကောင်မလေးကို မတွေ့ ရတော့။

မြန်လှချည့်လား။ ကိုယ်ရောင်ပဲ ဖျောက်တတ်လေ သလား။ ပြေးပြီးတော့ပဲသွားသလား။ ကားပေါ်ပဲ တက်သွား လားမသိ။

နောက်နှစ်ရက်ကြာတော့ ကောင်မလေးပြောသည့်





အတိုင်း ဘောလုံးပွဲဖြစ်သည်။ ဇေမျိုးတို့ကလည်း အဆင်သင့်၊ ဖော်ဖော်တို့ သက်နောင်တို့ကလည်း အဆင်သင့်ပင်။ သို့သော် ထိုနေ့တစ်နေ့လုံး ကောင်မလေး ပေါ်မလာခဲ့။ ဇေမျိုး စောင့် နေသော်လည်း ညနေသာ စောင်းသွားသည်။ ဇေမျိုးလည်း ကောင်မလေးကို စောင့်မနေတော့ဘဲ ဘောလုံးကွင်းထဲသို့သာ ထွက်လာလိုက်သည်။ ဘောလုံးကွင်းထဲမှာက လူစုံနေပြီ။ ဇေမျိုးရောက်ပြီး မကြာမီမှာပင် ပွဲစပါတော့သည်။

ထုံးစံအတိုင်း မတည့်သည့်နှစ်ဖွဲ့ ကန်ကြသည်ဆို တော့ ပွဲကအကျိတ်အနယ်။ နှစ်ဘက်လုံး အသည်းအသန် ကြိုးစားသော်လည်း ဘယ်ဘက်ကမှ ဂိုးမသွင်းနိုင်သေး။ ဇေမျိုး တို့လည်း မောလာပြီ။ ထိုစဉ်

"ဟေး ဇေမျိုး"

ခေါ်သံကြားလို့ လှမ်းကြည့်လိုက်တော့. . . . ဟို ကောင်မလေး။ ကွင်းအစပ်ကနေပြီး သူ့ကိုလက်လှမ်းပြ နေသည်။ ကောင်မလေး ထံသို့ ပြေးသွားလိုက်သည်။

"ဘာလာလုပ်တာလဲ။ ဘောလုံးကွင်းထဲကို"

"ငါလား နင့်ဆီကို လာတာပေါ့။ ဘာလဲ နင့်ဆီကို ငါလာတာ မကြိုက်ဘူးလား"

"မဟုတ်ပါဘူးဟာ။ ဟို ဟို. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇေမျိုး ဘယ်လိုပြောရမှန်းမသိ။ ကောင်မလေးကတော့ ဇေမျိုးကိုကြည့်ပြီး ရယ်နေသည်။ ထိုအချိန်မှာပင် ကွင်းထဲမှ

"ဟေ့ကောင့်ဇေမျိုး ဘာလုပ်နေတာလဲ။ ဝင်လုလေကွာ"

ဇေမျိုး ကွင်းထဲသို့ ပြန်ဝင်မည်ပြုစဉ် ကောင်မလေးက

"ခဏနေပါဦးဟ။ နှင့်အရမ်းမောနေဘယ်။ ဝင်မကန်နဲ့ဦး"

"လူစားလဲစရာ မရှိဘူးဟ။ ဒီပွဲက ရှုံးလို့မဖြစ်ဘူး"

"စိတ်မပူပါနဲ့၊ နင်သာနားနေလိုက်"

ဇေမျိုး တစ်ကိုယ်လည်းမောနေတော့ ကွင်းထဲသို့ လက်ပြန်ပြလိုက်ပြီး ကောင်မလေးနားမှာပင် ဆက်ထိုင်နေလိုက်သည်။ ဖိုးကျော်တို့ တစ်သိုက်ကတော့

"ဟေ့ကောင် ဇေမျိုး ကိုယ့်နေရာကိုယ်ဝင်လေကွာ။ ဘာထိုင်လုပ်နေတာလဲ"

ဇေမျိုးကို ဆဲနေကြပြီ။ ကောင်မလေး ကတော့

"စိတ်မပူနဲ့။ ခဏ နားနေလိုက်။ နင်တို့မရှုံးစေရဘူး"

ထိုစဉ်မှာပင် ဇော်ဇော်တို့ဘက်က တစ်ဂိုးရသွားသည်။ သူတို့ ထိုးဖောက်ခွင့်ရသွားသည်မှာ ဇေမျိုး၏ နေရာက။





သည်တော့ ဖိုးကျော်တို့တစ်တွေလည်း ဇေမျိုးထိုင်နေသည့် အနားကိုလာပြီး ဝိုင်းအပြစ်တင်ကြတော့သည်။

"မင်း ဘာဖြစ်နေတာလဲ ဇေမျိုး။ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ ဘာလို့တစ်ယောက်ထဲ လာထိုင်နေရတာလဲ"

လာပြန်ပြီ . . ဒီတစ်ယောက်ထဲ ပြဿနာက. . .။ ကောင်မလေးကို လှည့်ကြည့်လိုက်တော့ သူ့ကိုမျက်စောင်းထိုးပြပြီး နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ် တင်ပြလိုက်သေးသည်။ ဇေမျိုးလည်း ဖိုးကျော်တို့ဘက် ပြန်လှည့်ပြီး

"မောလို့ ခဏနားတာပါကွာ. . ။ မပူပါနဲ့ ငါတို့ပဲနိုင်မှာပါ"

ဇေမျိုးစကားကို ဇော်ဇော်တို့အဖွဲ့က ကြားတော့ ဝိုင်းပြီး လှောင်ကြသည်။ ရယ်ကြသည်။

"အချိန်စေ့တော့မယ်နော်၊ မောရင်လည်းပြောလေ။ ရေခပ်ပေးရဦးမလား"

ဇော်ဇော်တို့က လှောင်ကြတော့ ဖိုးကျော်တို့လည်း ဇေမျိုးကို ပိုပြီးစိတ်ဆိုးလာကြသည်။

"အေးအေးဆေးဆေးပေါ့ကွာ။ ပွဲပြန်စလိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇေမျိုး ပြောပြောဆိုဆိုဖြင့် ကွင်းထဲပြန်ဝင်လိုက်သည်။ ကောင်မလေးကိုလည်း ပြုံးပြလိုက်သည်။ ဒါကိုမြင်သွားသော ဖိုးကျော်က

“ဘာဖြစ်နေတာလဲ၊ ပြောင်စပ်စပ်နဲ့”

ဇေမျိုး ဘာမှပြန်ပြောမနေတော့ဘဲ ဘောလုံးကို အာရုံစိုက် ကစားနေလိုက်သည်။ အနားယူလိုက်၍လားမသိ။ လန်းဆန်းလာပြီး ပို၍ဆော့ကောင်းလာသည်။ ခါတိုင်းထက် ပို၍ပင် ကစားအား တက်လာသလို ထင်ရသည်။

တစ်ဖက်လူက ဘောလုံးဆွဲပြေးလာသောအခါ ဇေမျိုး အတင်းဝင်လုလိုက်သည်။ ဘောလုံးက ပါလာသည်။ ထုံးစံအတိုင်း ရှေ့တန်းသို့တင်ပို့ ပေးလိုက်သည်။ ထိုစဉ်မှာပင်

“လိုက်သွား . . . လိုက်သွား ရှေ့ကိုလိုက်တက်သွား”

ကောင်မလေးအသံက နားထဲသို့ ရောက်လာသည်။ ဇေမျိုးလည်း စဉ်းစားမနေတော့ဘဲ ရှေ့ကိုသာ ပြေးတက်သွားလိုက်သည်။

“ဇေမျိုး ကိုယ့်နေရာကိုယ်နေလေ။ ပြန်ဆင်း ပြန်ဆင်း”

ဇေမျိုးတို့ အသင်းသားတွေက စိုးရိမ်တကြီး ဝိုင်းအော်ကြသည်။

“ပြန်မဆင်းနဲ့ . . ဆက်တက်”





ကောင်မလေး၏ အသံကိုလည်း ကြားနေရသည်။ ချက်စ်ထိုးတုန်းက အတွေ့အကြုံကလည်း ရှိထားသဖြင့် ဇေမျိုး ဘာမှ မစဉ်းစားတော့ဘဲ ရှေ့ကိုသာ ဆက်တက်လိုက်သည်။

ဘောလုံးက တစ်ဖက်လူ၏ခြေထဲမှာ။ သူတို့ချင်း အပေးယူလုပ်ရင်း မထင်မှတ်ဘဲ ဇေမျိုးဘက်သို့ရောက်လာသည်။ ဝင်လုရ ကောင်းမလား။ မမှီတမှီနှင့်။ အချိန်မီ ပြန်ဆင်းရကောင်းမလား စဉ်းစားနေချိန်မှာပင်

“ပြန်မဆင်းနဲ့ ဖမ်းတားထားလိုက်”

ကံကြမ္မာကပဲ မျက်နှာသာပေးလို့လား။ အစွမ်းကုန် ပြေးပြီးတားလို့လားမသိ။ ဇေမျိုး ဘောလုံးရသွားသည်။ ဘောလုံးကို ရလျှင်ရခြင်း ရှေ့သို့အနည်းငယ် ဆွဲသွားလိုက်သည်။ ထိုစဉ်မှာပင်

“ညာဘက်ကိုချိုးတင်လိုက်၊ ညာဘက်ကို ချိုးတင်လိုက်”

ဇေမျိုးလည်း အမိန့်အတိုင်းပင် **ဆောင်ရွက်လိုက်**သည်။ ရှေ့မှာလွတ်နေသော တစ်ယောက်က **ခေါင်းဖြင့်တိုက်**လိုက်သောအခါ

“ဂိုး . . .”

ဂိုးသွင်းလိုက်သော ညီညီက ဇေမျိုးကို ပြေးဖက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ရှေ့မှာငါလွှတ်နေတာ မင်းဘယ်လိုလုပ် လှမ်းမြ
လိုက်တာလဲ။ ကောင်းတယ်ကွာ။ မင်းတင်ပေးလိုက်တ
ကွက်တိပဲ"

ဇေမျိုး ပြုံးပြလိုက်ပြီး ဘာမှပြန်မပြောတော့ဘ
နောက်တန်းသို့သာ ပြန်ဆင်းနေလိုက်သည်။

ခဏကြာတော့ ဘောလုံးက ဇေမျိုးထံသို့ ရောက်
လာပြန်သည်။ ဇေမျိုး တောင်ပံတစ်လျှောက် ဆွဲပြေးသွ
သည်။ အလယ်လူတစ်ယောက်ကိုတွေ့တော့ ထိုးပေးပြီ
နောက်ကို ပြန်ဆင်းလိုက်သည်။

"မဆင်းနဲ့ဦး တောင်ပံအတိုင်းဆက်တက်"

ဇေမျိုးလည်း တက်သည်ပေါ့။

"ဘောလုံးလာရင် ရင်ဘတ်နဲ့တားထား"

တစ်ကယ်လည်း တစ်ဖက်နောက်တန်းမှ ပို့လိုက
သော ဘောလုံးက လေထဲမှာဝေ့ဝဲလာသည်။ ဇေမျိုး
နောက်ကိုတစ်လှမ်းဆုတ်ပြီး ရင်ဘတ်နှင့် တားထားလို
သည်။

"ရှေ့ကို ဆွဲသွား"

ဇေမျိုး ရှေ့ကိုဆွဲပြေးသည်။





"ကန်လိုက်တော့ ဂိုးသမားရှေ့ရောက်နေတယ်"

ဇေမျိုး မျက်စေ့စုံမှိတ်ပြီး ကန်လိုက်တော့သည်။

သူမျက်စေ့ပြန်ဖွင့်လိုက်ချိန်မှာတော့ သူ့တစ်သင်းလုံး
က သူ့ကိုဝိုင်းဖက်ထားသည်။ 'ဂိုး' ဆိုသောအသံများက
ကွင်းထဲမှာ ဆူညံလျှက်. . .

ပွဲပြန်စတော့ ဇေမျိုး အော်ပြီးမေးလိုက်သည်။

"ဘာဆက်လုပ်ရမလဲ"

"လုပ်ချင်သလိုလုပ်တော့"

တိုးလျှလျှအသံက နားထဲသို့ဝင်ရောက်လာသည်။
တစ်ဆက် ထဲမှာပင် ဖိုးကျော်၏

"မင်းကြိုက်သလိုလုပ်" ဟူသော အသံကိုကြားလိုက်
ရ၍ ပြုံးမိသေးသည်။

ဒီတစ်ခါတော့ ဇေမျိုး နောက်တန်းမှာပင် ကိုယ့်နေရာ
ကိုယ် နေလိုက်တော့သည်။ ရောက်လာသမျှ ဘောလုံးတို့ကို
လည်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ပွဲပြီးသွား
တော့ ဖိုးကျော်က

"ဇေမျိုး ဒီနေ့မင်းအရမ်းကောင်းတယ်ကွာ။ နောက်
တစ်ခါ ရှေ့တန်းမှာ တက်ကန်ပါလား"

"ဟာ မလုပ်နဲ့ ငါမှရှေ့တန်းဆော့နေကျ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နေရာနဲ့ကိုယ် ဆော့မှ အဆင်ပြေမှာပေါ့"

"ဒါဆို မင်းဘာလို့ ရှေ့တန်းမှာတက်ပြီး ခြေစွမ်းပြ နေလဲ"

"ဒါကတော့ ဒါကတော့. . ."

ဇေမျိုး ဘာပြောရမှန်းမသိဘဲ ဟိုကောင်မလေးကို သာ မျက်စေ့ကစားပြီး ရှာကြည့်မိသည်။ မတွေ့တော့

"ဒါကတော့ကွာ တစ်ခါတစ်လေ စမ်းကြည့်တာပါ။ ဟို မာလ်ဒီနီတို့လည်း တစ်ခါတစ်လေ ဂိုးတက်သွင်းတတ် တာပဲ"

"ဟုတ်တယ်ကွ။ ဒီနေ့ မင်းတော်တော်မြင်တတ် တယ်။ ရတဲ့အခွင့်အရေးကို ကွက်တိအသုံးချလိုက်တာပဲ။ ဒါမျိုးဆိုတာ တစ်ကယ်ကန်နေတဲ့သူထက် ဘေးကနေ တစ်ကွင်းလုံးကြည့်နေ တဲ့ သူမျိုးမှ ပိုပြီးမြင်ရတတ်တာမျိုးကွ"

ဇေမျိုးတစ်ယောက် ပုခုံးတွန့်လိုက်ရုံမှတပါး အခြားမရှိ။

♠♠♠♠♠





"ဟော့ သူရဲကောင်းကြီး လာပြီဟေ့"

ဇေမျိုး ကြည့်လိုက်တော့ ဇော်ဇော်တို့သုံးယောက်။ ဘောလုံးကန်ပြီးအပြန် ဟိုကောင်မလေးကို ရှာမတွေ့လို့ စိတ်ညစ်နေရတဲ့ ကြားထဲ။

"မင်းက ဘာအဆောင်တွေပါနေလို့ ဒီလောက် ကောင်းနေရတာလဲ။ ပထမပိုင်း ကြောက်လို့ဘေးထွက် ထိုင်နေတဲ့ ကောင်က"

ဒီကောင်တွေ ဇေမျိုးကတစ်ယောက် သူတို့က သုံးယောက်မို့ ရန်စနေကြတာ။ တစ်ကယ် သုံးယောက် တစ် ယောက်တော့ ဇေမျိုးလည်း ရန်မဖြစ်ရဲပါ။ တရှပ်သိုင်းကား



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဇာတ်လိုက်မှမဟုတ်တာ။ ဇော်ဇော်ကကော့ ဘာမှ ဝင်မပြော။ ဘေးကနေ စပ်ဖြဲဖြဲနှင့် ရပ်ကြည့်နေသည်။ သို့သော် ဇေမျိုးသိပါသည်။ ဒါ ဇော်ဇော်၏ လက်ချက်။ ဒီကောင် မြှောက်ပေးလို့သာ သူ့သူငယ်ချင်းတွေ စရဲတာပါ။ ဟောကြည့် ဇော်ဇော်ကပင်

"ကြောက်ကန်ကန်ပြီး ကြက်ကန်းတိုးတာပါကွာ"

"ဟုတ်မယ်ဟေ့။ ငါတို့ကို ကြောက်ပြီး ကြောက်ကန်ကန် နေတာ။ ဟေ့ကောင် ဟုတ်တယ်မဟုတ်လား"

ဇော်ဇော့်အဖော်နှစ်ယောက်က ရှေ့ကိုတိုးလာသည်။

"ဟေ့ကောင် ပြောလေကွာ။ ကြောက်တယ်မဟုတ်လား"

"မလုပ်ပါနဲ့ကွာ။ နဂိုကမှ ကြောက်နေရတဲ့အထဲ။ ငိုပြီး ပြန်သွားရပါဦးမယ်"

ဇော်ဇော်က လှောင်သလိုပြောင်သလို ပြောလိုက် သောအခါ ဇေမျိုး စိတ်မထိန်းနိုင်တော့။ သူ့ရှေ့မှာရှိတဲ့ ကောင်ကို ဆွဲထိုးလိုက်သည်။ ဟိုကောင်တွေကလည်း ပြန်ထိုးတော့သည်ပေါ့။ ဇော်ဇော်ကတော့ ဝင်မထိုးပါ။ သို့ရာတွင် ဝင်ထိုးသည်ထက် ပိုဆိုးသည်။

"ဟေ့ကောင်တွေ အချင်းချင်း ရန်မဖြစ်ကြနဲ့လေကွာ"





ဟုပြောရင်း ဆွဲပေးသလိုလိုဖြင့် ဇေမျိုးကို ဝင်ချုပ်ပေး သည်။ ဒီတော့ ဟိုနှစ်ကောင်က ထိုးကောင်းပြီပေါ့။

"ဟေ့ကောင် ပြောလေကွာ။ ကြောက်ပြီလား"

ဇေမျိုး ခေါင်းထဲမှာ ဘာမှမမြင်ရ။ နာကျင်လွန်းလှပြီ။ သို့သော် အံကြိတ်၍နေလိုက်သည်။

"ဟေ့ကောင် ပြောလေကွာ"

စိတ်ထဲမှာ တမ်းတလိုက်မိသည်။ ဇင်မာ. . .၊ ဇင်မာ၊ ထိုစဉ်မှာပင် အသံတစ်ခုကြားလိုက်ရသည်။

"စိတ်မပူနဲ့၊ ဆောင့်ရုန်းလိုက်"

ဇေမျိုး ရှိသမျှအားကို တင်းလိုက်ပြီး ဇော်ဇော့်ကို တံတောင်ဖြင့်တွတ်ကာ ရုန်းထွက်လိုက်သည်။ ဇော်ဇော် နောက် သို့လန်ကျသွားသည်။ သူ့အဖော်တစ်ယောက်က လှမ်း၍ကန် လိုက်သောအခါ ဇေမျိုးလဲကျသွားသည်။

"ညာဘက်ဘေးမှာ၊ ညာဘက်ဘေးမှာ"

ဇေမျိုး ညာဘက်လက်က မာကျောသောအရာ တစ်ခုကို စမ်းလိုက်မိသည်။ မစဉ်းစားတော့။ မျက်စေ့ရှေ့ မင်ရာ စွတ်ကန်ရိုက်တော့သည်။

"ဟေ့ဟေ့ ရန်မဖြစ်ကြနဲ့လေ။ ဆွဲကြပါဟ"

လူကြီးအချို့၏အသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်းမှာပင် ကြားနေကျအသံက

"ပြေးတော့လေ. . . ပြေးတော့"

ဇေမျိုး ပြေးတော့သည်။

"တုတ်ကိုလွှတ်ချလိုက်ဦး"

တုတ်ကိုလွှတ်ချပြီး ရှေ့ကိုဆက်ပြေးတော့

"ညာဘက်ကိုချိုးပြေး. . . ညာဘက်ကိုချိုးပြေး"

ညာဘက်ကိုချိုးပြေးလိုက်သည်။

"လွတ်ပါပြီ အေးအေးဆေးဆေးပြန်တော့"

ဒီတော့မှ ဇေမျိုး အေးအေးဆေးဆေးရပ်ပြီး အမော ဖြေနိုင်တော့သည်။ နည်းနည်းအမောပြေလို့ ဘေးဘီဝဲယာကို ကြည့်လိုက်တော့ ကောင်မလေးကို မတွေ့ရတော့. . .

"ဇင်မာ. . ဇင်မာ. . နင်ရှိနေသေးလား"

ဘာမှတုန့်ပြန်သံမကြားရ။

"ဇင်မာ. . ရှိရင်ပြန်ဖြေပါဦးဟာ. . ၊ ဇင်မာ. . ဇင်မာ"

ထူးခြားမလာ. ဇေမျိုးလည်း အိမ်သို့ပြန်လာခဲ့လိုက်တော့သည်။ ခြေလှမ်းများတော့ လေးပင်လျှက်။ လမ်းထိပ်သို့ရောက်မှ ဘာစိတ်ကူးပေါက်သည်မသိ။ ကျောင်းဘက်သို့ ခြေဦးပြန်လှည့်မိသည်။ ကျောင်းဝန်းကြီးကတော့ အမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်လျှက်. . .။





ကျောင်းရှေ့အုတ်ခုံပေါ်မှာ အမောဖြေဖို့ထိုင်လိုက်သည်။ ကျောင်းဝန်းကြီးကို ရီဝေစွာ ငေးမောနေမိသည်။ စိတ်ထဲမှ ဇင်မာဟု ရေရွတ်မိသော်လည်း ကောင်မလေးက တော့ ပေါ်မလာ။

ဇေမျိုး ကောင်မလေးနှင့် စတွေ့သည်ကို ပြန်တွေးမိသည်။ ဒီကျောင်းဝန်းကြီးထဲမှာ. . .။ ဒါဆိုအခုရော ကျောင်းဝန်းထဲမှာ ရှိနိုင်သေးလား။

"ငါ နေတဲ့ နေရာတွေက အများကြီးပဲ"

"ဒါဆို သူဌေးပေါ့"

"မဟုတ်ပါဘူးဟာ။ ငါနေလို့မရတဲ့ နေရာတွေက လည်း အများကြီးပဲ။ ကမ္ဘာပေါ်မှာ နေတယ်လို့ပဲ မှတ်ထား လိုက်ပေါ့ဟာ"

ကော်ဖီဆိုင်မှာ ကောင်မလေးပြောခဲ့သည့် စကား တွေကို ပြန်သတိရမိတော့လည်း စိတ်ပျက်လက်ပျက်နှင့်ပင် အိမ်သို့ပြန်လာခဲ့တော့သည်။ ကျောင်းဝန်းရှေ့မှ ထွက်လာခဲ့ သော်လည်း အိမ်ပြန်ချင်စိတ်တို့ မရှိသေး။ စိတ်လေလေနှင့် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားနေမိသည်။ နီကျင်ကျင် ဝါကျင့်ကျင့် လမ်းမီးရောင်တို့ အောက်တွင် စိတ်တို့ကလွင့်ပါးလျှက်. . .

www.burmeseclassic.com

www.burmeseclassic.com

အချို့က အိမ်ပြန်ကြသည်။ အချို့က တစ်နေရာရာကို သွားလာနေကြသည်။ သူကတော့ အိမ်ကိုပြန်ခြင်းလည်း မဟုတ် အပြင်သို့ထွက်ခြင်းလည်းမဟုတ်။ ရည်ရွယ်ချက်မဲ့ လျှောက်သွားနေခြင်းပင်။ လမ်းပေါ်တွင် ကားများစွာပြေးလွှားလျှက်၊ လူများစွာ လျှောက်သွားလျှက်။ သို့သော် ထိုသူများသည် သူနှင့် လုံးဝမသက်ဆိုင်သလိုပင် ခံစားနေရသည်။ လက်ဖက်ရည်ဆိုင်တို့မှ တေးသံများ၊ ဈေးသည်တို့၏ အော်ဟစ်ရောင်းချသံများ ကိုလည်း သူဂရုမပြုမိ။ သူ့အဖြစ်က လူသူကင်းမဲ့သည့် မြို့ကြီးထဲတွင် တစ်ယောက်ထဲ လျှောက်သွားနေရသလိုပင် သူ့စိတ်က ထင်နေမိသည်။

စိတ်ပေါက်ပေါက်နှင့် လျှောက်သွားနေလိုက်သည်မှာ ညဉ့်နက်လို့နက်မှန်းပင်မသိ။ သတိရ၍ လက်မှနာရီကို ကြည့်လိုက်သောအခါ ညကိုးနာရီကျော်နေပြီ။ နောက်ဆုံးတော့လည်း ခြေဦးလှည့်စရာ အိမ်ပဲကျန်တော့သည်။

အိမ်ထဲသို့ ဝင်လာလိုက်ကတည်းက မေမေ၏ ဆီး၍ဆူပူ သံတို့ကို ကြားလိုက်ရသည်။

"ဖိုးဇေ ဒါဟာ ကျောင်းသားတစ်ယောက် အိမ်ပြန်တဲ့ အချိန်လား"

"သူငယ်ချင်းတစ်ယောက်အိမ် ဝင်နေလို့ပါမေမေ"





"ဘာမှအကြောင်းပြမနေနဲ့။ အခုတလော နင်အကျင့်ပျက်တာတွေ များနေပြီ။ ဒါနောက်ဆုံးအကြိမ် ဖြစ်ပါစေ။ နောက်ဆို ငါ့ကို အဆိုးမဆိုနဲ့"

"ဟုတ်ကဲ့ပါ မေမေ"

"ထမင်းစားတော့လေ"

ထမင်းစားခန်းထဲ ဝင်လို့တော့မဖြစ်။ ဒေါ်ရာတွေကို မေမေသာမြင်သွားခဲ့လျှင်. . .

"သား သူငယ်ချင်းအိမ်မှာ စားလာခဲ့ပြီမေမေ။ ကျူရှင်က အိမ်စာပေးလိုက်လို့ အခန်းထဲဝင်တော့မယ်"

ဇေမျိုး အခန်းထဲသို့ ဝင်လာလိုက်သည်။ သူ့နောက်ဘက်တွင်ပေါ့ မေမေ၏ သူ့အကြောင်းအသုံးမကျပုံ၊ စည်းကမ်းမရှိပုံတို့ကို ဖွဲ့ကာနွဲ့ကာ မည်တွန်တောက်တီးနေသံများ ကျန်ရစ် ခဲ့သည်။

လွယ်အိတ်ထဲမှ စာအုပ်များကို စားပွဲပေါ်သို့ ဖရိုဖရဲပုံချလိုက်သည်။ တစ်အုပ်ကို ဆွဲပြီးကြည့်လိုက်တော့ သင်္ချာ၊ စိတ်မပါ၍ ပြန်ချထားလိုက်သည်။ နောက်တစ်အုပ် ရူပဗေဒ။ ဒါကိုလည်း စိတ်ဝင်စား၍မရသေး။ နောက်ဆုံးတော့ မြန်မာစာ စာအုပ်**ကို ဆွဲယူ**ကာ လျှောက်လှန်ကြည့်နေလိုက်တော့သည်။ ဒါလ**ည်း၊ တစ်**ပုဒ်မှ အစအဆုံး မကြည့်နိုင်။ ပျင်းလှ၍


www.burmeseclassic.com

www.burmeseclassic.com



ဒီလှန် ကျော်ကာလွှားကာ ကြည့်နေခြင်းပင်။ တစ်နာရီမျှပင် မကြာသေး။ ဇေမျိုးမီးပိတ်လိုက်ပြီး ညအိပ် မီးလုံးလေးကို ထွန်းလိုက်သည်။ သူ့အခန်းထဲက ညအိပ်မီးလုံးလေးမှာ နီကျင့်ကျင့် အရောင်. . . .

အိပ်ယာပေါ် လှဲချလိုက်တော့မှ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလာတော့သည်။ ခုတလော ဒဏ်ရာအဲနာတရတွေ သိပ်ပြီးများပြားနေသည်။ ကျောင်းဖြတင်းပေါက်ပေါ်က ခုန်ချလိုက်၍ ဒဏ်ရာတွေရသည်။ အခုလည်း ဟိုကောင်တွေ၏ ကောင်းကျိုးနှင့် ဒဏ်ရာရပြန်ပြီ။

ဇေမျိုး ဆေးထလိမ်းဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် လူက အိမ်ယာပေါ်မှ မထချင်တော့။ ခုလိုအိပ်ယာပေါ်မှာ မလှုပ်မရှားဘဲ ငြိမ်နေသည်က ပိုပြီးသက်သာသည်ဟု ထင်မိသည်။ ခုချိန်မှာ အေးအေးဆေးဆေးအနားယူတာပဲ ကောင်းလိမ်မည်။ သီချင်း နားထောင်ချင်တာတောင်မှ အိပ်ယာပေါ်မှ မထချင်သဖြင့် နားမထောင်တော့. . . .

ကောင်မလေး. . . ဇင်မာ. . .

ဘာလဲ၊ ဘယ်ကလဲ၊ သူမဟာ သာမန်မဟုတ်တာတော့ သေချာသည်။ တစ္ဆေသရဲဆိုတာတွေကို ဇေမျိုးမယုံပါ။ သို့သော် ယခုတော့ မယုံချင်လည်း ယုံရတော့မည်။ အကယ်





၍ သရဲ မဟုတ်လျှင် နတ်သမီးလား။ မဖြစ်နိုင်၊ နတ်သမီးက နတ်ပြည်တွင်နေလိမ့်မည်။ နတ်သမီးတစ်ပါးပါးက ကူညီစောင့်ရှောက် သောက်ရအောင် သူကလည်း သူတော်ကောင်းတစ်ယောက်တော့ မဟုတ်ပါ။

တစ္ဆေသရဲ ဆိုလျှင်လည်း သူရဲခြောက်တာတို့ ဘာတို့ပဲ ကြားဖူးသည်။ ကောင်မလေးကတော့ သူ့ကိုခြောက်လန့်အောင် မခြောက်လှန့်ခဲ့ပါ။ ဒုက္ခရောက်ချိန်တွင် ကူညီခဲ့သည်။ ကော်ဖီဆိုင်မှာ ပျင်းနေချိန်တွင် လာရောက်ထိုင်ပေးခဲ့သည်။

အို ဘာပဲဖြစ်ဖြစ်ပေါ့လေ ဘယ်လိုပုဂ္ဂိုလ် သတ္တဝါမဆို တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ရတာက မကောင်းဘူးလား။ ရန်သူဖြစ်ကြတာမှမဟုတ်တာ။ တကယ်ဆို ဇေမျိုး ဘဝတစ်လျှောက်လုံးမှာ အခုလို လိုအပ်ချိန်မှာ အနားရောက် လာတတ်သောသူဟူ၍ မရှိခဲ့ဖူးပါ။ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းပေါင်းများစွာတော့ ရှိသည်ပေါ့လေ။ ဥပမာ-ဖိုးကျော်။ ဇေမျိုးနှင့် ဖိုးကျော်တို့က သူငယ်တန်းကတည်းက အခုချိန်ထိ ပေါင်းသင်းလာသူတွေ။ တစ်ယောက်နှင့်တစ်ယောက် စရိုက်တူ၊ အကျင့်တူ၊ ဝါသနာတူသူတွေလေ။ သို့သော် ဖိုးကျော်နှင့်သူက ကျောင်းမှာသာတွေ့ကြသည်က များပါသည်။ အိမ်ချင်းကလည်းဝေး



www.burmeseclassic.com

www.burmeseclassic.com



သလို ဖိုးကျော်က ကျောင်းအားချိန်မှာ သူ့မိဘများကို ကူညီရသေးသည်။ အထက်တန်းရောက်တော့ ပိုဆိုးသည်။ သူတို့နှစ်ယောက် ကျောင်းချင်းတူ အတန်းချင်းတူကြသော်လည်းပဲ တန်းခွဲချင်း မတူကြတော့။

နောက်ပြီးတော့ ဝေဝေ။ ဝေဝေကလည်း ငယ်ပေါင်းပါပဲ။ ဝေဝေကိုလည်း ခင်မင်ပါသည်။ သို့သော် ဝေဝေနှင့်သူက အစစအရာရာ ဆန့်ကျင်ဘက်ဖြစ်သည်။ သူစိတ်ဝင်စားသမျှတို့ကိုဝေဝေက ဘာမှန်းပင်မသိ။ ဝေဝေ စိတ်ဝင်စားသည်တို့ကလည်း သူ့အတွက် တစ်ကယ့်ကိုပျင်းရိစရာ။ မခေါ်မပြော နေနိုင်တာလည်း မဟုတ်ပါဘဲ ရန်ဖြစ်ရတာတွေကလည်း စိတ်ကုန်ချင်စရာ။

အိမ်မှာဆိုလျှင်လည်း ဖေဖေက တစ်နေကုန်ရုံးမှာ။ ညဘက် အိမ်ပြန်ရောက်တော့လည်း သူ့ဟာသူဘာ စာအုပ်ဖတ် နေတတ်သည်။ မေမေ့ကတော့ . . .

တစ်ကယ်ဆို မေမေ့ကို ဇေမျိုးချစ်ပါသည်။ မေမေက ဇေမျိုး ကိုချစ်မှန်းလည်း သိပါသည်။ သို့သော် သူ့ကို မေမေက ဘယ်တော့မှ အကောင်းမမြင်။ သူ့ကိုမှမဟုတ်ပါ။ မေမေက ဖေဖေ့ကိုဆိုလျှင်လည်း အမြဲတမ်းလိုလို အပြစ်ပဲဆိုတတ်သည်လေ။ တစ်ခါတစ်လေတော့လည်း မေမေ





မဆူတဲ့နေ့မျိုးကို ဇေမျိုး လိုချင်မိသည်။

မေမေက သူ့ကို ကောင်းစေချင်၍ ဆူပူမှန်းလည်း သိပါသည်။ ဇေမျိုးလည်း လိမ်မာ၍ တော်ချင်ပါသည်။ သို့ရာတွင် မေမေက အပြစ်တွေကိုချည်း ပြောနေသောအခါ ဇေမျိုးလည်း (တမင်သက်သက်) အပြစ်တွေကိုပဲ လုပ်ချင်လာနေမိသည်။ ဒါကို မကောင်းမှန်းတော့ ဇေမျိုးသိပါသည်။ သို့သော် သူအပြစ်ကင်းတာကို လုပ်လျှင်လည်း မေမေက အပြစ်ပဲမြင်သည်။ အပြစ်မကင်းတာကို လုပ်လျှင်လည်း မေမေက အပြစ်ပဲမြင်သည်။ ဒီတော့သူလည်း ဘာမဆို အပြစ်တွေကိုပဲ လုပ်ချင်နေမိတော့သည်။ အို ရှုပ်ပါတယ်။ အိပ်ပစ်လိုက်တော့မယ်။ ခုတလော တွေးရတာရ စဉ်းစားရတာတွေများနေပြီ။ ဘာကိုမှ မစဉ်းစားချင်တော့။ ဖြစ်ချင်ရာဖြစ် ပြီးလျှင် ပြီးသွားလိမ့်မည်။

ရှုပ်ထွေးနေသော အတွေးများကို ရှင်းလင်းလိုက်သော အခါ မျက်တောင်တို့ကလည်း တဖြည်းဖြည်းစင်းလာပြီ။ တစ်နေ့ လုံး ပင်ပန်းထားသမျှ အနားယူလိုက်တော့မည်။

". . . ဇေမျိုး . . . ဇေမျိုး . . ."

အသံတိုးလျှလျှလေး ကြားလိုက်ရသည်။ အိပ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်ထင်နေတာလား. . .။

“. . . ဇေမျိုး. . . ဇေမျိုး. . . အိပ်ပြီလား. . .”

ဟုတ်ပါတယ်။ တစ်ကယ်ကိုကြားရတာပါ။ ဘယ်လိုမှ နားကြားလွဲတာမဟုတ်နိုင်။ ဟိုကောင်မလေးပဲ ဖြစ်ရမည်။

“ဇင်မာလား လာခဲ့လေ. . .”

ဇေမျိုးခုတင်ပေါ်မှ ထထိုင်လိုက်တော့ ကောင်မလေးက သူ့စာကြည့်စားပွဲတွင် ထိုင်နေပြီ။

“ဇေမျိုး နင်ဒီအတိုင်း မအိပ်နဲ့လေ။ ဒဏ်ရာတွေကို ဆေးထည့်မှ ဖြစ်မှာပေါ့”

“ထားလိုက်ပါဟာ။ ရပါတယ်။ ဘာမှ မဖြစ်ပါဘူး”

“ဟယ် ဘယ်ဟုတ်မလဲ။ သွား ဆေးသွားယူ ငါလိမ်းပေးမယ်။ ရေနွေးပါယူခဲ့။ ဆေးတစ်ခုခုရယ်၊ အရက်ပြန်ရယ်၊ ကော်ဖီ နှစ်ခွက်ရယ်ယူခဲ့”

“ဘာလဲ ကော်ဖီတွေပါ လိမ်းရမှာလား”

“နောက်မနေနဲ့ မြန်မြန်သွားယူ”

ဇေမျိုးလည်း ကောင်မလေး စေခိုင်းသည့်အတိုင်းပင် ဆေးတွေ ရေနွေးတွေ အခန်းထဲယူပေးလိုက်သည်။ သူ့ဒဏ်ရာတွေကို ကောင်မလေးက ရေနွေးဖြင့် ဆေးကြောပေးသည်။ ထို့နောက် အရက်ပြန်ဖြင့် ဆေးကြောပေးသည်။





“အား စပ်တယ်ဟ”

“ဒါလေးများ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ။ နင်သတ္တိ မရှိဘူးလား”

“သတ္တိရှိလို့ နင်နဲ့အတူတူ ထိုင်နေရဲတာပေါ့”

ကောင်မလေးက သူ့ကို တစ်ချက်စိုက်ကြည့်သည်။ ပြီးမှ တစ်ချက်ရယ်မောလိုက်ရင်း

“ဘာလဲ ငါကအရမ်းကြောက်ဖို့ ကောင်းနေလို့လား”

“ဟင့်အင်း အရမ်းထူးဆန်းနေလို့၊ နင်. . . သာမန်ဟို. . . ဘယ်လိုပြောရမလဲ။ နင်ကသာမန်လူတွေနဲ့ မတူဘူးမဟုတ်လား။ ဟို ဟို နင်က နတ်သမီးလား”

ကောင်မလေးက သူ့ကိုကြည့်ပြီးရယ်သည်။ ချက်ခြင်းပင် အရယ်ရပ်သွားပြီး မျက်နှာတည်သွားကာ

“မဟုတ်ပါဘူးဟာ”

“ဒါ ဒါဆိုရင် နင်. . . နင်. . . လူမှ ဟုတ်ရဲ့လား. .”

“လူဆိုရင် ဘယ်မိန်းကလေးက အခုလိုညဘက်ကြီးမှာ သူများအိမ် လျှောက်သွားနေတာ နင်မြင်ဖူးလို့လဲ”

“ဒါဆို နင် နင် ငါ့ကို. . .”

“ကျွတ် ဇေမျိုးရယ်။ ငါမှားသွားတယ်။ တစ်ကယ်သိလား။ နင့်အမြဲတမ်း အူကြောင်ကြောင်နဲ့ တလွဲတွေပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတော့ ငါ ဝင်ပါမိတယ်။ တစ်ကယ်ဆို ငါ မသိချင်ယောင်ဆောင်နေလိုက်ရမှာ။ အခုတော့ နင့်ခေါင်းထဲမှာ ငါက ဘာလဲဆိုတဲ့ အတွေးကြီးက ဝင်နေပြီ။ ငါကိုယ်ကလည်း ငါ့ရှေ့မှာနင်တစ်ခုခု ဖြစ်ရင်မနေနိုင်တာ မှားသွားတယ်"

ဒီလိုဆိုတော့ ဇေမျိုးလည်း ကောင်မလေးကို အားနာမိသည်။ ဘာပြောရမှန်းလည်း မသိတော့. . .

"ဒီမှာဇေမျိုး ငါကနင့်ကိုခင်လို့ သူငယ်ချင်းဖြစ်ချင်လို့ပါ။ နင်က လက်မခံချင်ဘူးလား။ တစ်ကယ်လို့ ငါဟာ နတ်သမီးဆိုရင် နင်နဲ့ ခင်လို့မရတော့ဘူးလား။ မကောင်းဆိုးဝါးတစ်ယောက်ဆိုရင် ခင်လို့မရတော့ဘူးလား။ နင်က ငါ့ကို မကောင်းဆိုးဝါး တစ်ကောင်လို့ပဲ ထင်နေတယ် မဟုတ်လား"

"ဟို. . . မဟုတ်ပါဘူးဟာ။ နင်က မကောင်းဆိုးဝါး မဟုတ်ပါဘူး။ နင်က ငါ့အပေါ်မှာ ကောင်းပါတယ်ဟာ"

"နင့်အပေါ်မှမဟုတ်ပါဘူးဟာ။ ငါဘယ်သူ့အပေါ်မှာမှ မဆိုးပါဘူး။ ငါတစ်ယောက်ထဲ နှစ်တွေဘယ်လောက်တောင်မှ အထီးကျန်နေရတယ်ဆိုတာ နင်သိမှာမဟုတ်ပါဘူး။ နင်လည်းပဲ တစ်ယောက်ထဲလိုလို အထီးကျန်ဖြစ်နေလို့ ငါကစာနာစိတ်နဲ့ နင့်ကိုခင်တာပါဟာ"





"ငါလည်း နင့်ကိုခင်ပါတယ်ဟာ ဒါပေမဲ့ ဟို နင်က လူသားတစ်ယောက်"

"ဇေမျိုး နင်က လူတွေပြောနေကြတဲ့ သရဲတစ္ဆေလို့ ငါ့ကိုထင်နေတာ မဟုတ်လား။ အဲဒီသရဲတစ္ဆေဆိုတာ ဘာကိုခေါ်မှန်း ငါတစ်ကယ်မသိပါဘူး။ တစ်ကယ်လို့ ငါဟာတစ္ဆေတစ်ကောင်ဆိုရင်ရော လူတစ်ယောက်ကို ခင်မင်ခွင့်မရှိတော့ဘူးလား။ နင်ထင်တဲ့အတိုင်းပဲ ငါဟာ လူသားစစ်စစ် တစ်ယောက် မဟုတ်ပါဘူး။ ငါဟာ ဘာလဲဆိုတာတော့ အမှန် အတိုင်းပြောရရင် ငါကိုယ်တိုင်လည်း တစ်ကယ်မသိပါဘူး။ အင်းပေါ့လေ နင်တို့လူတွေက အိမ်မှာမွေးထားတဲ့ ခွေးကလေးကြောင်ကလေး ရွှေငါးတွေကိုတော့ ချစ်ချင်ရင် ချစ်မယ်။ နင်တို့လူတွေ အချင်းချင်းတောင်မှ မခေါ်နိုင်မပြောနိုင်တွေ ဖြစ်ကြ၊ ရန်တွေ ဖြစ်ကြ၊ ကိုက်ကြခိုက်ကြ ဖြစ်နေကြတာပဲ။ ငါတို့ကို မခင်နိုင်တာတော့ မထူးဆန်းပါဘူးဟာ"

ကောင်မလေးက မရပ်မနားပြောသွားသော်လည်း ဇေမျိုး ဘာပြန်ပြောရမှန်းမသိ။ သူပြောသမျှတွေကိုသာ နားထောင်နေမိသည်။ ကောင်မလေးက

"ငါ တောင်းပန်ပါတယ်ဟာ။ စိတ်ချ နောက်ကိုငါ နင်နဲ့ မပတ်သက်တော့ပါဘူး။ နင် ငါ့ကို ဘာမှစိုးရိမ်စရာလည်း



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး။ ငါ့ကို မြင်လည်းမမြင်ရစေတော့ပါဘူး။ ငါ့ခင်တာနှင့်အတွက် အနှောက်အယှက်ဖြစ်နေရင်လည်း တောင်းပန်ပါတယ်။ ငါသွားတော့မယ်"

စကားဆုံးသည်နှင့် ကောင်မလေးက ရုတ်တရက်ပင် ပျောက်သွားတော့သည်။

"ဇင်မာ ဇင်မာ ခဏနေပါဦး။ ဇင်မာ. . . ဇင်မာ"

ဇေမျိုး ခေါ်နေသော်လည်း ကောင်မလေးကို ပြန်မတွေ့ရတော့ပါ။ ဇေမျိုး တစ်ယောက်ထဲ ငိုင်ပြီးကျန်ရစ်သည်။ သူ မှားသွားပြီ။ တစ်ကယ်ဆို ဘာပဲဖြစ်ဖြစ် သူရင်ဖွင့်နှုတ်ပိတ်နေလိုက်ဖို့ ကောင်းသည်။ အခုတော့. . .

စိတ်ပျက်လက်ပျက်နှင့် နဖူးပေါ် လက်တင်မိတော့ ဒဏ်ရာတွေကိုထိမိပြီး စစ်ခနဲ နာကျင်သွားသည်။ လက်ဖမိုးမှာ ဆေးတွေက ကပ်ပါလာသည်။ ခုနက ကောင်မလေး လိမ်းပေးသွားသည့် ဆေးများပင် ဖြစ်သည်။

ရက်ပိုင်းကလေး အတွင်းမှာပင် သူငယ်ချင်း တစ်ယောက် ရခဲ့သည်။ အခုတော့ ရက်ပိုင်းကလေးအတွင်း အခင်မင်တွေ ပျက်စီးသွားခဲ့ပြီ. . .

"ဇင်မာ. . . နင့်ကိုငါ ခင်ပါတယ်. . ."

ဇေမျိုး တိုးတိုးလေး ရေရွတ်မိသည်။ သို့သော်





မှောင်ထဲတွင် သူ့အသံကို မည်သူကကြားနိုင်ပါမည်နည်း။ ကြားရလိုကြားရငြား ထပ်ပြီးရေရွတ်မိသည်။

"သူငယ်ချင်းရေ. . . ပြန်လာခဲ့ပါ"

ဇေမျိုး နောင်တရမိသည်။ အရာရာကို အလောတကြီး ပြုမူမိသော သူ့အကျင့်ကိုလည်း မကျေမနပ်ဖြစ်မိသည်။

"ဇင်မာရယ် နင်ဘာပဲဖြစ်နေဖြစ်နေ နင့်ကိုငါ ခင်ပါတယ်။ နင် ပြန်လာခဲ့ပါ"

ငှက်တို့ပင် အိပ်တန်းမှ ထကြပြီ။ ဇေမျိုးမှာ. . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ဇေမျိုး လာခဲ့စမ်း။ အခုချက်ချင်း ထွက်ခဲ့စမ်း. . ."

ညက တစ်ညလုံးမအိပ်ခဲ့ရ။ မနက်ကျတော့လည်း ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ ထို့ကြောင့် မေမေ့အသံကို ကြားရသော်လည်း ဇေမျိုးမှာ အိပ်ယာထဲက မထနိုင်သေး။

"ဇေမျိုး အခုချက်ချင်း ထွက်ခဲ့စမ်း. . .။ ငါလာခဲ့ရမှာလား"

"လာပြီမေမေ လာပြီ"

အိပ်ချင်စိတ်မပျယ်သေးသော်လည်း မေမေ့စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းသိ၍ ဇေမျိုး လူးလဲပြီးထလိုက်ရသည်။ ကမန်းကတန်းပင် အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့တော့

"နင့်ကိုငါ ရန်မဖြစ်ဖို့ ပြောထားတယ် မဟုတ်လား။ ဘာမှ အကြောင်းပြချက်ပေးမနေနဲ့။ ဘာ့ကြောင့်ပဲဖြစ်ဖြစ် ရန်မဖြစ်ရဘူးဆိုတာ ငါဘယ်နှစ်ခါပြောရမှာလဲ"

ဇေမျိုး ခေါင်းငုံ့နေမိသည်။ ဘာမှလည်း ပြန်မပြောတော့။ ပြောချင်စိတ်လည်းမရှိ. . .။

"နင်ကသိပ်သတ္တိရှိနေတယ်ပေါ့လေ။ နင်ရိုက်လိုက်လို့ ငါ့မှာ သူများကိုသွားပြီး အောက်ကျခံ တောင်းပန်လိုက်ရပြီ။ နင်မိဘကို တော်တော်ဒုက္ခပေးတယ်။ စေတနာနဲ့ ဆွဲမပေးတဲ့ သူကိုတောင်မှ နင်ကရိုက်လိုက်သေးတယ်ဆို"

ဇေမျိုး စိတ်ပျက်မိသည်။ ပြန်၍လည်း မငြင်းချင်တော့ပေ။ အဖြစ်မှန်ကိုပြောပြတော့လည်း မေမေကယုံမှာမှ မဟုတ်တာ။ ထားလိုက်ပါတော့ အကုန်လုံး သူ့အပြစ်တွေချည်းပဲလို့. . .

နောက်ဆုံးရလဒ်ကတော့ ဇေမျိုးမှာ အပြင်မထွက်ရ မုန့်ဖိုးလုံးဝမယူရ၊ ကျောင်းပြန်မဖွင့်မချင်း ကျူရှင်လည်း မတက်ရ။ မတတ်နိုင် ဖြစ်ချင်ရာဖြစ်ပေါ့။ အရင်ကလည်း အိမ်မှာနေလည်း ပျင်းစရာ အပြင်ထွက်တော့လည်း ပျင်းစရာ





တွေချည်းပဲ။ အခုရော အပြင်မထွက်ရလည်း ဟိုတုန်းကလို ပျင်းစရာတွေချည်း ဖြစ်နေမှာပဲ။ ဘာများ ထူးခြားလို့လဲ။

မေမေကတော့ မဆုံးနိုင်အောင် ဆက်လက်ဆူပူလျှက်ရှိသည်။ ဇေမျိုးကတော့ မတုန်မလှုပ်ကျောက်ရုပ်ပမာ။

ဇေမျိုး တစ်နေကုန်အောင် အခန်းထဲမှာ အောင်းနေလိုက်သည်။ ညနေကတော့ ဖိုးကျော်ရောက်လာသည်။ ရန်ပွဲအကြောင်း သတင်းကြား၍ လာမေးခြင်းပင်။ ဇေမျိုးက ပြန်ပြီးပြောပြတော့ ဖိုးကျော်မှာလည်း တက်တစ်ခေါက်ခေါက်ဖြင့်။ နောက်တော့ သူတို့နှစ်ယောက် ရောက်တတ်ရာရာတွေလျှောက်ပြော နေကြမိသည်။ ကျောင်းကကောင်တွေအကြောင်း. . . ရုပ်ကွက်ထဲကအကြောင်း စသည်ဖြင့်. . . စသည်ဖြင့်. . .

"ဒါနဲ့ မင်းပြောတဲ့ကောင်မလေးက ဝေဝေ့သူငယ်ချင်းလားကွ"

"မဟုတ်ပါဘူးကွာ။ ဘယ်သူ့ သူငယ်ချင်းမှ မဟုတ်ပါဘူး"

"မင်းနဲ့တွေ့သေးလား"

"အင်း. . ."

"ဘယ်ကလဲ၊ ဘယ်မှာနေတာလဲ မေးမထားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဇေမျိုး ခေါင်းခါပြလိုက်သည်။ အဖြစ်မှန်ကို ပြောပြတော့ ဖိုးကျော်က ယုံပါမည်လား။ မထင်ပါ။

"မင်းကွာ မေးထားလိုက်တာတော့ မဟုတ်ဘူး"

"သူ ငါ့ကိုစိတ်ဆိုးသွားတယ်ကွ။ နောက်ဆို မတွေ့တော့ဘူး ထင်ပါတယ်"

ဖိုးကျော်ကတော့ 'ကောင်မလေးတွေ စိတ်ဆိုးတာများ အဆန်းလုပ်လို့' ဟုဆိုကာ ရယ်နေသည်။ ဇေမျိုး ဘာမှပြန်ပြော မနေတော့. . .။

"ငါသွားတော့မယ်ကွာ။ ဆိုင်ပြန်သိမ်းပေးရဦးမယ်ကွ။ နောက်နေ့မှ လာခဲ့မယ်"

ဖိုးကျော်က နာရီကိုကြည့်ကာ သူ့ကို နှုတ်ဆက်သည်။ ဇေမျိုးလည်း ဘာစိတ်ကူးပေါက်သည်မသိ. . .။

"ဟေ့ကောင်ဖိုးကျော် မင်းမှာ ပိုက်ဆံပါသေးလား။ ရှိရင် ထားခဲ့စမ်းကွာ"

"ရှိသေးတယ်။ ယူထားလိုက်လေ"

ဖိုးကျော်က သူ့ကိုဘာမှ မေးမြန်းမနေဘဲ ပိုက်ဆံကိုသာ ထုတ်ပေးသည်။ ခါတိုင်းလည်း တစ်ယောက်ပိုက်ဆံကို တစ်ယောက်က ယူသုံးနေကျမဟုတ်လား။

ဇေမျိုးကလည်း ဘာရယ်မဟုတ် ယူထားလိုက်





တာပါ။ ဘာမှသုံးစရာရှိလို့တော့မဟုတ်။ အိမ်ထဲက အိမ်ပြင်မထွက်ရသူ တစ်ယောက်အတွက် ပိုက်ဆံဆိုတာ ဘာများအသုံးဝင်ဦးမှာလဲ။ သို့သော်မေမေက မုန့်ဖိုးမပေးတော့ဘူးဆို၍ လိုရမယ်ရ ယူထားလိုက်ခြင်းပင်။

ညဘက်ရောက်တော့ ဇေမျိုး တစ်ညလုံး ဂိမ်းထိုင်ဆော့ နေလိုက်သည်။ နေ့ဘက်ရောက်တော့ အိပ်ပေါ့။ အိပ်ယာကနိုးတော့ ဖေဖေ့စာအုပ်တွေကို ယူဖတ်နေလိုက်သည်။ နေ့လည်မှာ ဖိုးကျော်ရောက်လာသည်။ သူ့ဖို့ ဝတ္ထုတစ်အုပ်နှင့် မဂ္ဂဇင်းတစ်အုပ် ယူလာပေးသည်။ သူအပျင်းပြေစေရန် ဖိုးကျော်က ကြံဖန်၍လုပ်ပေးနေခြင်းပင်။ ဖိုးကျော်ကပင်

"ချက်စ် တစ်ပွဲလောက် ချလိုက်ကြရအောင်"

ဇေမျိုးလည်း ချက်စ်ခုံကို ယူလိုက်တော့သည်။ သို့သော် အာရုံဝင်စား၍မရ။ စိတ်မဝင်စားတော့ ဦးနှောက်ကလည်း မစဉ်းစားနိုင်။ ဇင်မာ့ကိုသတိရမိသည်။ သူ ဒီအခန်းထဲကိုများ ရောက်နေပြီလား။ အခု သူ့ဘေးမှာ ဇင်မာရှိနေလား။ ဟိုတစ်ခါ ဖိုးကျော်နှင့် ချက်စ်ထိုးတုန်းက ကောင်မလေးသူ့ကို ကူညီဖူးသည်။ အခုနေမှာလည်း ဒီအတိုင်းဆက်ဆော့လျှင် သူရှုံးတော့ မည်မှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ရှ(တ်) လွတ်သွားမယ်လေကွာ. . . သေချာကြည့်ပါဦးဟ"

ဖိုးကျော်ကပင် သူ့ကိုပြောယူရသည်။ သူစိတ်မပါမှန်းသိတော့ ဖိုးကျော်ကလည်း လျှော့လျှော့ပေါ့ပေါ့ပင်ပြီးစလွယ် ကစားလာသည်။ ဒါတောင်မှ ဇေမျိုးအနေနဲ့ ဘယ်လိုမှအနိုင်ရဖို့ မဖြစ် နိုင်တော့. . .။

ပွဲပြီးသွားတော့ ဖိုးကျော်က အရုပ်များကို ပြန်သိမ်းနေသည်။

"ဟော့ကောင် မထိုးတော့ဘူးလား"

"တော်ပါတော့ကွာ မင်းမှစိတ်မပါတော့တာ။ ကော်ဖီလေးဘာလေး သောက်ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် ဖိုးကျော်ကပင် မီးဖိုခန်းဘက်ထွက်သွားသည်။ ဖိုးကျော်အခန်းထဲကို ပြန်ဝင်လာတော့ ကော်ဖီနှစ်ခွက်ပါလာသည်။ ရေနွေးကြမ်းဓါတ်ဘူးကြီးပင် ယူလာလိုက်သေးသည်။

"လက်ဖက်ရည်ဆိုင် မသွားရတော့လဲ မင်းအခန်းကိုပဲ လက်ဖက်ရည်ဆိုင် လုပ်လိုက်ကြတာပေါ့ကွာ"

ဖိုးကျော်ကပင် သူ့စာကြည့်စားပွဲကို ရှင်းလင်းပြီး ခွက်တွေကို နေရာချနေသည်။ ဇေမျိုးကတော့ ငူငူငိုင်ငိုင်ဖြင့်သာ





ဖိုးကျော်လုပ်သမျှကို ငေးကြည့်နေမိသည်။

"ခွေကောင်းကောင်းလေးတွေ ဖွင့်ရမယ်ကွ"

ဖိုးကျော်ကပင် သူ့စီဒီတွေကို မွှေနှောက်ပြီး တစ်ချပ်ကို ဖွင့်လိုက်သည်။

"ကဲ ဆူညံဆူညံ လေးလည်းရှိပြီ။ ကော်ဖီနဲ့ အကြွမ်းအိုး လည်းရပြီ။ ပြတင်းပေါက်ဖွင့်လိုက်ကွာ။ လမ်းပေါ်က ကောင်မလေးတွေ ငေးလို့ရတာပေါ့။ ဒါဆို လက်ဖက်ရည်ဆိုင်နဲ့ တော်တော်လေးတူသွားပြီ။ ဘာလိုသေးလဲ"

ဖိုးကျော်ကိုကြည့်ပြီး ဇေမျိုး ရယ်ချင်လာမိသည်။ တစ်ကယ်တော့ ဖိုးကျော်က သူ့ကိုမပျင်းရိစေရန် ရှာကြံနှစ်သိမ့် နေခြင်းပင်။ သူ့ကို အိမ်ပြင်မထွက်ရ၍ စိတ်ညစ်နေသည်ဟု ဖိုးကျော် ထင်နေသည်လေ။ ဖိုးကျော်က စာကြည့်စားပွဲတွင် ခပ်တည်တည် ဝင်ထိုင်လိုက်ပြီး

"ဟော့ဟော့ ဒီဝိုင်းကို အကြွမ်းခွက်တွေ ချပေးဦး. . . ဟုတ်ကဲ့ လာပါပြီဆရာ. . ."

သူ့ဟာသူ မှာပြီး သူ့ဟာသူစားပွဲထိုးလုပ်နေသော ဖိုးကျော်ကိုကြည့်ပြီး ဇေမျိုးက

"လုပ်မနေနဲ့ ဟော့ကောင် ငါမပျင်းပါဘူးကွ"

"ဟဲဟဲ မင်းစိတ်ညစ်နေမှာစိုးလို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဆိုတော့လည်း ဒီကောင်ကမဆိုး။

ဇေမျိုးလည်း

"ဖိုးကျော်. . . မင်း တစ္ဆေသရဲဆိုတာ ယုံလား"

ဖိုးကျော်က ဇေမျိုးကို မော့ကြည့်သည်။ သူ့အကြည့်က ဒီကောင်နေကောင်းရဲ့လား ဟူသော အကြည့်မျိုးဟု ဇေမျိုး ဘာသာပြန်တတ်ပါသည်။ ဖိုးကျော်မျက်နှာမှာ တည်သွားပြီး

"ရှိချင်လည်း ရှိမှာပေါ့ကွာ။ မရှိချင်လည်း မရှိနိုင်ဘူးပေါ့။ ဘာလဲ မင်းကကြောက်တတ်လို့လား"

ဇေမျိုး ဘာမှပြန်မပြော။ ခေါင်းကိုသာ ခါပြလိုက်မိသည်။

"ရှိရှိ မရှိရှိပေါ့ကွာ။ ရှိလည်းသူ့ဟာသူနေ ကိုယ်လည်းကိုယ့်ဟာကိုယ်နေ ဘာဆိုင်လို့လဲ။ မင်းဘာတွေလျှောက်ပြီး အတွေးခေါင်နေတာလဲ"

ဇေမျိုး ဘာမှပြန်မပြော။ လမ်းမကိုသာ ငေးကြည့်နေမိသည်။ ဖိုးကျော်ပြောသွားသော 'သူ့ဟာသူနေ ကိုယ်လည်းကိုယ့်ဟာကိုယ်နေ ဘာဆိုင်လို့လဲ' ဟူသောစကားကို စိတ်ထဲမှ ရေရွတ်မိပြီး ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိသည်။

"တစ်ခါတစ်လေ ငါတွေးမိတယ်ကွ. . . "





ဇေမျိုး လေးတွဲ့တွဲ့ပြောလိုက်တော့ ဖိုးကျော်က ဂရုတစိုက် သေချာနားထောင်နေသည်။ ဇေမျိုးက ဘာမှဆက်မပြောဘဲ လမ်းမကိုသာ ငေးနေသဖြင့်

"ဘာကိုတွေးမိတာလဲကွ"

ဇေမျိုးမှာ ခေါင်းကိုသာ တွင်တွင်ခါယမ်းလျှက်. . . ပြီးတော့မှ မပြောချင်တော့သဖြင့်. . .

"ဪ လူတွေပြောပါတယ်. . . ."

ဇေမျိုး စကားရပ်သွားပြန်သည်။ ဖိုးကျော်က

"လူတွေက ဘာဖြစ်လို့လဲ"

"ဪ. . . လူတွေက ဘာဖြစ်လို့ ထမင်းစားပြီးရင် ရေသောက်ကြတာလဲလို့"

ခွေးကောင် ဘာဖြစ်တယ်ညာဖြစ်တယ်နှင့် ဖိုးကျော်က ဆဲပါလေတော့သည်။ ဇေမျိုးလည်း ဒီတော့မှ လန်းလန်းဆန်းဆန်း ဖြစ်လာတော့သည်။ ထို့နောက်တော့ သူငယ်ချင်းနှစ်ယောက်မှာ ပေါက်တတ်ကရ ဟာသပေါင်းများစွာတို့ကို မတိုင်ပင်ပါပဲ လျှောက်ပြောနေမိကြတော့သည်။

သူတို့ တဟီးဟီး တဟားဟား ဖြစ်နေသည်ကို ရုံးမှပြန်လာသော ဖေဖေကပင် တစ်စွန်းတစ်ကြားသွားပြီး သူတို့လုပ်ငန်းခွင်ထဲမှ ဟာသတချို့ကို ဝင်ပြောပြသွားသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့လည်း လောကကြီးက သာယာနေပါသေးလား။ ဖေဖေကပင်

"မဆိုးဘူးကွ မင်းတို့နှစ်ယောက်ရဲ့ လက်ဖက်ရည်ဆိုင်ကလေးက။ တို့ရုံးက သက်သာဆိုင်လို အကြွေးမှတ်လို့တော့ ရပါတယ်နော်"

နောက်ပြောင်ရင်းနှင့်ပင် ဖေဖေပြန်ထွက်သွားသည်။ ဖေဖေထွက်သွားတော့ ဇေမျိုးက ဖိုးကျော်ကိုတိုင်ပင်ဖို့ စိတ်ကူးလိုက်သည်။

"ဟေ့ကောင်ဖိုးကျော် ငါမင်းကို တိုင်ပင်စရာရှိလို့"

"ပြောနေစရာလားကွာ"

"သရဲဆိုတာ ငါတွေ့လိုက်ရတယ်ကွ။ ဒါပေမဲ့"

ဇေမျိုးလည်း ဖိုးကျော်ကို သူကြုံတွေ့ခဲ့ရသည်တို့ကို ပြောပြလိုက်သည်။ ကောင်မလေးက နောက်ဆုံးမှာ သူ့ကို ထားရစ်ကာ ထွက်သွားသည်အထိပေါ့။ သို့သော် ဖိုးကျော်ကတော့

"တော်စမ်းပါကွာ အဲဒီမင်းဟာသတွေက မရယ်ရပါဘူး"

"ငါတစ်ကယ်ပြောနေတာကွ"

"ဟေ့ကောင်ဇေမျိုး မင်းရဲ့ ပေါက်တတ်ကရ





ဇာတ်လမ်းထွင်တာတွေကို ရပ်လိုက်တော့။ ဒါမျိုးတွေကို ဝေဝေတို့လို ခပ်တုံးတုံးကောင်မလေးတွေကို သွားပြောကွ။ သူတို့က သရဲတွေဘာတွေ ကြောက်တတ်ကြတယ်။ ငါ့ကိုတော့ လာပြီး ဇာတ်လမ်းဆင်မနေနဲ့"

"ကျွတ်. ငါတစ်ကယ်ပြောမလို့ကွ"

"ဟိုတစ်ခါ ခွေးကလေးကို ကားတိုက်တုန်းကလို ပုံပြင်တွေလား။ တော်ပါတော့ကွာ"

တော်ပြီ ဒီကောင့်ကို ပြောပြနေရင်လည်း ယုံမှာမဟုတ်။ ဘယ်သူမှလည်း ယုံကြမှာမဟုတ်ပါဘူးလေ။ ဇေမျိုး ဘာမှပြောမနေတော့။ ညနေစောင်းတော့ ဖိုးကျော်ပြန်သွားသည်။ သူ၏ အယုံကြည်ရဆုံး သူငယ်ချင်း ဖိုးကျော်ကပင် သူပြောတာကိုမယုံတော့ ဇေမျိုး စိတ်ပျက်မိသည်မှာအမှန်။ ဒီကိစ္စက ဘယ်သူ့ကိုမှ ပြောပြလို့ မဖြစ်ပါဘူးလေ။

ညစာပင် မစားတော့ဘဲ ဇေမျိုးမှာ အခန်းတွင်းအောင်း နေလိုက်သည်။ ဖိုးကျော်ယူလာပေးသော ဝတ္ထုစာအုပ်နှင့် ငြိမ့်နေလိုက်သည်။ သို့သော် ပျင်းရိနေချိန်ကြလား မသိ။ ဝတ္ထုတစ်အုပ်က ခဏလေး နှင့် ဖတ်ပြီးသွားသည်။

သူ ကျူရှင်မတက်ရသည်ကို ဝေဝေမသိသေး။ မနက်ဖြန်လောက်ဆိုလျှင်တော့ သိလောက်ပါမည်။ ဒီလိုဆို



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ဝေဝေ့ကို ကျူရှင်သွားဖို့ စောင့်ခေါ်ရတာ၊ အိမ်ပြန်လိုက်ပို့ ပေးရတာတွေကို ခါတိုင်းလို ပျင်းစရာဟု မထင်တော့။ အိပ်ခန်း အကွင်းမှာပဲ နေရသည်ထက်စာလျှင် ဝေဝေနှင့် ပြင်းလိုက်ခုံလိုက်ံရန်ဖြစ်လိုက် လုပ်နေရသည်ကမှ တော်သေးသည်။

သူ ရန်ဖြစ်တာကို ဝေဝေသိလျှင် ဆရာကြီးလုပ်ပြီး အပြစ်တင်စကားတွေ ပြောနေဦးမှာ သေချာသည်။ တစ်ကယ်လို့ ဝေဝေ့ရှေ့မှာ သူရန်ဖြစ်နေပြီ ဆိုလျှင်၊ ဝေဝေက ဟိုကောင်မလေးလို သူ့ကို ကူညီနိုင်ပါမည်လား။

အတွေးတို့က၊ ကောင်မလေးဆီသို့ ပျံ့လွင့်သွားပြန်သည်။ အခုတော့ သူလည်း ကောင်မလေးအကြောင်းကို အရင်ကလို အထူးအဆန်းလုပ်ပြီး သိမနေချင်တော့။ ဘာပဲဖြစ်ဖြစ်. . . သူငယ်ချင်းလိုပဲ အလိုက်သင့် နေချင်မိတော့သည်။ သို့သော်. . . .

အခုနေ ပြတင်းပေါက်ကနေများ သူ့ကိုလှမ်းခေါ်လိုက်သံ ကြားရလေမလား။ စာကြည့်စားပွဲဘေးကနေခေါ် လိုက်လေမည်လားဟု စိတ်ကထင်လိုက်မိသေးသည်။ အထင်တို့က အထင်မျှသာ ဖြစ်ပါသည်။ စိတ်ညစ်ညစ်နှင့် စားပွဲပေါ်မှ စာအုပ်များကို လျှောက်ဖွပစ်လိုက်မိသည်။





ပြတင်းပေါက်မှနေ ကားလမ်းပေါ်ကိုငေးရင်း ဇေမျိုးဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သူမှာ နေ့ခင်းက ဖိုးကျော်ဆီမှယူထားသော ပိုက်ဆံကျန်သေးသည်။ ညဘက် အပြင်မှာ လျှောက်လည်ရလျှင်. . .။

နေ့ခင်းဘက်ကတော့ အပြင်မထွက်ရမှာ ကျိန်းသေပါသည်။ ဒီတော့ အခုလို မေမေတို့အိပ်ချိန် ညဘက်ထွက်လည်လျှင်၊ ပြတင်းပေါက်ကနေ အသာလေးဆင်းသွားလျှင် မည်သူမှမသိနိုင်။ ပြန်လာတော့လည်း ပြတင်းပေါက်ကနေ အသာလေးကျော်တက် လိုက်ရုံပေါ့။ ဒါဆို ပျော်စရာကောင်းလောက်မည်။ ကံကောင်းလျှင် ကောင်မလေးနှင့်ပါ တွေ့ချင်တွေ့ရနိုင်ပါသေးသည်။ အတွေးဆုံးသွားတော့ လက်တွေ့အကောင်အထည် ဖော်ဖြစ်သည်ပေါ့။

လမ်းမပေါ်ကိုရောက်တော့ အိမ်ဘက်ကို တစ်ခေါက်ပြန်လှည့်ကြည့်မိသည်။ နေရစ်တော့ စိတ်ညစ်စရာ ပျင်းရိစရာတွေနဲ့ အိမ်ကြီးရေ။ ဒီတစ်ညတော့ ငါ့ကို မင်းချုပ်ထားလို့ မရတော့ပါဘူး။ ကိုယ့်အတွေးကို သဘောကျသွားပြီး ပြုံးမိသေးသည်။

ညဉ့်နက်သန်းခေါင် လူခြေတိတ်ချိန် လမ်းမများပေါ်တွင် ဇေမျိုး ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။ ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွား ရမည်ကိုတော့ ရေရေရာရာမသိသေး။ ညလုံးပေါက် ဖွင့်တဲ့ ဂိမ်းဆိုင်တွေ သွားရင်ကောင်းမလား။ အို တကူးတက အပြင် ကိုခိုးထွက်လာပြီးမှ တော့ဂိမ်းမနှိပ်ချင်။ ဂိမ်းနှိပ်ချင် လျှင် အိမ်မှာလည်း နှိပ်၍ရသည်ပဲ။

လမ်းဆုံဘက်က ညလုံးပေါက်ဆိုင်တွေမှာ တစ်ခုခု သွားစားမည်။ ပြီးလျှင် ပြီးလျှင်, . . . အိုနောက်မှစဉ်းစား

ညလုံးပေါက် လက်ဖက်ရည် ဆိုင်တစ်ဆိုင်မှာ ခဏ တာ စတည်းချသည်။ ကြာလာတော့လည်း ဇေမျိုးပျင်းရိ လာသည်။ ညဘက်ဆိုတော့ လက်ဖက်ရည်သောက်တဲ့သူ တွေကလည်း တစ်ယောက်စ နှစ်ယောက်စသာ။

လက်ဖက်ရည်ဆိုင်မှ ထွက်လာတော့. . . ဇေမျိုး တစ်ယောက် ဘယ်ကိုသွားရမှန်းမသိ။

"ညီလေး ဆိုက်ကားစီးမလား"

ဇေမျိုးခေါင်းခါပြလိုက်သည်။

"ဘူတာသွားမလို့လား။ အဲဒီဘက်က လူပြတ်တယ်။ အစ်ကိုလိုက်ပို့ပေးရမလား"

"ကျွန်တော် သွားရဲပါတယ်ဗျ"

ဆိုက်ကားသမား အစ်ကိုကြီးကို ကျေးဇူးတော့တင် မိသည်။ ဘူတာကို သွားရမည်။ အဲဒီမှာဆိုရင် ဆာလာ





လျှင်လည်း ဝယ်စားစရာ ဆိုင်တွေရှိလိမ့်မည်။ ဘူတာဘက် သို့ပင် ထွက်လာခဲ့မိသည်။

ရထားစောင့်နေသူတို့နှင့်အတူ ရောနှောယှဉ်၍ ဟို ငေး ဒီငေးနှင့် ထိုင်နေလိုက်မိသည်။ ဥသြသံရှည်ပေးပြီး ထွက်ခွာသွားသော ရထားကြီးကို ငေးကြည့်နေရသည်မှာ ထူးဆန်းသော အရသာတစ်ခု။ သူ့ကို ဘယ်သူကမှ မသိကြ။ သူကလည်း ဘယ်သူ့ကိုမှ မသိ။ ဘယ်လောက်များ လွတ်လပ် လိုက်ပါသနည်း။

နောက်ထပ် ရထားတစ်စီး ထပ်ဝင်လာတော့မှ ဇေမျိုး လည်း အချိန်နာရီကို သတိထားမိတော့သည်။ အေးအေး ဆေးဆေးပေါ့။ မကြာမီ လိုင်းကားတွေလာတော့မည်။ လိုင်းကားနှင့်ပြန်လည်း ဖြစ်သည်ပဲ။ ဆိုက်ကားငှားစီး၍ ပြန်လျှင်လည်း ဖြစ်သည်ပဲ။

"ဇေမျိုး ပြန်တော့လေ ။ ညဥ့်အရမ်းနက်နေပြီ"

အိုး. . .။ သေချာပါသည်။ ကောင်မလေး၏ အသံ။ ဘေးပတ်ဝန်းကျင်မှာ ရှာကြည့်တော့လည်း မတွေ့ရ။

"ဇင်မာ ဇင်မာ နင်ငါ့ကို စိတ်မဆိုးပါနဲ့ဟာ။ ငါ ငါ ဟိုလေ"

"နင့်ကိုငါစိတ်မဆိုးပါဘူး။ နင်သာ အိမ်ကိုပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ညဥ့်အရမ်းနက်နေပြီ"

"နင် နင် ဘယ်မှာလဲ။ ငါ နင်ကိုတွေ့ချင်လို့ လိုက်ရှာနေတာ။ နင့်ကို မတွေ့ရမချင်း ငါမပြန်ဘူးဟာ. . ."

"ဇေမျိုးရယ် ညဘက်ကြီး တစ်ယောက်ထဲ လျှောက်သွားမနေပါနဲ့။ အန္တရာယ်များပါတယ်။ အိမ်ကိုပြန်ပါဟာနော်. . ."

"ငါ နင့်ကို တွေ့ချင်သေးတယ်ဟာ။ နင်ဘယ်မှာလဲ"

"နင် ငါ့ကို တစ်ကယ်တွေ့ချင်တယ်နော်။ ငါလာခဲ့မယ်။ နင့်အိမ်ကပဲစောင့်နေ။ ပြန်ပါတော့နော်။ ငါက နင့်ထက်အရင် ရောက်ချင်ရောက်နေဦးမှာ"

"အိုကေ သူငယ်ချင်း၊ အိုကေ"

ဇေမျိုး သုတ်ခြေတင်၍ အိမ်ကိုပြန်တော့သည်။ လမ်းဆုံ ရောက်တော့

"ဗျို့ အစ်ကိုကြီး၊ ဆိုက်ကားစီးမယ်။ ဆိုက်ကား"

ဇေမျိုး ခုနက ဆိုက်ကားဆရာအစ်ကိုကြီးကို လှမ်းခေါ်ပြီး သူတို့လမ်းထဲကို လိုက်ပို့ခိုင်းလိုက်သည်။

"မြန်လှချည့်လား။ ငါကမင်းကို ရထားသွားစောင့်မယ် ထင်နေတာ။ ဘာလဲ ဘူတာဘက်က ဆိုင်တွေမှာသွားစားတာလား။ အဲဒီဆိုင်တွေက မစွံပါဘူးကွာ"





ခုမှ သတိရသည်။ သူ ညစာမစားရသေး။ စောစောက လက်ဖက်ရည်တစ်ခွက်ပဲ ဗိုက်ထဲမှာရှိသေးသည်လေ။ ကောင်မလေးရော ဆာချင်ဆာနေမှာ။ သူလည်း အစ်ကိုကြီး၏ စကားကို ရောယောင်ပြီး

"ဟုတ်တယ်ဗျ။ ဘာမှစားချင်စရာ ရှာလို့မတွေ့ဘူး။ ဒီမှာပဲ ဝယ်မယားလို့ ပြန်လာတာ"

"ငါ ဆိုင်ကောင်းကောင်း ပြပေးပါ့မယ်ကွာ။ မုန့်တို့ အကြော်အလှော်တို့လည်း ကောင်းတယ်ကွ"

ဇေမျိုး ဆိုက်ကားဆရာ အစ်ကိုကြီးပြပေးသော ဆိုင်တွင်ဝင်၍ စိတ်ကူးတည့်ရာတွေ လျှောက်ဝယ်ပစ်လိုက်သည်။

"ဟ ကောင်လေး၊ များလှချည်လားကွ"

"ကျွန်တော်တို့က မောင်နှမ များတယ်ဗျ"

ပါးစပ်ထဲရှိရာ လျှောက်ပြောလိုက်သည်။

"အင်း အင်း နောက်ဆို မင်းအိမ်ကလူကြီးတွေပါခေါ်လာခဲ့ပေါ့ကွာ။ ညဘက်တွေ တစ်ယောက်ထဲသွားတာမကောင်းဘူးကွ"

"ခါတိုင်းဆိုရင်, ကျွန်တော့်အစ်ကို လာဝယ်နေကျပေါ့ဗျာ။ ဒီနေ့မှ သူက အလုပ်တွေရှုပ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေ ဒီလိုဇာတ်လမ်းလေးတွေ ထွင်ပြီး ပြောရတာကို သဘောကျမိသား။ ခပ်တည်တည်ဖြင့် ဆက်ပြီးတော့

"ကျွန်တော့်အစ်ကိုအလုပ်က တစ်ညလုံးလုပ်ရတာလေ။ ဒါတောင်မှ တစ်ခါတစ်လေ မနက်ကျ သူဖောက်သည်တွေလာရင် အလျှင်မမီချင်ဘူး။ အခုလို ကျောင်းပိတ်ရက်ဆိုရင် ကျွန်တော်တို့တွေပါ ကူလုပ်ပေးရတာပေါ့။ ဒါဆိုရင် အစ်ကိုက ကျွန်တော်တို့ကြိုက်တာ ဝယ်ကျွေးတော့တာပဲ။ ဒါမျိုးကတော့ သဘောကောင်းတယ်။ ကျန်တဲ့အချိန်ဆို ကျွန်တော်အစ်ကိုက ကပ်စေးနဲဗျ သိလား"

သူထွင်လိုက်သည့် ဇာတ်လမ်းကို သူကိုယ်တိုင်ပင် ပြန်၍ သဘောကျသွားသည်။

'မင်းအစ်ကိုက ဘာလုပ်တာလဲ'

ဟု မေးလျှင် ပြန်ဖြေဖို့အလုပ်တွေ စဉ်းစားလိုက်သေးသည်။ သို့သော် ဆိုက်ကားဆရာ အစ်ကိုကြီးက

"အင်း အင်း. . . ကိုယ့်အစ်ကိုရဲ့ အလုပ်ပဲကွာ။ ကူလုပ်ပေးတာ ကောင်းတာပေါ့"

ဟုဆိုကာ ဆက်မမေးတော့။

ဒီတော့လည်း ဇေမျိုးကပင် မောင်နှမတွေ ဘယ်လို





နေထိုင်ပုံ။ ဘယ်လိုရုန်းဖြစ်ကြပုံတို့ကို စိတ်ကူးယဉ်ကာ လက်တမ်းပင် ဇာတ်လမ်းထွင်၍ ဆက်ပြောပြတော့သည်။ အခုတော့လည်း ဇေမျိုးတစ်ယောက် နှုတ်သွက်လျှာသွက် ပြန်ဖြစ်လာလေပြီ။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ပြတင်းတံခါးက သူစေ့ထားခဲ့သည့်အတိုင်းပင်။ သို့သော် သူကိုယ်တိုင်ပိတ်ထားခဲ့သော အခန်းမီးက လင်းနေပြီ။ ဒါဆို. . .

ဇေမျိုး ပြတင်းတံခါးမှပင် ကျော်၍ဝင်လိုက်သည်။

"တော်တော် ပျော်လာခဲ့ရဲ့လား လူလိမ်ကြီးရဲ့"

ကောင်မလေးက ဇေမျိုးကို ပြုံးကြည့်နေပြီး မေးလိုက်ခြင်းပင်။

"နင်သိပြီးပြီပေါ့"

"နင့် အကျင့်ကတော့လေ ခွေးအမြီး ကျည်တောက်စွပ် ဖျောက်လို့ရမှာ မဟုတ်တော့ဘူး"

ပန်းအိပ်မက်

www.burmeseclassic.com

"ဒီတော့လဲ ဖျောက်မနေတော့ဘူး ပေါ့ဟာ. . . လက်ဖက်ရည်ဆိုင်ထိုင်ရတာ ရိုးသွားပြီ။ စားသောက်ဆိုင် ပြောင်းရအောင်"

ဇေမျိုးစကားကို ကောင်မလေးက နားမလည်

"ဟဲ့ ဒီအချိန်ကြီးမှ"

"ညနေက လက်ဖက်ရည်ဆိုင်လေ။ နင်မသိဘူးလား"

ကောင်မလေးက ခေါင်းခါပြသည်။ ဇေမျိုး ညနေက ဖိုးကျော်နှင့်နှစ်ယောက် သူစာကြည့်စားပွဲကို လက်ဖက်ရည် ဆိုင် လုပ်ကြပုံကို ပြောပြလိုက်သည်။

"ကလေးတွေကျနေတာပဲ။ ပျော်ဖို့တော့ ကောင်းမှာ ပဲနော်"

"အင်းပေါ့ဟာ။ ငါက နင်သိလိမ့်မယ်လို့ထင်နေတာ။ ငါ့အကြောင်းတွေကို အကုန်လုံး နင်သိနေတယ်မဟုတ်လား"

"အကုန်လုံးတော့ ငါလည်းဘယ်သိနိုင်ပါ့မလဲဟဲ့။ အခု စားသောက်ဆိုင်ဆိုတာ နင်ဝယ်လာတာတွေနဲ့ လုပ်မလို့ မဟုတ်လား"

ထို့နောက်တော့ ဇေမျိုး၏ စာကြည့်စားပွဲကလေးကို ကောင်မလေးက ရှင်းလင်း၍ ဇေမျိုးက မီးဖိုမှ ပန်းကန်များ ခွက်များကို သွားယူကာ စားသောက်ဆိုင်အသွင် ပြောင်းလိုက်





ကြသည်။

"သီချင်းလေး ဘာလေး ဆူဆူညံညံနဲ့မှ ပိုပြီးတူမှာဟ"

"မလုပ်ပါနဲ့။ နင့်အမေ အိပ်နေတယ်လေ"

"အမ်ပီသရီး ပလေယာနဲ့ဆိုရပါတယ်"

"မလုပ်နဲ့ နားကျပ်တပ်ထားရင် နင်ကစကားအကျယ် ကြီးပြောမှာ။ နင် ဘာသီချင်း နားထောင်ချင်လို့လဲ"

"ဘာသီချင်းဖြစ်ဖြစ်ပေါ့ဟာ"

"မျက်စေ့ခဏ မှိတ်ထားလိုက်"

ဇေမျိုး ကောင်မလေးပြောသည့်အတိုင်း လိုက်လုပ် သည်။

"ပြန်ဖွင့်တော့ ရပြီ။ စားကြသောက်ကြရအောင်"

သူတို့နှစ်ယောက် စားသောက်နေစဉ်မှာပင် ဇေမျိုး နားထဲမှာ သီချင်းသံတို့ ပျံ့လွင့်လာသည်။ ဇေမျိုး အရမ်းအံ့ဩ သွားသလို ပျော်သွားမိသည်။

"နင်တို့ဘဝပဲ ကောင်းတယ်နော်။ သီချင်တာရှိရင် လည်း သိလိုက်တာပဲ။ ဖြစ်ချင်တာရှိရင်လည်း အလိုလိုဖြစ် လာတာပဲ။ ငါ့မှာတော့များ တစ်နေ့တစ်နေ့ စိတ်ညစ်စရာ၊ စိတ်ကုန်စရာတွေ ချည်းပဲ"

"ဟဲ့ မပြောကောင်းဘူး။ ငါတို့က ကံမကောင်းလို့လို



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နေ နေရတာ။ ငါတို့မှာ မွမ်းကျပ်စရာတွေ၊ ပူလောင်စရာတွေ၊ ဒုက္ခတွေ အများကြီးပဲ"

ဇေမျိုး ပုခုံးတွန့်လိုက်မိသည်။

"နင့်ကိုကြည့်လိုက်ရင် အမြဲတမ်း ပြုံးနေတာပဲ။ ဒါနဲ့များ"

"ငါတို့ ပြုံးရပျော်ရတယ်ဆိုတာက ခဏပါဟာ။ ဒါတောင် ငါက ကံကောင်းလွန်းလို့။ နင်ကလည်း သူများတွေထက် ထူးထူးခြားခြားဖြစ်နေလို့ ငါနဲ့တွေ့ရတာ"

"ဟုတ်တယ်နော်. . .၊ ငါကံကောင်းလို့ပေါ့"

"အင်း ဒါပေမဲ့ နင့်ကိုငါ စိုးရိမ်တယ်ဟာ"

ဇေမျိုး ပုခုံးထပ်တွန့် မိပြန်သည်။

"ဘာဖြစ်လို့. . ."

"သြော် ငါတို့က လူတွေနဲ့ ဆက်ဆံလို့ မရဘူးလေ။ ဒါပေမဲ့ နင်နဲ့ကျတော့. . ."

"အဲဒါ မကောင်းဘူးလား။ ဘယ်လောက်တောင် အံ့သြဖို့ ကောင်းလဲ။ လူတစ်သန်း၊ တစ်ဘီလျံ၊ တစ်မီလျံမှာ မရနိုင်တဲ့ အခွင့်အရေးကိုရတာပဲ"

"အဲဒါကြောင့်ပြောတာပေါ့။ ငါတို့လို သူတွေထဲမှာလည်း ကောင်းတဲ့သူရော ဆိုးတဲ့သူပါရှိတာပေါ့။ မတော်တဆ [illegible]ဘူး. . ."

"ငါ မကြောက်တတ်ပါဘူးဟ"

"အင်းပေါ့ ကြောက်စရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါတို့လိုဘဝမျိုးကိုတော့ ရချင်ဖို့စိတ်မကူးပါနဲ့ဟာ"

"ငါ တစ်ကယ်စိတ်ညစ်လို့ ပြောတာပေါ့ဟ။ မေမေ အဆို ငါ့ကို ဘယ်တော့မှ အကောင်းမြင်တာ မဟုတ်ဘူး"

"နင်ကလည်း နင့်အမေနေစေချင်သလို နေပြလိုက်ပေါ့"

"ငါမှ မနေတတ်တာ"

"နေသာနေလိုက်ပါဟာ။ နင့်အမေပြောတဲ့အတိုင်း အကုန်လုံးလိုက်နာလိုက်။ ငါလည်းပဲ နင့်ဆီကို လာလို့ရတိုင်း လာခဲ့မယ်လေ"

"အိုကေ သူငယ်ချင်း"

ထို့နောက် သူတို့နှစ်ယောက် စားကြွင်းစားကျန်များကို ရှင်းလင်းကြသည်။ သီချင်းတွေအကြောင်း ပြောဖြစ်ကြသည်။ ရုပ်ရှင်တွေအကြောင်း ပြောဖြစ်ကြသည်။

ဇေမျိုးမှာ သူ့အခန်းထဲမှာပင်နေရင်းက တစ်ခြားကမ္ဘာ တစ်ခုကိုရောက်သွားသလို ခံစားနေရသည်။ တစ်ကယ်ဟုတ်ရဲ့လားဟုပင် တွေးလိုက်မိသေးသည်။ အိမ်မက်များ မက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား။ အိမ်မက်မဟုတ်။ တစ်ကယ်ပင်သူ့မှာ ထူးခြားဆန်းကြယ်လှသော သူငယ်ချင်းတစ်ယောက် ရလာပြီဖြစ်သည်။

နတ်သမီးပဲဖြစ်ဖြစ် . . . ဂန္ဓာရီပညာရှင်ပဲဖြစ်ဖြစ် . . တစ္ဆေသရဲပဲဖြစ်ဖြစ် ဘာမှအရေးမကြီးပါ။ သူငယ်ချင်းဟာ သူငယ်ချင်းပဲ မဟုတ်လား။

"ကဲ ငါပြန်ဦးမယ်"

"နေပါဦးဟ"

"မရလို့ပါဟာ။ ငါပြောပြီးပြီလေ။ ငါတို့မှာ မွမ်းကျပ်စရာတွေ၊ ပူလောင်စရာတွေ ရှိနေသေးတယ်လေဟာ"

"နင့်မှာ ဘာကိစ္စတွေ ရှိသေးလို့လဲ"

"မသိချင်ပါနဲ့ဟာ နင့်မှာလည်း နင့်ဒုက္ခတွေနဲ့နင်ရှိနေသလို ငါ့မှာလည်း ငါ့ဒုက္ခတွေနဲ့ငါပေါ့။ စိတ်ညစ်စရာတွေကို သိချင်နေမယ့်အစား နောက်ကိုငါတို့ထပ်တွေ့တော့မှ ပျော်ပျော်နေကြတာပေါ့။ ဟုတ်လား"

ထိုညမှစ၍ နောက်နေ့များတွင် ဇေမျိုးတစ်ယောက် အိန္ဒြေရ နေလေတော့သည်။ မေမေ၏အမိန့်ဖြင့် အိမ်ထဲက အိမ်ပြင်မထွက်ရသော်လည်း အိမ်ထဲမှာပင် ပျော်ရွှင်နေမိ





တော့သည်။

အချိန်ရလျှင် ကျောင်းစာအုပ်ကိုသာ မျက်နှာမှာအပ်ထားသည်ကို တွေ့မြင်ရလိမ့်မည်။ တစ်ကယ်လည်း ဇေမျိုးစာတွေကြည့်နေပါသည်။ သူမှ အခန်းထဲကအခန်းပြင်ထွက်ချင်စိတ် မရှိတော့တာ။ ကောင်မလေး မလာသေးတဲ့အချိန်တွေမှာ ဝတ္ထု သို့မဟုတ် ရုပ်ပြဖတ်နေမည်။ ဖတ်စရာကုန်လျှင် ကျောင်းစာတွေ ကြည့်နေမည်။ ကောင်မလေးလာလျှင်တော့ စာအုပ်တစ်အုပ်ကို ရှေ့မှာချကာ စကားထိုင်ပြောနေမည်။ မေမေတို့အမြင်မှာ တော့အချိန်ပြည့် စာကြည့်နေသည်ပေါ့။ ကျောင်းစာ တွေလည်း ကြည့်နေသဖြင့် ဝတ္ထုတို့၊ ရုပ်ပြတို့ဖတ်တာကို မေမေကလည်း အပြစ်မပြောတော့။

တစ်နေ့ ညနေခင်းဘက် သူ ကောင်မလေးနှင့် ချက်စ်ထိုးနေစဉ် အခန်းထဲသို့ ဖေဖေဝင်လာသည်ကို သတိမပြုမိလိုက်။ ချက်စ်ထိုးနေတုန်းဆိုတော့ ငြင်းတာခုံတာလည်းရှိတာပေါ့။ တစ်ကယ့် ပြိုင်ပွဲဝင်တွေလို ထိုးနေတာမှ မဟုတ်တာပဲလေ။

"သား တစ်ယောက်ထဲ ဘယ်လိုဖြစ်နေတာလဲ။ ချက်စ်ခုံ ကြီးချပြီး ဆူညံနေတာပဲ"

ဇေမျိုး ရုတ်တရက် လန့်သွားသည်။ သို့သော် ဇေမျိုးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းထွင်တဲ့ နေရာမှာ ဆရာကြီးပဲ မဟုတ်လား။

"ဖိုးကျော်နဲ့ ကစားတဲ့ပွဲကို ပြန်ဆော့ကြည့်နေတ

ဖေဖေ။ တစ်ယောက်ထဲ ပြန်ကျင့်ရင် လက်တက်တယ်ဆို

"ဒါဆို ဖေဖေ့မှာ ပြိုင်ပွဲမှတ်တမ်း စာအုပ်ရှိတ

လေကွာ။ ဆားလည်းနတ်တွေဖတ်တတ်နေတာပဲ။ အဲဒီထဲ

ပြိုင်ပွဲဟောင်းတွေကို ပြန်ရွှေ့ကြည့်ပေါ့။ ခဏလေးနဲ့ လ

တက်လာလိမ့်မယ်"

ဖေဖေကလည်း စစ်တုရင်ဝါသနာအိုးဆိုတော

သူ့စကားကိုယုံပြီး စာအုပ်နှင့်ပင် ကျင့်ခိုင်းနေလိုက်သေးသည

ပြီးတော့ ကောင်မလေးနှင့်သူ ထိုးလက်စ စစ်တုရင်ခုံ

ကြည့်ပြီး ကစားကွက်တွေကို ဝေဖန်ပြနေလိုက်သေးသည်

ဇေမျိုးက နိုင်ကာနီး။ ကောင်မလေးထက် အများကြီ

သာနေပြီးသား။ ဖေဖေ၏ သီအိုရီသဘောတရား ရှင်း

ချက်များကြောင့် ကစားကွက်များမှာ ဘယ်လိုမှ ပြန်မမှတ်

နိုင်လောက်အောင် အရုပ်တွေက ဖရိုဖရဲ ဖြစ်ကုန်ပြီ။ အနိုင်

ရကာနီးမှ

ကောင်မလေးကတော့ သူရှုံးကာနီးမှ ပွဲပျက်သွာ

သဖြင့် ပျော်နေသည်။ ကောင်မလေးကို မမြင်ရသော ဖေဖေ

ကတော့ သူ့ကိုဆက်လက်ရှင်းပြလျက်. . . ။ ဖေဖေ





အရုပ်တစ်ခုကိုရွှေ့ပြီး ရှင်းပြလိုက် ကောင်မလေးက သူ့ကို ပြောင်ပြလိုက် လုပ်နေသည်။ ကောင်မလေးကိုကြည့်ပြီး သူ အသည်းယားလာသည်။ နောက်ထပ်တစ်ခါ ကောင်မလေး က သူ့ကို လျှာထုတ်ပြလိုက်သော အခါမှာတော့

"ငါနော်"

ဇေမျိုး ရုတ်တရက် ကောင်မလေးကိုလှမ်းအော်လိုက် တော့ ဖေဖေက အလန့်တကြား မော့ကြည့်သည်။

"ဘာဖြစ်လို့လဲ သားရဲ့"

"ဟို ခုနက အဲဒီဘိရှော့ကွက်ကို မမြင်လိုက်မိလို့ ဖေဖေ။ အဲဒါသာမြင်ရင် ဖိုးကျော်ကို သားနိုင်ပြီ"

"ကစားတဲ့အခါမှာ အနိုင်အရှုံးထက် အကောင်းဆုံး ရွှေ့ကွက်ကိုပဲ အဓိကကြည့်ရမှာ သားရဲ့။ အနိုင်အရှုံးကို အာရုံ စိုက် နေမယ်ဆိုရင် အကောင်းဆုံးရွှေ့ကွက်တွေကို . . . ."

ဖေဖေက ကစားကွက်များ၊ သီအိုရီများကို ရှည်လျား စွာ ဆက်ပြီးရှင်းပြနေလေ ကောင်မလေးကတော့ သူ့ကို ပြောင်ပြလေပင်။

တစ်ခါလည်း. . .

ဇေမျိုး စာကြည့်စားပွဲမှာ ထိုင်ပြီး စာအုပ်တစ်အုပ်ကို ရှေ့မှာချကာ ကောင်မလေးနှင့် ထိုင်ပြီးစကားပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အခန်းထဲသို့ ဝင်လာသော မေမေကတွေ့သွားပြီး

"ဟဲ့ဇေမျိုး ဒီအရွယ်ကြီးပဲ ရောက်နေပြီ။ စာကိုအာ ထွက်ပြီးဖတ်နေရလား။ ပွစိပွစိလုပ်မနေနဲ့ စိတ်ထဲကပဲဖတ် လေ"

တော်ပါသေးရဲ့။ လေသံလေးနဲ့ပဲ ပြောနေမိလို့. . .

"အသံထွက်တွေ မှတ်မိအောင်လို့ပါ မေမေ"

တစ်ရက်မှာ ဝေဝေသူ့ထံကို လာသည်။ ကျူရှင်တက ဖို့ ကိစ္စ လာပြောခြင်းပင်။ သူနှင့် ဇော်ဇော်တို့အဖွဲ့ ရန်ဖြစ်ကြ သည့် သတင်းကိုလည်း စပ်စုရင်းနှင့်ပေါ့။ ထုံးစံအတိုင်း ဆရာ လုပ်ရမှာ ဝါသနာပါသော ဝေဝေက ဇေမျိုး ကျူရှင်မတက ဖြစ်သည့်ရက်များက သင်သည့်စာများကို ရှင်းပြနေသေ သည်။ အိမ်မှာ လိမ္မာပြနေသော ဇေမျိုးကလည်း နားထော ပေးရသည်ပေါ့။ ဒါကို ကောင်မလေးက နောက်ကနေရောက် လာပြီး ဝေဝေ၏ အမူအရာအတိုင်း သူ့ကို လိုက်လုပ်ပြ နေသည်။ ဝေဝေက လက်ညှိုးထောင်လျှင် ကောင်မလေးက လည်း လက်ညှိုးထောင်ပြသည်။ ဝေဝေက ခေါင်းကိုယမ်း လျှင် ကောင်မလေးကလည်း ခေါင်းကိုလိုက်ပြီး ယမ်းပြသည် ကြာတော့ ဇေမျိုးမနေနိုင်။ ရယ်မိတော့သည်။

"ဟဲ့ဇေမျိုး. . .၊ ဘာရယ်စရာပါလို့လဲ"





"နင်မသိပါဘူး"

"နင်နော် ငါကစေတနာနဲ့ ရှင်းပြနေတာ။ နောက် သလို ပြောင်သလိုမလုပ်နဲ့"

ဝေဝေက သူ့ကိုလှောင်သည်ထင်ပြီး စိတ်ဆိုးသော အခါ ဇေမျိုးပိုပြီးရယ်ချင်လာမိသည်။ ကောင်မလေးက သူ့ကို မရယ်ရန် တိတ်တိတ်နေရန် နှုတ်ခမ်းပေါ် လက်ညှိုးတင်ပြပြီး ထားသည်။ ဒီတော့မှ ဇေမျိုးဘယ်လိုမှ ထိန်းမရတော့။ ပိုပြီးကျယ်လောင်စွာ ရယ်လိုက်မိတော့သည်။

"နင် နင်နော် ငါပြန်တော့မယ်"

ဝေဝေက စိတ်ဆိုးပြီး ထပြန်သွားသည်။ ဒီတော့လည်း ကောင်မလေးက သူ့ကိုဆူပြန်သည်။ ကြည့် သူပဲရယ်စရာတွေ လုပ်ပြပြီးတော့။ အရင်ကတည်းက ဝေဝေစိတ်မဆိုး ဆိုး အောင် လိုက်စနေကျ ဇေမျိုးကတော့ သဘောတွေအကျကြီး ကျနေလေတော့သည်။

ဤသို့ဖြင့် ဇေမျိုးတစ်ပတ်သာကျ ကျောင်းပိတ်ရက် များကို ကျေနပ်စွာ ဖြတ်သန်းနေတော့လေသည်။ သို့သော် နောက်ပိုင်းရက်များမှာ ကောင်မလေးကို နေ့ဘက်သိပ်ပြီး မတွေ့ရ။ နေ့ဘက် ဆိုလျှင်ကောင်မလေးက ပေါ်မလာသော များသည်။ ဇေမျိုး မေးကြည့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့ဟာ ငါလည်း အမြဲတမ်းကြီးတော့ အခွင့်ရေး ဘယ်ရပါ့မလဲ။ ငါတို့ဘဝတွေက နင်တို့လို လူတွေ လောက်မှ လွတ်လွတ်လပ်လပ် မရှိတာ"

"လွတ်လပ်တယ်ဟုတ်လား။ အဲဒီစကားလုံးကို ငါ မေ့နေတာ တော်တော်လေးကြာပြီ။ ငါလား လွတ်လပ်မှာ"

ဒီထက်တော့ ဇေမျိုးလည်း ပိုမြီးမစပ်စုတော့။ ဒါ လည်းပဲ ကောင်းပါသည်။ ဇေမျိုးကလည်း ညဘက်ဆို တော်တော်နှင့် အိပ်သည်မှမဟုတ်တာ။ အတော်ပဲပေါ့။ ညဘက်တွေမှာဆိုရင် ကောင်မလေးနှင့် စကားတွေပြော သည်။ အတူတူ သီချင်းတွေနားထောင်သည်။ စစ်တုရင်ထိုး သည်။ အရုပ်ကားဆက်သည်။ အာရုံလာလုနီးပါး ဇေမျိုး အိပ်ချင်ပြီဆိုသည်နှင့် ကောင်မလေးလည်း ပျောက်သွား တော့သည်။

နေ့ဘက်တွေမှာတော့ ဝတ္ထုဖတ်သည်။ စာကျက် သည်။ ဂိမ်းကစားသည်။ သို့သော် အိပ်ရေးပျက်၍လားမသိ ခုတလော ဂိမ်းကစားရတာ သိပ်စိတ်မပါသလိုပင်။ ဝတ္ထုဖတ် လျှင်လည်း အရင်လို အစအဆုံးတစ်ထိုင်တည်း ဖတ်ဖြစ်တာ ကနည်းသည်။ တစ်အုပ်မပြီးသေးခင် နောက်တစ်အုပ်ကို ကောက်ကိုင်ဖြစ်သည်။ သို့သော် ဟိုတုန်းကလို ကျောင်း





စာတွေကို စိတ်ပျက်ပြီး မကြည့်ဖြစ်တာထက်စာလျှင် စာတွေ တော့ တော်တော်လေး ပိုရလာသည်။ စိတ်မပါလည်း ကျောင်းစာအုပ်ကြီးရှေ့ချပြီး အမြဲကြည့်နေတော့ နည်းနည်း ပါးပါး ပိုမှတ်မိလာသည်။ ကြည့်ရင်းကြည့်ရင်း နည်းနည်း ပါးပါးလည်း စိတ်ပါလာတော့သည်။

တစ်ခုပဲရှိသည်။ လူက တစ်ဖြည်းဖြည်းနှင့် နေ့နှင့်ည ပြောင်းပြန်ဖြစ်လာခြင်းပင်။ ဒါကလည်း သိပ်တော့ ကိစ္စမရှိ။ ကျောင်းပိတ်ရက်ပဲ။ မေမေကပင် ဇေမျိုးကွယ်ရာ၌

"ရှင့်လိုပုံစံမျိုးနဲ့ဆို ပျက်စီးတာကြာပြီ။ ဒီကောင်က"

သူ့အကြောင်းကို ပြောနေမှန်းသိသဖြင့် ဇေမျိုးငြိမ်ငြိမ် နားထောင်နေမိသည်။ ခါတိုင်းမေမေနှင့်ဖေဖေ စကားပြော နေလျှင် ဇေမျိုးနားထောင်လေ့မရှိ။ စိတ်လည်းမဝင်စား။ အခုသူ့အကြောင်း ပြောနေသည်ဆိုတော့ အသာလေး ခိုးနားထောင် နေမိသည်။

"အခု ကျွန်မ ကျပ်ကျပ်မတ်မတ် ကွပ်ညှပ်လိုက်တော့ မှ ဘယ်လောက်လိမ္မာလာသလဲ။ အရင်ကပုံစံနဲ့ တစ်ခြားစီပဲ။ အရင်ကဆို အားတာနဲ့ အပြင်ပဲလျှောက်သွားအလေလိုက် ချင်နေတဲ့ကောင်။ အခုတော့ အမေက အပြင်ထွက်ခိုင်းတာ တောင် မထွက်ချင်တော့ဘူး။ အခန်းထဲမှာပဲ စာကြည့်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဘယ်လောက်လိမ္မာလာသလဲ။ ရှင့်လိုပုံစံနဲ့သာဆို ဟင်း. . "

"အေးပါကွာ အဆင်ပြေရင် ပြီးတာပါပဲ။ ဒါပေမဲ့ ကလေးဆိုတာ သူ့အရွယ်နဲ့သူ စာလည်းပဲလုပ်၊ ကစားစရာရှိရင်ကစား။ လည့်စရာရှိလည် နည်းနည်းပါးပါးတော့ လွတ်လွတ်လပ်လပ် နေဦးမှပေါ့ကွ။ တော်နေကြာ. . . ."

"အလိုတော် ကလေးက သူ့ဟာသူ လိမ္မာနေတာ။ ရှင်က ဖျက်လိုဖျက်ဆီးတွေ ပြောမနေ လုပ်မနေစမ်းပါနဲ့"

"အင်းလေ မင်းတို့သားအမိ အဆင်ပြေရင်ပြီးတာပါပဲ"

ဖေဖေက ထုံးစံအတိုင်း ပြိုင်ငြင်းမနေတော့ဘဲ စကားဖြတ်ကာ ထွက်သွားတော့သည်။ ဇေမျိုးရယ်ချင်သည်။ သူက ကောင်မလေးနှင့် သူငယ်ချင်းဖြစ်နေသည်ကို မေမေတို့မသိကြ။ ကောင်မလေးနှင့်သူ ဆော့ကစားနေတာ စကားပြောနေတာကို မေမေ အခန်းတွင်းအောင်းပြီး စာကြည့်နေသည်ဟု ထင်နေသည်။ မေမေက သူဆုံးမထားသဖြင့် ဇေမျိုး လိမ္မာနေသည်ဟုလည်း ထင်နေသည်။ အမှန်ကို ဝန်ခံရလျှင် မေမေ့ကို ထိုသို့အရှုးလုပ်နိုင်သဖြင့် ဇေမျိုးကျေနပ်မိသလိုလိုတော့ ရှိသည်။





ဟား ဒီလိုဆိုတော့လည်း လောကကြီးက သာယာသား။ မေမေကလည်း သူ့အဆုံးမကောင်း၍ဆိုကာ ကျေနပ်နေသလို ဇေမျိုးမှာလည်း ထူးထူးဆန်းဆန်း သူငယ်ချင်းတစ်ယောက်ဖြင့် ပျော်ရွှင်နေမိသည်။ ကောင်းပါတယ်လေ။ ဒီအတိုင်းလေးပဲ ကောင်းပါတယ်။

လူက စိတ်လက်ကြည်လင်နေလို့လားမသိ။ ခုတလောအစစ အရာရာမှာ ဇေမျိုး တက်ကြွနေသည်။ ဘာပဲလုပ်လုပ် အဆင်ပြေနေသည်။ စာတွေလည်း ပိုကျက်ဖြစ်သည်။ ပြီးတော့ ကောင်မလေး ပြောသည့်အတိုင်းပင်. . .

တစ်နေ့ ဇေမျိုး ကောင်မလေးနှင့် ချက်စ်ထိုးနေစဉ် မေမေက အခန်းထဲဝင်လာပြီး

"မင်းမလဲ မင်းအဖေပိုးသွင်းပေးတာနဲ့ ဒီစစ်တုရင်ကိုပဲ တစ်ယောက်ထဲလုပ်နေ။ မင်းအဖေပြန်လာမှ နှစ်ယောက်ကစားကြ။ အခုတော့ အိမ်ရှေ့မှာ နင့်သူငယ်ချင်းတဲ့ ကောင်လေးတစ်ယောက် ရောက်နေတယ်။ သွားပြီးတွေ့လိုက်ဦး။ သူနဲ့ နှစ်ယောက် ဆော့ချင်ဆော့ပေါ့"

ဘယ်သူများပါလိမ့်။ ထွက်ကြည့်လိုက်တော့. . . သက်နောင် ဖြစ်နေသည်။ ထူးထူးဆန်းဆန်း ပါလား။ အကြောင်းမဲ့တော့ မဟုတ်တန်ရာ။ ဟို ရန်ဖြစ်တဲ့ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင် မေမေကြားမှာစိုး၍ သက်နောင်ကို အခန်းထဲ သို့ပင် ခေါ်လိုက်သည်။ အခန်းထဲမှာ ကောင်မလေး ရှိနေ ပေမယ့် ကိစ္စတော့မရှိ။

"ဩော် မင်းချက်စ်ထိုးနေတာလား။ ဘယ်သူနဲ့ထိုး နေတာလဲ"

စစ်တုရင်ခုံနှင့် ကော်ဖီနှစ်ခွက်ကို ကြည့်ရင်း သက်နောင်က မေးသည်။ ကောင်မလေးက အမူအရာဖြင့် လှမ်းပြောလိုက်သည်။ သက်နောင်မှာ မမြင်မကြားသော် လည်း ဇေမျိုးက သဘောပေါက်သွားပြီး

"ဖေဖေနဲ့ ထိုးနေတာပါ။ အခုလေးပဲ ဖေဖေက အပြင်ထွက်သွားလို့။ ခဏနေဦး ငါကော်ဖီလုပ်လိုက်ဦးမယ်"

"နေပါစေကွာ လုပ်မနေပါနဲ့"

"ဘယ်ဟုတ်မလဲ ခဏလေးပါ"

ဇေမျိုး အခန်းထဲမှာပင် ကော်ဖီ၊ နို့နှင့် ရေနွေးဘူးတို့ ရှိနေတော့ သက်နောင် မျက်လုံးပြူးသွားသည်။ ဇေမျိုးက ညဘက်မှာ ကောင်မလေးနှင့်စားဖို့ မုန့်ကိုပါချပေးလိုက်တော့

"မင်းအခန်းကလည်း မီးဖိုဆောင်ကျနေတာပဲ"

"ဟဲဟဲ ငါက အပျင်းကြီးတယ်ကွ။ တစ်ခါတစ်လေ ဆိုရင် အခန်းထဲမှာပဲ စားတာ"





"မင်းကို မင်းအိမ်က အပြင်မထွက်ခိုင်းတော့ဘူး ဆို. . ."

ဇေမျိုး ခေါင်းငြိမ့်ပြလိုက်သည်။ ဒါကိုသက်နောင်က တစ်ကယ်ပင် ဝမ်းနည်းစွာဖြင့်

"ငါ စိတ်မကောင်းပါဘူးကွာ။ ငါတို့ သက်သက်မဲ့ သူလည်းအကျခံရတာကွ။ အဲဒီတုန်းက ငါတို့လည်း ဘောလုံး ထားတော့ ရှုံးမဲ မဲပြီး ဒီကောင်မြှောက်ပေးတဲ့အတိုင်း လုပ်မိတာပါ။ ပြီးတော့ ဒီကောင်က ငါတို့လူမိုက်တွေ ရန်ဖြစ် တာကို သူဝင်ဖြန်ဖြေပေးရတာလိုလို သူပဲဝင်မဆွဲရင် ငါတို့ပဲ သေတော့မလိုလိုမင်းပဲသေတော့မလိုလိုတွေ လျှောက်ပြော တာကွ။ ငါတို့ အိမ်တွေမှာလည်း ငါတို့ပဲ လူဆိုးဖြစ်သွား တာပဲ။ သူကတော့ လူလိမ္မာကြီးပေါ့။ မနေ့ကပဲ ဒီကောင်နဲ့ အဲဒီကိစ္စ စကားများကြသေးတယ်။ သူက ငါတို့ကိုတောင် မင်းနဲ့ရန်ဖြစ်တာ ငါတို့ဟာငါတို့ဖြစ်တာ သူနဲ့မဆိုင်ဘူးလို့ ပြောသေးတယ်။ ဒါနဲ့ပဲ လူမိုက်ဖြစ်တဲ့အတူတူ မထူးဘူးဆိုပြီး ဒီကောင့်ကို ထိုးလွှတ်လိုက်တယ်"

ခါတိုင်းလိုဆိုလျှင်တော့ ဒီသတင်းကိုကြားရလျှင် ဇေမျိုး ပျော်မိမလားမသိ။ အခုတော့. . . ပျော်လည်းမပျော် ပေါ့။ ကောင်မလေး ပြောသလိုပင် စေတနာအကျိုးပေး



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲလေ။

"သူငယ်ချင်း ဇေမျိုး မင်းဘာဖြစ်သွားသေးလဲ"

"နည်းနည်းပါးပါးပါကွာ။ ဘာမှမဖြစ်ပါဘူး။ မင်းတို့ရော. . ."

"ငါတို့လည်း နည်းနည်းပါးပါးပါ။ ကျေပါတယ်နော်"

"ကျေပါတယ်ကွာ။ ငါတို့ ဘော်ဒါဖြစ်သွားပြီပဲ"

"ဖိုးကျော်ကတောင် မင်းနဲ့ရန်ဖြစ်တဲ့ကိစ္စကြောင့် ငါတို့ကို တော်တော်လေး မကျေမလည် ဖြစ်နေတာကွ။ ငါတို့ ဖိုးကျော်ကိုလည်း တောင်းပန်ပြီးပါပြီ။ အခုမင်းကို ငါလာတောင်းပန်တာ။ မင်းအိမ်ပြင် မထွက်ရဘူးဆိုတာလည်း ဖိုးကျော်ပြောမှ သိရတာ"

"ရပါတယ်ကွာ အချင်းချင်းတွေပဲ"

ထို့နောက် ပြေရာပြေကြောင်း စကားတွေပြောကြပြီး သက်နောင်ပြန်သွားသည်။ သက်နောင်ပြန်သွားသည်နှင့် မေမေ ဝင်လာပြီး

"ဟိုတစ်ခါ သားနဲ့ရန်ဖြစ်တဲ့ ကောင်လေးမဟုတ်လား"

"ဟုတ်ပါတယ်မေမေ။ သားကို လာတောင်းပန်တာတဲ့"





"ဟုတ်ရဲ့လား။ ရန်စတွေမရှည်စေနဲ့နော်"

"စိတ်ချပါ မေမေ။ သားတို့ သူငယ်ချင်း ဖြစ်သွားပြီ"

"အင်းအင်း ပြီးတာပဲ။ မင်းတို့ကလေးတွေ မေမေတော့ နားမလည်နိုင်ပါဘူး။ ဟော ကော်ဖီကလည်း သုံးခွက်တောင်ပါလား"

ကောင်မလေးက ဇေမျိုးကို လက်ညှိုးထိုးပြပြီး လက်နှစ်ချောင်း ထောင်ပြသည်။

"ညီ့သည်ကိုတိုက်ရင်း သားလည်း နှစ်ခွက်သောက်လိုက်တယ် မေမေ"

"အရမ်းလည်း သောက်မနေနဲ့ကွယ်။ တော်ရုံသောက်ပဲ ကောင်းပါတယ်"

"သားဗိုက်ဆာလို့ပါ။ မုန့်လည်းမစားချင်လို့။ ဪ မေမေ သား ပန်းကန်နဲ့ ခွက်တစ်ချို့ အခန်းထဲမှာ ယူထားမယ်နော်"

"ဘာလုပ်မလို့လဲ။ လိုရင် မီးဖိုထဲမှာ သွားယူလို့ရတာပဲ"

"ညဘက်ဆာရင် အဆင်ပြေအောင်လို့ပါ မေမေ"

မေမေက ခေါင်းငြိမ့်ပြီး ပြန်ထွက်သွားသည်။ မေမေတောင် တော်တော်လေးကို သဘောကောင်းလာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့ နေ့ရက်တွေက ကဗျာဆန်ဆန်ပြောရလျှင် ရွှေရောင်တွေ ဖိတ်ဖိတ်လက်နေသည်ပေါ့။

♠♠♠♠♠





ရွှေရောင်တွေ ဖိတ်ဖိတ်လက်လျှက်ရှိသည့် နေ့များ ပဲ ကျောင်းတွေပြန်ဖွင့်ပြီ။ ကျောင်းတက်ရက်များမှာလည်း ပျော်ရွှင်ရွှင်ပင်။ ခါတိုင်းလို ကျောင်းကို တစ်ယောက်ထဲ သွားရတော့။ ကောင်မလေးက ကျောင်းထိပ်အထိ လိုက် သည်။ / ကျောင်းလမ်းထိပ်သို့ ရောက်သည်နှင့်ပင် ကောင်မလေးလည်း ပျောက်သွားတော့သည်။ ညနေ ကျောင်းဆင်း၍ ဖိုးကျော်တို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်သည်။ က်ဖက်ရည်ဆိုင်မှ ပြန်ထလာတော့ ကောင်မလေးက တိုကြိုနှင့်နေသည်။ နှစ်ယောက်အတူတူ စကားပြော တ်နောက်လိုက်ပြောင်လိုက်ဖြင့် ပြန်ရုံပင်။ ကျူ ေ သွား

ပန်းအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ကောင်မလေးက ဝေဝေတို့အိမ်အထိ လိုက်
သည်။ ကျူရှင်ကနေ အိမ်ကိုပြန်ရောက်လာတော့ ကော
မလေးက သူ့စာကြည့်စားပွဲမှ ဆီးကြိုနေလေသည်။

တစ်ခုပဲရှိသည်။ ကျောင်းတက်ရက်ဆိုတော့ မန
အိပ်ယာမှ စောစောစီးစီးထရသည်။ ထို့ကြောင့် နေ့ခင်းဘ
ကျောင်းတွင်အိပ်ငိုက်သည်။ ဒါက ခါတိုင်းလည်း အိပ်ငို
နေကြဆိုတော့ သိပ်ပြီးမထူးခြားလှ။

ဆရာ၊ ဆရာမများကပင် ဇေမျိုး၏ တက်ကြွမှ
ချီးကျူးကြသည်။ အသင်းတာဝန်ကျနေ့များတွင်လည်
ခါတိုင်းလို နောက်ကျခြင်းမျိုးမရှိ။ ကျောင်းသို့အစော
ရောက်နေတတ်သည်။ ကောင်မလေးနှင့်အတူ ညဦးန
သည်အထိ စကားတွေပြောလိုက် စာလုပ်လိုက်ဆိုတေ
လည်း စာတော်တော်များများ မရသည်မရှိ။ အစစအရာ
မှာ ဇေမျိုးက သူများတွေထက်ကို ပို၍တက်ကြွနေသည်

ဒီတော့ မေမေကလည်း အကျေနပ်ကြီး ကျေ
နေလေတော့သည်။ သို့သော်ဇေမျိုးမှာ တဖြည်းဖြည်းန
သူငယ်ချင်းများနှင့် ဝေးကွာ၍လာသည်။ အရင်ကလို ည
ပိုင်း ကျောင်းဆင်းလျှင် လက်ဖက်ရည်ဆိုင်မှာ အကြာ
မထိုင်တော့။ အိမ်ကိုသာတန်း၍ ပြန်သည့်နေ့က များ





သည်။ ထိုင်ဖြစ်လျှင်လည်း ခဏတဖြုတ်သာ။ စနေ၊ တနင်္ဂနွေ
လို ကျောင်းပိတ်ရက်မျိုးမှာပင် ခါတိုင်းလို မြို့ထဲသွားတာ၊
အပြင်ထွက်လည်တာ သိပ်မရှိတော့။ မေမေလိုချင်သည့်
ပုံစံမျိုးပေါ့လေ။ မေမေက သူပုံစံသွင်းထားသည့်အတိုင်း
ဇေမျိုးဖြစ်လာပြီဟု ထင်နေသည်။ တစ်ကယ်က ဇေမျိုးကိုယ်
တိုင် အပြင်မှာထက် အခန်းထဲမှာပဲ ပျော်နေတတ်သွားသော
ကြောင့်ပင်။

ဖိုးကျော်နှင့် ညနေကျောင်းဆင်းချိန် လောက်သာ
တွေ့ဖြစ်သည်။ သို့သော် ဇေမျိုးက လက်ဖက်ရည်ဆိုင်
အကြာကြီးမထိုင်တော့ဘဲ အိမ်သို့စောစော ပြန်ကတ်လာ
သည်။ ဖိုးကျော်ကတော့ ဇေမျိုး၏မေမေက ကန့်သတ်ထား
သောကြောင့် ဇေမျိုးတစ်ယောက် အပြင်မှာသိပ်မနေတော့ဟု
ထင်နေသည်။ ဝေဝေနှင့်လည်း ကျူရှင်သွားချိန်လောက်သာ
တွေ့ဖြစ်တော့သည်။ ခါတိုင်း အခန်းထဲမှာ လူတကာကို
ဗရုတ်လိုက်ကျနေသော ဇေမျိုးတစ်ယောက် အိန္ဒြေရလာ
သည်ကို အခန်းဖော်များကတော့ သိပ်ပြီးဂရုမပြုမိကြသေး။

ပထမဦးဆုံး သတိထားမိသူမှာ ဇော်ဇော်ပင်ဖြစ်
သည်။ ဇော်ဇော်က အမြဲတမ်းဇေမျိုးကို အကွက်ချောင်းနေ
သူ ဖြစ်သောကြောင့် ဇေမျိုး၏ ပြောင်းလဲမှုကိုရိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပေါင်းအသင်းမရှိဘဲမနေတတ်သည့် ဇေမျိုး
အကျင့်ကိုလည်း သိထားသဖြင့် အံ့ဩနေသည်။ ဒီတေ
လည်း ဇေမျိုးအကြောင်း ဇော်ဇော်စုံစမ်းတော့သည်ပေါ့။

တစ်ညနေ ကျူရှင်သွားဖို့ ဝေဝေ့ကိုသွားခေါ်တော့

"နင်နဲ့ဇေမျိုး ရန်ဖြစ်ထားသေးလား ဝေဝေ"

"ဟင့်အင်း မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ"

"ဩော် ခုတလော နင်နဲ့ဇေမျိုး သိပ်မပေါင်းတေ
သလိုပဲ။ သူ ဘယ်သူတွေနဲ့ ပေါင်းနေလည်း နင်သိလာ
ခါတိုင်း သူပေါင်းနေကျသူတွေနဲ့ တွဲတာသိပ်မတွေ့ရဘူး"

"ပေါင်းပါတယ်ဟ။ ငါတို့ညနေတိုင်း ကျူရှင်အတူ
သွားနေကြတာပဲ။ ခါတိုင်းရန်ကြဖြစ်ရင်လည်း မခေါ်မပြေ
နေကြတာမှ မဟုတ်တာ။ နင်ပြောမှပဲ သတိရတယ်။ ဇေ
နဲ့ငါ ရန်မဖြစ်ရတာကြာပြီ။ ဒီကောင်အရင်က ငါ့ကိုဆို
အမြဲတမ်း ရန်လိုက်စနေကျ။ ခုတလော ရန်မစတာတော
ကြာပြီ။ ဒီကောင့်ကို ငါကပဲ ရန်ပြန်စ လိုက်ဦးမှပါ"

ဝေဝေနှင့်ဇော်ဇော်တို့ ပြောနေကြသည်ကို
ထောင်လိုသေးသဖြင့် ဇေမျိုး အိမ်ပေါ်သို့မတက်သေး
အသာနားစွင့် နေမိသည်။ ဇော်ဇော်က လည်ကော့လ
သည်။ ပါးရှည်နပ်ရှည် လည်းရှိသည်။





"အဲဒါကြောင့် ငါပြောတာပေါ့။ ထူးခြားတယ်လို့ နင်
မထင်မိဘူးလား"

"ဘာကိုလည်းဟ ဘာထူးခြားရမှာလဲ"

ဇေမျိုး ရယ်ချင်မိသည်။ ဝေဝေ့လို ငတုံးမလေးကိုမှ
ဇော်ဇော် အစ်အောက် မေးမြန်းနေရှာသည်။

"ခုတလော ဇေမျိုး ထူးခြားလာတယ်လို့ နင်မထင်မိ
ဘူးလား။ ခါတိုင်းနဲ့ သိပ်မတူတော့တာတော့ သေချာတယ်"

"အင်း ဟုတ်မယ်နော်. . . ဟုတ်သလိုလိုပဲဟ"

ဇေမျိုးလည်း ဇော်ဇော်ဆက်ပြီး အစ်အောက်လို့မရ
တော့မှန်းသိသဖြင့် အိမ်ရှေ့သို့ပြန်ထွက်လာလိုက်ပြီး ဝေဝေ
ကို အော်ခေါ်ကာ အိမ်ထဲသို့ ပြန်ဝင်လာလိုက်သည်။

"ဝေဝေရေ ဝေဝေ မပြီးသေးဘူးလား။ ကျူရှင်သွား
မှာနော်။ ရိုက်ကွင်းထွက်မှာမဟုတ်ဘူး။ ဟာ ဇော်ဇော်လည်း
ရောက်နေပါလား။ သူငယ်ချင်း ဘယ်တုန်းကရောက်လဲ"

ဇော်ဇော် ကြောင်သွားသည်။ ဇေမျိုးက ခါတိုင်း
တောင်မှ သူနှင့် ရီသည့်ရွဲသည့်အခါမျိုးကလွဲလျှင် ဇော်ဇော်
ရွှေရွှေ ပြောဆိုသည်ဟူ၍မရှိ။ ယခု ပြဿနာဖြစ်ပြီးကာ
ဇေမျိုးက တစ်ကယ့်ကို သူငယ်ချင်းအရင်းအချာကြီးရွှေလို
ဖော်ရွှေနေတော့ အံ့ဩမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က ဇေမျိုးစိတ်ထဲမှ ပါ၍မဟုတ်။ ဇော်ဇော်တို့ အရှုံးလုပ်နေခြင်းပင်။ ဇော်ဇော်ကလည်း သံသယတော့ ရှိရသည်။

"ဟဲ့ ဝေဝေ ကျူရှင်သွားဖို့ နင်းကန်အလှပြင် နေရင်လည်း ကျူရှင်မှာ ဘယ်ကောင်လေးကမှ နင့်ကိုကြည့်မှာ မဟုတ်ဘူး။ အပိုတွေ လုပ်မနေပါနဲ့ဟာ။ ဒီရုပ်က ဒီရုပ်ပါပဲ။ နင့်လိုပုံတုံး ပန်းတုံးကြီးက ဘယ်လိုပြင်ပြင် ဘာမှမထူးခြားပါဘူး"

ခါတိုင်းဆိုလျှင်တော့ ဝေဝေနှင့် ဇေမျိုးတို့ စကားများကြလိမ့်မည်။ အခုတော့ ဝေဝေက ဇော်ဇော်ပြောထားသဖြင့် ဇေမျိုးကို ရန်ပြန်မတွေ့သေးဘဲ စူးစမ်းနေသည်။ သူလည်း ခုတလော ဇေမျိုးတစ်ယောက် ခါတိုင်းလိုမဟုတ်ဟု ထင်နေမိသည် မဟုတ်ပါလား။ ဇေမျိုးကတော့ ဇော်ဇော်ကို ကလိလိုသဖြင့်

"ဟော့ကောင်ဇော်ဇော် မင်းခုတလော ဝေဝေ့ကို ထူးခြားနေ တယ်လို့ မထင်မိဘူးလား"

"အဲ. . ."

ဇော်ဇော်မှာ ဇေမျိုးကို နားမလည်သလို ကြည့်နေရှာသည်။





"ခါတိုင်း ငါရန်စလိုက်ရင် ငါ့ကိုပြန်ပြီး ရန်တွေ့နေကြကွ။ အခုတော့ သူနဲ့ငါရန်မဖြစ်ရတာတောင်ကြာပြီ။ ရန်စတာတောင် ဘာမှပြန်မပြောဘူး။ ပြီးတော့ ခုတလော ငါနဲ့လည်း သိပ်မပေါင်းဖြစ်သလိုပဲ။ ဘယ်သူတွေနဲ့ ပေါင်းနေလဲ မသိပါဘူးကွာ"

ဇော်ဇော်က အူကြောင်ကြောင်ဖြင့် ဝေဝေ့ကို လှမ်းမေးလိုက်သည်။

"ဟုတ်လား ဝေဝေ"

"အမယ် မဟုတ်ပါဘူး။ ငါ ငါ အရင်လိုပါပဲဟ"

"တွေ့လားဇော်ဇော် အဲဒါကိုက ထူးခြားနေသလိုပဲ။ ခါတိုင်း ငါဒီလောက်ပြောရင် သူနဲ့ငါ ရန်ဖြစ်နေပြီ"

"ဇေမျိုးနော် ကျူရှင်ချိန်နီးနေပြီ။ သွားရအောင်"

"အစောကြီးရှိပါသေးတယ်ဟ။ လမ်းထိပ်မှာ ဒိန်ချဉ်ဝင်သောက်လို့တောင် ရသေးတယ်။ ဇော်ဇော်မင်းလည်းလိုက်ခဲ့ပါလား။ ဝေဝေတို့လမ်းထိပ်က ဒိန်ချဉ်ကောင်းတယ်ကွ"

"နေပါစေကွာ ငါ ငါလည်း. . ."

"လိုက်ခဲ့စမ်းပါကွာ တစ်ခါတစ်လေပဲ။ ငါတိုက်ပါ့မယ်"

ဇေမျိုးအတင်းခေါ်နေသဖြင့် ဇော်ဇော်လည်း ဒိန်ချဉ်ဆိုင်သို့ ပါလာလေသည်။ ဇော်ဇော်ကဇေမျိုးကို မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်လိုသည်လည်း ပါသည်ပေါ့။ သူတို့သုံးယောက် ဒိန်ချဉ်သောက်နေစဉ်မှာ ဇေမျိုးကဇော်ဇော်ကို ဇော်ရွှေစွာပင် ဆက်ဆံနေလေသည်။ ဇော်ဇော်ပြန်သွားပြီး ဇေမျိုးနှင့်ဝေဝေ လည်း ကျူရှင်သွားကြတော့မှ

"ဟဲ့ ဝေဝေ နောက်တစ်ခါ ဇော်ဇော်နှင့်ကို ငါ့ အကြောင်းလာမေးရင် ပေါက်ကရတွေ လျှောက်ပြောလိုက် သိလား"

"သူ နင်နဲ့မတည့်လို့ နင့်အကြောင်းတွေ တကူးတက စုံစမ်းနေမှန်း ငါသိပါတယ်ဟ။ ဒါပေမယ့် ငါမှနင်တို့လို အကြံ အဖန်တွေ မပြောတတ်တာ"

"နင်ကလည်းဟာ ဒီလောက်လေးတောင် အဖြစ် မရှိဘူးလား"

"ဟဲ့ ငါကနင်တို့လို ပေါက်တတ်ကရ အကြံဉာဏ်တွေ မထွက်ဘူးဟဲ့။ နောက်တစ်ခါ သူလာစပ်စုရင် ဘာမှမပြောဘဲ နေလိုက်မယ်"

"အေး အဲဒါပဲ ကောင်းပါတယ်"

ကျူရှင်ဆင်းတော့ ဇေမျိုး ဖိုးကျော်တို့အိမ်ဘက်သို့ ဝင်လိုက်သည်။ ဖိုးကျော်ကို လက်ဘက်ရည်ဆိုင်ခေါ်ပြီးတော့ ဇော်ဇော် စပ်စုနေသည့်အကြောင်းကို ပြောပြလိုက်သည်။





ဖိုးကျော်က

"ဒီကောင် ဝေဝေ့ဆီသွားတယ်ဆိုရင် ငါတို့ဆီလည်း လာမှာပဲကွ။ ဒီကောင်မင်းအကြောင်း လာစပ်စုရင် ငါ . . သင်ခန်းစာနည်းနည်း ပေးလိုက်မယ်"

သူတို့ ထင်ထားသည့်အတိုင်း နောက်တစ်နေ့မှာ ဇော်ဇော် ဖိုးကျော်ထံလာသည်တဲ့။ ဖိုးကျော်က

"ဟေ့ကောင်ဇော်ဇော် မင်းက ဇေမျိုးဒုက္ခရောက် နေတယ်ဆိုပြီး ပျော်နေတယ်ပေါ့လေ။ ဟုတ်လား"

"မဟုတ်ပါဘူးကွ။ ဒီကောင်ခုတလော ဘယ်သူနဲ့မှ သိပ်ပြီး အပေါင်းအသင်းမလုပ်တာ ငါအံ့သြနေလို့ပါ"

"အဲဒါ မင်းကြောင့်ပေါ့ကွ။ မင်းက ပြဿနာရှာ လိုက်တော့ သူ့အိမ်က သူ့ကိုအပြင်မထွက်ခိုင်းတော့ဘူး။ ဒီတော့ အိမ်ထဲမှာပဲ နေရတော့တာပေါ့ကွာ။ ဒါပေမယ့် အေးအေးဆေးဆေးပါ။ ငါတို့တွေ သူ့အိမ်ကို အမြဲသွား နေတာပဲ။ သူတစ်ယောက်တည်း မနေရပါဘူး။ မင်းက မင်း ကြောင့်ဇေမျိုးဒုက္ခ ရောက်ပြီဆိုပြီး ပျော်မနေနဲ့။ ဇေမျိုးက ဘာမှမဖြစ်ဘူး။ အရင်အတိုင်းပဲ။ အေး ဒီကောင်က အိမ်ထဲ မှာ အနေများပြီးတော့ စာတွေပိုကျက်နေတာ။ ဒီတစ်ခါ တော့ မင်းထက်အဆင့်တွေ အများကြီးသာနေမှာ မြင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်သေးတယ်။ ငါတို့ကလည်း ဇေမျိုးကိစ္စနဲ့ ပတ်သက်ပြီး မင်းကိုကျေနပ်မယ်လို့ ထင်နေလား"

ဖိုးကျော်က ပိုပိုသာသာဖြင့် စွတ်ဟောက်လိုက်တော့ ဇော်ဇော် ငြိမ်နေရသည်။ ဖိုးကျော်တို့ ဇေမျိုးတို့ လူညီသည်ကို သိထားသဖြင့် ဇော်ဇော် ရှိန်သည်လည်းပါသည်။ ပြီးတော့ ဖိုးကျော်ပြောစကားတွေအရ သူလည်း စိတ်မကောင်းသလို ဖြစ်သွားသည်။ သူနှင့်ဇေမျိုးက ငယ်ငယ်ကတည်းက ရန်ဘက်တွေ။ ဘယ်တော့မှ မတည့်။ တစ်ယောက်အလစ် တစ်ယောက်ချောင်းကာ ဒုက္ခပေးရန် ကြံနေကြ သူများဖြစ်သည်။ သို့သော် ခုလိုမျိုး ဇေမျိုးအခွင့်အရေး ဆုံးရှုံးသွားကုန်သည်ဆိုတော့ ဇော်ဇော် စိတ်မကောင်းဖြစ်မိသည်။ သူကလည်း မကျေနပ်၍သာ ရန်ဖြစ်အောင်ကြံခဲ့သည်သာ။ ဒီလို မိဘတွေနှင့်ပါ ပြဿနာဖြစ်လောက်စေရန် ရည်ရွယ်ချက်မရှိပါ။

"ဒီကိစ္စကြောင့် ငါနဲ့ သက်နောင်တို့နဲ့လည်း ပြဿနာထပ် ဖြစ်ပြီးပါပြီကွာ။ ငါက အဲဒီလောက်မရည်ရွယ်ပါဘူး။ ငယ်ငယ်ကလို ချိန်းပြီးတော့ ရန်ဖြစ်တဲ့ သဘောမျိုးလောက်ပဲ ရည်ရွယ်ခဲ့တာပါ။ ဇေမျိုးကလည်း အခုငါ့ကိုတော့ ဇော်ဇော် ရွှေရွှေပဲ ပေါင်းပါတယ်။ ဟိုနေ့ကတောင် ဒီကောင်ငါ့ကို ဒိန်ချဉ် လိုက်တိုက်သွားသေးတယ်"





"ဇေမျိုးက ဒီလိုပဲလေ။ မင်းလို အငြိုးအတေးထားတတ်တာမှ မဟုတ်တာ။ မင်းကြောင့်သူ့အိမ်မှာ ပြဿနာဖြစ်ပေမဲ့ မင်းကိုသူ ခွင့်လွှတ်တာပဲ။ ဒါကိုမှ မင်းကဆက်ပြီးတော့ အရင်လိုစိတ်မျိုးထား မယ်ဆိုရင်တော့. . . "

ဖိုးကျော် စကားတွေကြောင့် ဇော်ဇော်စိတ်မကောင်းဖြစ်သွားသည်။ နောင်တရသလိုလိုလည်း ရှိသည်။ သို့သော် သူတို့နှစ်ယောက်က ဘယ်ဘဝက ရေစက်လည်းမသိ။ တစ်ယောက်နှင့်တစ်ယောက် အမြင်ကပ်သည့် စိတ်တွေက ဖျောက်ဖျက်မရ။ ဇော်ဇော် ဇေမျိုးအကြောင်းကို ပိုပြီးတော့ စိတ်ဝင်စားသလို ရှိလာသည်။ ဒီလိုမတည့်ကြလို့ပဲ စိတ်ဝင်စားနေကြတာလား တော့မသိ။

ဇေမျိုးကတော့ အရင်ဇော်ဇော့်ပုံစံ လူလိမ္မာလေးပုံပေါက်နေသည်။ အားလုံးနှင့်လည်း ဘာပြဿနာမှမရှိ။ အရင်လို စလိုက်နောက်လိုက်နှင့်ပင်။ သို့သော် အရင်ကထက် ထူးခြားလာသည်မှာ ဘယ်သူနှင့်မှ ကြာကြာမနေတော့ခြင်းဖြစ်သည်။ ဒါကိုကျန်သည့်သူများက သတိမထားမိသော်လည်း ဇော်ဇော်က သတိပြုမိသည်။ ဇေမျိုးနှင့် ငယ်ငယ်ကတည်းက အတွဲဆုံးမှာ ဖိုးကျော်။ သို့သော်သူတို့နှစ်ယောက်က ကျောင်းမှာဆိုလျှင် ကျောင်းလွှတ်ချိန် ခဏ



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ တွေ့ဖြစ်ကြသည်။ ဖိုးကျော်ကလည်း သူ့အိမ်က အလုပ်တွေနှင့် အားသည်မဟုတ်။ ဒီတော့ ဖိုးကျော်အတွက်တော့ သိပ်မထူးခြားသည်ကို ဇော်ဇော်သိသည်။ သို့သော် ဇေမျိုးတစ်ယောက် ခါတိုင်းဆိုလျှင် ဖိုးကျော်မရှိလည်း အခြားသူများကိုရှာကာ ဟိုသွားဒီသွားလုပ်နေကျ။ သူ့နားမှာ အမြဲတမ်းလိုလို အဖော်သုံးလေးယောက်လောက်နှင့်။ အခုတော့ ဇေမျိုးက အားသည်နှင့် အိမ်ကိုပဲ ပြန်လစ်တော့သည်။

နောက်တစ်ချက် ဇော်ဇော်သတိထားမိသည်မှာ ဇေမျိုး တစ်ယောက်တည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ရယ်နေတတ်တာ၊ စကားပြောနေတတ်တာကို ဖြစ်သည်။ ဇေမျိုး ကျောင်းလာလျှင် တစ်ယောက်ထဲ မြောက်ကြွမြောက်ကြွ ရယ်လိုက်မောလိုက်နှင့်။ တစ်ခြားသူတွေကတော့ အရင်ကလိုပဲ ဇေမျိုးက နောက်လိုက် ပြောင်လိုက်နှင့်ဆိုတော့ သတိမထားမိကြ။ ဇေမျိုး စာကိုပိုပြီး အာရုံစိုက်လာသည်။ စာပိုလုပ်လာသည်ဟုပင် ထင်နေကြသည်။ ဒါကလည်း စာမေးပွဲကြီး နီးလာလို့ဟုပင် ထင်ထားကြသည်။ အရင်ကတည်းက ဇေမျိုးကို သတိထားနေသော ဇော်ဇော်ကတော့ ဇေမျိုး၏ အပြောင်းအလဲကို ကောင်းကောင်းကြီး သတိထားမိသည်။

♠♠♠♠♠





ဒီနေ့ညနေ ကျောင်းကအပြန်မှာ ဇေမျိုး ခါတိုင်းထက် ပြီး အူမြူးနေမိသည်။ သူ့ အခန်းထဲက ကောင်မလေးတစ် ယောက်ကို အရှူးလုပ်လာခဲ့သည်။ ထုံးစံအတိုင်း ဇာတ်လမ်း လေးတွေနှင့်ပေါ့။

ဒီနေ့ညနေ စာသင်ချိန်ကာစ်ချိန်ပြီးသွားတော့ ဆရာမ မနေ့က အမှတ်ဖျက်သော လေ့ကျင့်ခန်းစာအုပ်များကို ခန်းထဲတွင်လိုက်ယူပြီး အခန်းထဲတွင်ပြန်ဝေပေးရန် ဇေမျိုး တာဝန်ပေးသည်။ ဇေမျိုး ရုံးခန်းထဲသို့ရောက်တော့ ကျောင်းသားတွေအများကြီး တန်းစီပြီး ဝိုင်းအုံနေကြသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဒေါသတွေဖြစ်ပြီး မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com

နီရဲနေသည်။

စပ်စုကြည့်တော့ ဟိုဘက်အဆောင်က ကျောင်းသားတွေ။ သူတို့ အဆောင်ရှေ့က နို့တစ်ဘူတ်ပေါ်မှာ ဘယ်ကောင်တွေ ညစ်ပတ်ပေရေအောင် လုပ်သွားကြသည်မသိ။ နို့တစ်ဘုတ်လည်း အနည်းငယ်ပျက်စီးသွားသည်တဲ့။ ဆရာကြီးက မသင်္ကာသော ကျောင်းသားများကို ခေါ်၍ စစ်ဆေးနေခြင်းပင်။ ကျောင်းသူအချို့ပါ တွေ့ရသည်။ ဇေမျိုးတို့က ကျောင်းဆောင်မတူသဖြင့် မသိရခြင်းပင်။ ကျောင်းသားတွေမှာ အုပ်စုလိုက်ကြီး။ ဇေမျိုးတစ်ယောက် ရုံးခန်းအပြင်မှ စပ်စုနေသောကြောင့် အချိန်တွေကြာသွားသည်။

တော်ပါသေးရဲ့ ဇေမျိုး စာသင်ခန်းထဲ ပြန်ရောက်တော့ နောက်တစ်ချိန်သင်မည့် ဆရာမက ရောက်မလာသေး။ ဇေမျိုး လေ့ကျင့်ခန်းစာအုပ်များကို ဝေပေးလိုက်တော့ သန္တာက

"နင်ကလည်း ရုံးခန်းတစ်ခါသွားတာ ကြာလိုက်တာ။ ငါတို့ နင်သေနေပြီလို့ ထင်နေတာ။ ရက်လည်မယ့်နေ့တောင် တွက်နေပြီ"

ဇေမျိုးက သန္တာ့အကြောင်းကို ကောင်းကောင်းသိသည်။ သန္တာက ရုပ်ရှင်ရူး။ ရုပ်ရှင်ဗွီဒီယို ကြိုက်လွန်း၍





ဖြစ်သည်။ ဇေမျိုးလည်း သူ့ထုံးစံအတိုင်း ဇာတ်လမ်းတစ်ပုဒ် ထွင်လိုက်သည်။

"ဟာ ရုံးခန်းထဲမှာ ရုပ်ရှင်လာရိုက်နေလို့ဟ။ ဟိုဘက်ဆောင်က ကျောင်းသားတွေ ဝိုင်းအုံကြည့်နေကြလို့ မနည်းတိုးနေရတာ။ ငါလည်း တိုးမရလို့ပေါ့။ အလကားပါဟာ ရုပ်ရှင်ထွက်လာမှ ကြည့်ရင်လည်းရတာပဲ ပိုကိုပိုတယ်။ အမယ် ငါတို့ဆရာမတောင် ဒီနေ့အတန်းဝင်မှာမဟုတ်ဘူး။ ရုံးခန်းထဲမှာ တွေ့ခဲ့တယ်"

"ဟယ် တစ်ကယ်လား ဟုတ်ရဲ့လား"

"မဟုတ်ဘဲနဲ့ ငါကရုံးခန်းထဲမှာ အကြာကြီး ဘာထိုင်လုပ် နေရမှာလဲ"

"ဘယ် ဘယ်မင်းသား မင်းသမီးတွေလဲဟင်"

"မသိပါဘူးဟာ တစ်ယောက်တစ်မျိုးတော့ ပြောနေကြတာပါပဲ။ ငါမှစိတ်မဝင်စားတာ။ လူတိုးရတာနဲ့ စာအုပ်တွေသယ်ရတာနဲ့။ သိပ်တော့လည်း နာမည်ကြီးတွေ မဟုတ်လောက်ပါဘူး"

နာမည်ကြီး ဟုတ်ဟုတ်မဟုတ်ဟုတ် သန္တာကတော့ တော်တော်လေး စိတ်ဝင်စားနေပြီ။ သန္တာ မကြိုက်တတ်တဲ့ မင်းသားမင်းသမီးဆိုတာ ရှိမှမရှိတာ။ သန္တာက သူ့အသားက


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို သွားကြည့်ကြဖို့ အဖော်ဆွယ်နေပြီ။ ဇေမျိုး ကတော့ ခပ်တည်တည် တားလိုက်သေးသည်။

"သွားမနေပါနဲ့ဟာ နင်တို့ ကောင်းကောင်းလည်း မြင်ရမှာ မဟုတ်ပါဘူး။ လူတွေဒီလောက် ဝိုင်းအုံနေတဲ့ဟာ မင်းသားမင်းသမီးပဲ ရုံတင်ရင်ဖြစ်ဖြစ် အခွေထွက်ရင်ဖြစ်ဖြစ် ကြည့်လို့ရတာပဲ"

ဇေမျိုးက တားတော့မှ သန္တာက ပိုပြီးသွားကြည့်ချင် နေပြီ။ ဒါကိုသိလို့လည်း ဇေမျိုးက တမင်သက်သက် တား ခြင်းပင်။

"နင်မကြည့်ချင်နေပေါ့။ ငါတို့ဟာငါတို့ကြည့်တာပဲ"

"စေတနာနဲ့ တားနေတာ သွားချင်လည်း သွားကြ ပေါ့။ ငါတော့ အပင်ပန်းခံပြီး လူမတိုးချင်ပါဘူး။ ဆရာမ မလာတုန်း အခန်းထဲမှာ အဝကဲရမယ်။ ဒါရတောင့်ရခဲ့ အခွင့်အရေးဟ"

"ကဲ. . ကဲ နင့်ဟာနင် သေအောင်ကဲ။ ငါတို့ကတော့ သွားကြည့်မယ်"

သန္တာက အရမ်းစိတ်ပါနေတော့ သူ့ဘေးနားက သူငယ်ချင်းကောင်မလေးကလည်း ဆရာမ မလာတော့မယ့် အတူတူဆိုပြီးတော့ လိုက်သွားသည်။ သန္တာတို့ ထွက်သွားပြီး





မကြာခင်မှာပင် ဆရာမရောက်လာသည်။ ဆရာမ စာသင် နေသည်အထိ သန္တာတို့မှာက တော်တော်နှင့် ပြန်ရောက် မလာသေး။

သန္တာတို့ ပြန်ရောက်လာတော့ ဆရာမက ဒေါသ ဖြစ်ပြီး ဆူပါလေတော့သည်။ ဆရာမက 'ဒီလောက်အကြာ ကြီး ဘယ်ကိုသွားနေတာလဲ'ဟု မေးသောအခါ သန္တာတို့ မဖြေနိုင်ကြ။ ဆရာမကလည်း စည်းကမ်းဖောက်ဖျက်သည် ကို လုံးဝမကြိုက်သော ဆရာမဆိုတော့ သန္တာတို့ တော်တော် လေးကို အဆူခံထိသွားသည်။

ညနေဘက် ကျောင်းဆင်းမှ ပြန်ကြားရသည်မှာ သန္တာတို့က ရုံးခန်းထဲမှ ကျောင်းသားအုပ်ကြီးထဲသို့ အတင်း ဝင်တိုးသည်တဲ့။ ထိုအခါ ဆရာကြီးကလည်း သန္တာတို့ကို နှိပ်တစ်ဘုတ် ဖျက်ဆီးသည့်အမှုကို စစ်ပါတော့သည်တဲ့။ သန္တာက ဇေမျိုးကို ကျောင်းဆင်းသည်နှင့် အရေးခွံခွာဖို့ ဆိုက်ရှာနေသည်တဲ့။ ဒါတွေကို ကြိုတွက်ထားသော ဇေမျိုး ကလည်း သန္တာမမီခင်မှာပင် လက်ဖက်ရည်ဆိုင်သို့ ကြိုပြေး သွားနှင့်ပြီး ဖြစ်သည်။

သန္တာတို့၏ ဇာတ်လမ်းကို ဇေမျိုးက လက်ဖက်ရည် သောက်ရင်း ဖိုးကျော်တို့အားလုံးကို ဖောက်သည်ချပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဇေမျိုး ဇင်မာကိုလည်း ပြောပြချင်လွန်းသဖြင့် အမြန်ပြန်လာခဲ့သည်။ လမ်းထိပ်သို့ရောက်တော့ ကောင်မလေးကို လိုက်ရှာနေမိသည်။ သို့သော်မတွေ့။

ဇေမျိုး အိမ်သို့ အပြေးပြန်လာခဲ့သည်။ ဒီနေ့ကျမှ ကောင်မလေးက ဘာလို့လာမကြိုတာပါလိမ့်။ ဇေမျိုး သူ့အခန်းထဲသို့ ပြေးဝင်ပြီး

"ဇင်မာရေ ဇင်မာ ဟိတ်ကောင်မလေး ဇင်မာ"

ဘာကိုမှလည်း မမြင်ရ။ ဘာကိုမှလည်း မကြားရ။

"ဇင်မာ ဇင်မာ ကောင်မလေး နင်ပုန်းနေတာလား"

"သားရေ ဘာတွေ အော်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး မေမေ"

ဇေမျိုး စိတ်ပျက်သွားသည်။ ကောင်မလေး ဘယ်ကို ရောက်နေပါလိမ့်။ ရေချိုးပြီးချိန်အထိလည်း ကောင်မလေးကပေါ်မလာ။ ကျူရှင်ချိန်သာ နီးလာသည်။ ကောင်မလေးကို မတွေ့။ တစ်နေရာသို့ သွားနေ၍ဖြစ်မည်ဟုတွေးကာ ကျူရှင်သို့သာ ထွက်လာခဲ့ရသည်။

ဝေဝေက သင်္ချာတို့သတင်းကို ကြားပြီးသွားပြီး ရယ်လည်းရယ်သည်။ ဇေမျိုးကိုလည်း ထုံးစံအတိုင်းပင် အပြစ်တင်သေးသည်။ သို့သော် ဇေမျိုးက ခါတိုင်းလို





ဆင်ခြေလည်းမပေး။ သိပ်ပြီးတော့ ပျော်နေပုံလည်းမရ။

ဇေမျိုး ကျူရှင်မှ ပြန်လာသည်နှင့် ညစာပင်မစားတော့ဘဲ စာကြည့်စားပွဲတွင်ထိုင်ရင်း ကောင်မလေးနာမည်ကို တိုးတိုးလေး ခေါ်နေမိသည်။

"ဇင်မာ နင်ငါ့ကို စနေတာလား။ မနောက်ပါနဲ့တော့ဟာ။ နင်ဒီအခန်းထဲမှာ ရှိနေလား"

ဇေမျိုး မည်သို့ပင် ပြောနေစေကာမူ ဘာမှထူးခြားမလာ။ ကောင်မလေးကတော့ ပျောက်ဆုံးလျက်ပင် ရှိသေးသည်။

"သားရေ ထမင်းစားတော့လေ"

"သားမစားတော့ဘူးမေမေ။ ဝေဝေနဲ့ ဆီချက်စားလာလို့"

"အေးအေး ညမှာဆာရင်စားဖို့ ချန်ထားလိုက်မယ်"

ဇေမျိုး စိတ်ညစ်မိသည်။ ကောင်မလေးက မပြောမဆိုနှင့် ဘယ်ကိုပျောက်သွားရသည်လဲ။ ကောင်မလေးရေ နင်က လိမ်ပြောတာ မကြိုက်ဘူးဆို။ ငါအခုတော့ မေမေ့ကို လိမ်ပြောနေရပြီ။

ညသာ တဖြည်းဖြည်းနက်လာသည်။ ကောင်မလေးက ပေါ်မလာ။ ပြတင်းပေါက်မှ မြင်နေရသော ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွင် ကြယ်စင်များက လင်းတချို့မှိန်တချို့။ ကြယ်တွေကြွေသည်ကို ဇေမျိုး လှမ်းမြင်ရသည်။ ဟိုးအလင်းနှစ်ပေါင်းများစွာမှ ကြယ်စင်များကို လှမ်းမြင်နေရ ပါသော်လည်း ကောင်မလေးကိုမတွေ့ရ။ ကြယ်ရောင်တွေသာ တဖြည်းဖြည်းမှိန်သွားသည်။ မျှော်လင့်ချက်တို့ မကုန်သေးသော ဇေမျိုးမှာတော့ ကောင်မလေးကို မတွေ့ရသေး။

နောက်တစ်နေ့မနက် နှိုးစက်သံကြောင့် နိုးလာသည်နှင့် ကောင်မလေးကို ခေါ်မိသည်။ သို့သော် ပြန်ထူးသူမရှိ။ တစ်နာရီ နှစ်နာရီကျော်လောက်သာ အိပ်ရသေးသဖြင့် လူကလည်း မလန်းဆန်း။

ကျောင်းသွားရာ လမ်းမှာလည်း နှစ်ယောက်အတူတူ မဟုတ်။ တစ်ယောက်ထဲဆိုတော့ တစ်မျိုးကြီးဖြစ်နေသည်။ ကောင်မလေးရယ် ဘယ်တွေကို ခြေရှည်နေလဲကွယ်။ ဒါမှမဟုတ် ဘာတွေများဖြစ်နေလဲ။ ဘာဖြစ်လို့ ပျောက်နေရတာလဲ။

ကျောင်းသို့ရောက်တော့ သန္တာ့သတင်းက ပျံ့နှံ့နေသည်။ ကောင်လေးတွေက သန္တာ့ကို ရုပ်ရှင်သွားရိုက်ကြမယ်ဟု စနေကြပြီး ကောင်မလေးတွေရဲ့ကြားမှာလည်း ရုပ်ရှင်မင်းသမီးဟု နာမည်အသစ် တွင်သွားတော့သည်။ သန္တာက





ဇေမျိုးကို ရန်တွေ့သော်လည်း ဇေမျိုးကတော့ ဆင်ခြေလည်းမပေး၊ ခါတိုင်းလို ထွက်လည်းမပြေး။ သန္တာသာ မောသွားသည်။ ဇေမျိုးကတော့ စက်ရုပ်တစ်ရုပ်လိုပင်။

ညနေကျောင်းဆင်း လက်ဖက်ရည်ဆိုင်ကို ရောက်တော့လည်း သူများတွေကသာ အကြောင်းအရာအမျိုးမျိုးကို ပြောဆိုနေကြသည်။ ဇေမျိုးကတော့ ဘာမှဝင်မပြော။ နားထောင်နေသည်လည်း မဟုတ်။ ငေးငိုင်လျက်သာ။

သူငယ်ချင်းတွေက ဘာဖြစ်လို့လဲဟု မေးကြသောအခါ ခေါင်းကိုက်နေလို့ဟုဖြေပြီး အစောကြီးပြန်သွားသည်။

အိမ်ပြန်ရောက်တော့ ကောင်မလေးကို တွေ့ရမလားလို့ ရှာကြည့်သေးသော်လည်း မတွေ့ရ။ ထပ်စောင့်ရပြန်ပြီ နောက်ထပ်တစ်ည။ ဒီတစ်ညလုံး စောင့်နေသော်လည်း ကောင်မလေးမှာ ပျောက်ဆုံးနေဆဲပင်။ ဒီလိုနှင့်ပင် အသက်မပါသော နေ့တစ်နေ့ ရောက်လာပြန်သည်။

နောက်ထပ်တစ်ည နောက်ထပ်တစ်ည ထပ်စောင့်လည်း ကောင်မလေးကို မတွေ့ရသေး။ ကောင်မလေး သူ့ကို စိတ်ဆိုးသွားလို့လား။ ဟိုတစ်ခါလို သူ ကောင်မလေးမကြိုက်တာ ဘာများပြောမိသေးလဲ။ စဉ်းစားကြည့်သော်လည်း ဘာမှမရှိ။ သူ့ကို စိတ်ဆိုးစရာလည်း ဘာမှမရှိ။ ဘယ်လိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ။

နောက်ထပ်နောက်ထပ် နေ့သေတွေသာ တိုးလာ သည်။ ကောင်မလေးကတော့ ပြန်မလာသေး။ ဇေမျိုး၏ တက်ကြွမှု၊ ရွှင်လန်းမှု၊ ပျော်ရွှင်မှုတို့လည်း နောက်တစ်ခါ ပျောက်ဆုံးသွားကြပြန်သည်။

ကောင်မလေးနှင့် မတွေ့မီကလို ပျင်းရိငြီးငွေ့ခြင်း စိတ်အလိုမကျခြင်း၊ စိတ်ပျက် စိတ်ကုန်ခြင်းတို့ကလည်း တစ်ခါပြန် ဝင်ရောက်လာကြ ပြန်သည်။

သို့သော် ကောင်မလေးနှင့် မတွေ့ခင်တုန်းကလို ဟိုဟိုဒီဒီ လျှောက်သွားတတ်ခြင်းမျိုးတော့ မရှိတော့။ အခန်းတွင်းအောင်းသည့် အကျင့်ကစွဲနေပြီ။ ကောင်မလေး ပြန်လာမလားဟု အခန်းထဲမှ အခန်းပြင် မထွက်ဘဲ စောင့်နေ မိသည်။

ကော်ဖီသောက်လျှင်လည်း ဇင်မာများ ပြန်ရောက် လာလေမလားဟု နှစ်ခွက်ဖျော်နေမိဆဲ။ မေမေလည်း ဇေမျိုး ကို ကော်ဖီ နှစ်ခွက်ဆင့်သောက်သည်ဟု ထင်နေဆဲ။

ဖေဖေကတော့ ဇေမျိုး မလန်းဆန်းသည်ကို သတိ ထားမိသွားပြီး ညဥ့်နက်သည်အထိ စာမကြည့်ရန် ပြော လာသည်။ ဇေမျိုး လည်း ညဥ့်နက်သည်အထိ စာမကြည့်





ကောင်မလေး ပြန်ရောက်လာလေမလားဟု စာအုပ်တစ်အုပ် ကို ရှေ့မှာချကာ စောင့်နေမိဆဲ။ နေ့သေတွေကလည်း တစ်နေ့ပြီးတစ်နေ့ ကူးပြောင်းနေဆဲပင်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝန်းရှေ့မှာ ကျောင်းသားတွေ ရှင်းလင်းနေပြီ။ ဇော်ဇော်က ကျောင်းဝန်းထဲသို့ ပြန်ဝင်သွားသော ဇေမျိုးကို တွေ့လိုက်သဖြင့် လှမ်းခေါ်လိုက်သည်။

"ဟေ့ကောင်ဇေမျိုး ဘယ်လဲကွ"

"ကွန်ပါဘူးကျန်ခဲ့လို့ ပြန်သွားယူမလို့"

"ဒါဆို ငါလည်းလိုက်ခဲ့မယ်ကွာ"

သူတို့နှစ်ယောက် ကျောင်းဆောင်ဘက်သို့ ပြန်လျှောက်လာကြသည်။ လမ်းလျှောက်ရင်း ဇေမျိုးက

"ဟေ့ကောင် ဇော်ဇော် မင်းနဲ့ငါက ဘယ်တုန်းကမှ တည့်တာ မဟုတ်ဘူးနော်။ မင်းအခုချိန် ငါနဲ့ရန်မဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"အဲဒါတွေ ထားလိုက်ပါတော့ကွာ။ ပြီးတာတွေ ပြီးပြီပဲ"

"မင်းကိုပြန်လုပ်မှာ ကြောက်လို့လား။ ငါဘာမှ ပြန်မလုပ်ပါဘူးကွ။ ငါ တစ်ခုခု ဖြစ်ချင်နေလို့ပါ"

"ဘာတွေလျှောက်ပြော နေတာလည်း ဇေမျိုးရာ"

"ဟောကောင်ဇော်ဇော် အကြွေတစ်စေ့ကို ခေါင်းပန်း လှန်ရင် ဘာကျမလဲ"

"ခေါင်းနဲ့ပန်း တစ်ခုခုပဲပေါ့"

"နောက်တစ်ခါ ထပ်လှန်ရင်ရော. . ."

"ကျချင်သလိုပဲပေါ့ကွာ"

"ဒါဆို ပန်းတစ်ခါကျတယ်ကွာ။ နောက်တစ်ခါဆိုရင်လည်း နောက်ထပ် ခေါင်းထပ်ကျနိုင်တော့မလား"

"ဘယ်ပြောလို့ရမလဲ ကျချင်ရင် ကျမှာပေါ့"

ဇေမျိုး ပြုံးလိုက်သည်။ ထိုအပြုံး၏ အဓိပ္ပါယ်ကို ဇော်ဇော် မသိသော်လည်း ကျောထဲမှာ စိမ့်သွားသည်။

"အကြွေစေ့တွေအများကြီးကို လှန်လိုက်မယ်ကွာ။ ကျချင် သလိုကျပေါ့။ ဥပမာ ခေါင်းဘယ်နှစ်ခါ ပန်းဘယ်နှစ်ခါ ဆိုပြီးတော့။ နောက်ထပ်တစ်ခါ ထပ်လှန်မယ်ကွာ။ ပထမ





အစီအစဉ်အတိုင်း ပြန်ကျနိုင်တော့မလား"

"မဖြစ်နိုင်ဘူးထင်တယ်"

"တစ်ကြိမ်ကြိမ်မှာတော့ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ။ လုံးဝ မဖြစ်ဘူးလို့ မင်းပြောရဲလား"

"အဲဒါတော့. . . "

"လူတစ်ယောက်ဟာ ခလုတ်တိုက်ပြီးချော်လဲတယ် ဆိုပါစို့။ ချော်လဲတုန်း ပိုက်ဆံကောက်ရသွားမယ်ကွာ။ ဖြစ်နိုင် ပါတယ်နော်"

"တိုက်ဆိုင်ရင် ဖြစ်မှာပေါ့"

"ဒါဆို နောက်ထပ်တစ်ခါ ထပ်ချော်လဲမယ်ကွာ။ ထပ်ပြီး မတိုက်ဆိုင်ဘူးလို့ လုံးဝမင်းပြောရဲလား"

"ဇေ. . ဇေမျိုး. . . လူဆိုတာ မလုပ်သင့်တဲ့ အလောင်းအစားမျိုးတွေ ရှိတယ်နော်။ အပျော်အပျက် မဟုတ်တဲ့ ကိစ္စမျိုးမှာ ဆိုရင်ပေါ့"

ဘာကိုမှန်းတော့မသိ။ တစ်ခုခုကို ဇော်ဇော် စိုးရိမ် လာမိသည်။ ဇေမျိုး ဘာကိုဆိုလိုပြီးပြောနေမှန်း ဇော်ဇော် မသိသော်လည်း တစ်ခုခုကို ရိပ်စားမိသလိုလို ရှိလာသည်။

"ဇေမျိုးရာ လာပါကွာ. . .။ ကွန်ပါဘူးက မင်းဖို့ အခန်းထဲမှာကျန်ခဲ့တာပဲ။ မပျောက်ပါဘူးကွာ။ ပြန်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်။ အထဲမှာ အဖိုးတန်တာ ပါလို့လား"

"ပါတယ်ဆိုရင် မင်းဒီအောက်က စောင့်နေမလား"

"လုံးဝမစောင့်ဘူး ဟော့ကောင်။ မှင်းသွားရင် ငါလည်း လိုက်ခဲ့မယ်။ မင်းအိမ်ကိုမပြန်မချင်း ငါမင်းကိုလိုက်စောင့် ပေးမယ်"

"ဒါဆိုလည်း ပြန်ကြတာပေါ့ကွာ။ ကွန်ပါဘူးက အရေးမကြီးပါဘူး"

ဇေမျိုးကို ပြန်လိုက်ပို့ပေးပြီးတော့ ဇော်ဇော် အပြေး သွားမိသည်က လက်ဖက်ရည်ဆိုင်။ ဒီအချိန်ဆို ဖိုးကျော်တို့ မပြန်လောက်သေး။ မိနိုင်သေးသည်။

ဖိုးကျော်တို့ လက်ဖက်ရည်ဆိုင်မှ ထမည်ပြင်နေစဉ် မှာပင် ဇော်ဇော်ရောက်လာသည်။ ဖိုးကျော်တို့ဝိုင်းထဲမှာ ဝင်ထိုင်တော့ သူ့ကိုသိပ်မလိုလားကြမှန်း ဇော်ဇော် ရိပ်မိ လိုက်သည်။ သို့သော် ဇော်ဇော်က

"ဟော့ကောင်တွေ ဇေမျိုးအကြောင်း ပြောစရာရှိ လို့ကွ"

"မင်းဘာတွေ ပေါက်ကရလျှောက်ပြောဦးမလို့လဲ။ ဘာတွေဖြစ်နေလဲ။ ဇေမျိုးက ခုတလော သိပ်နေမကောင်း ဘူးထင်တယ်။ ဒီတစ်ခါဆိုရင်တော့ ငါတို့ခွင့်မလွှတ်ဘူးနော်"





"မင်းတို့ကလည်း ငါ့သူ့အပေါ် ဒီလောက်ကြီး မယုတ် မာပါဘူးကွာ။ အခုလည်း သူထူးခြားနေတာ ငါ သတိထား မိလို့. . ."

ဒါကိုတော့ ဖိုးကျော်တို့ အားလုံးလည်း သတိထား မိကြသည်။ ဘယ်လိုနားလည်ရမှန်းမသိ။

ကျောင်းမှာ ဘယ်သူနဲ့မှ စကားပြောတာ မတွေ့ရ တော့။ ဇေမျိုးက လူနောက်လူပြောင်ကောင်ဆိုတော့ သူ့ကို မြင်ပြီး စမည့်နောက်မည့်သူတွေက မရှား။ သို့သော် ဇေမျိုးကို သွားစသူများသာ စိတ်ပျက်သွားကြသည်။ ဇေမျိုးကတော့ မတုန်မလှုပ်။

ဇော်ဇော်က သူကြုံလာခဲ့သမျှကို ပြောပြသည်။ ထိတ် လန့်သွားသူက ဖိုးကျော်. . .။

"သူ ကျောင်းမပိတ်ခင် နောက်ဆုံးနေ့က အခန်းထဲမှာ ကွန်ပါဘူးကျန်ခဲ့လို့ သွားပြန်ယူတာ။ သူတစ်ယောက်ထဲ ကျောင်းထဲမှာ ပိတ်မိနေလို့ အပေါ်ထပ်ပြတင်းပေါက်ကနေ ခုန်ချပြီး ပြန်ဆင်းလာတာ"

အားလုံးအံ့အားသင့် သွားကြသည်။

"ဟုတ်ရဲ့လားကွာ။ ဒီကောင် လျှောက်ပြောနေတာ လားမှ မသိတာ။ ဒီကောင်က ဇာတ်လမ်းတွေထွင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်တွေ ပြောတတ်တယ်နော်”

“တစ်ကယ်ပါကွ။ ဦးစနေတောင် ဒီကောင့်ကို ဆေးထည့်ပေးလိုက်ရသေးတယ်။ အဲဒီညက မင်းနဲ့တောင် တွေ့သေးတယ်တဲ့။ မင်းတောင် သူ့အမေကို သွားပြီးချွန်လိုက်သေးတယ်လေ”

“ဟို. . ဒီကောင် ခေါင်းတွေဘာတွေများ ထိမိပြီး အတွင်းကြေတွေဘာတွေ ဖြစ်သွားလားမသိဘူး။ အဲဒါမျိုးတ တစ်ခါတစ်လေ ချက်ချင်းမပေးတတ်ဘူးတဲ့”

“မဖြစ်နိုင်ပါဘူးကွာ။ သူ ဝေဒနာတစ်ခုခု ခံစားနေရရင် သူ့အိမ်ကို ပြောမှာပေါ့။ ငါတို့ကိုလည်း ပြောမှာပေါ့ အခု သူဖြစ်နေတာက ခန္ဓာကိုယ်နဲ့မဆိုင်ပါဘူး။ ဒီကောင် စိတ်ညစ်စရာ တစ်ခုခုရှိနေတာပဲ နေမှာပါ”

“ငါတို့လည်း ခုပဲ သူ့အကြောင်း ပြောနေကြတာ ဒီကောင် ဘာကိုစိတ်ညစ်နေလည်းမသိဘူး”

“သူ့အိမ်နဲ့ အဆင်မပြေလို့များလား”

“မဟုတ်ပါဘူးကွာ။ သူ့အိမ်နဲ့ အဆင်မပြေရင် ငါ့ကို ပြောမှာပေါ့။ ခါတိုင်းလည်း ပြောနေကြပဲ”

ဖိုးကျော်ပြောတာ ဟုတ်သည်။ ဇေမျိုးက ဘယ်တို့ မဆို ဖိုးကျော်ကို မသိမဝှက် ပြောပြတိုင်ပင်တတ်မှန်း သူ





အားလုံး သိထားကြသည်။ ဖိုးကျော်တို့လို လူရင်းတွေကိုတောင် အသိမပေးနိုင်ရလောက်တဲ့ စိတ်ညစ်စရာ ဘာရှိနိုင်ပါမည်နည်း။

“အင်းလေ. . . ကျောင်းမှာလည်း ဘာပြဿနာမှ မရှိဘဲနဲ့”

“ဒီကောင်နဲ့ ပြဿနာဖြစ်တတ်တာလည်း ငါပဲရှိတာ။ အဲတာလော ငါနဲ့လည်း ဘာမှမဖြစ်ပါဘူးကွာ”

ဇော်ဇော်က သူ့ကိုယ်သူ မလုံသလိုပြောသည်။ ကကယ်လည်း ဇော်ဇော့်မှာ သိပ်ပြီးမလုံလှ။ ဇေမျိုးကို ဒုက္ခပေးနေကြက သူလေ။ သူ့ပယောဂမကင်းဟု ဝိုင်းပြီးထင်ကြ၍ စိုးရိမ်နေသည်။ ဒါကိုရိပ်မိသော ဖိုးကျော်က

“မင်းကြောင့်မဟုတ်ပါဘူးကွာ။ မင်းနဲ့မဆိုင်ပါဘူး။ အဲဒီလောက်နဲ့လည်း ဒီကောင်က ဘာမှမဖြစ်ပါဘူး”

ထို့နောက်သူတို့ အမျိုးမျိုး ဝိုင်းပြီးစဉ်းစားကြသည်။ သို့သော် အဖြေကရှာမရ။

“သူ့အိမ်နဲ့တော့ အဆင်ပြေပါတယ်နော်”

ခါတိုင်း ဇေမျိုးအမေကို အတို့အထောင်လုပ်နေကျ ဇော်ဇော်က မေးလိုက်သည်။

“အရင်ကတော့ အဆင်မပြေဘူး။ ဒါပေမဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရက်တွေတုန်းက အဆင်ပြေသွားတာ ကြာပါပြီ။ အဲဒီ နောက်ပိုင်း ဒီကောင်လန်းလန်းဆန်းဆန်း ရှိနေတာပဲ။ ဘာမှ မဖြစ်သေးဘူး”

“မင်းတို့ သူငယ်ချင်းထဲက တစ်ယောက်ယောက်နဲ့ အဆင်မပြေတာမျိုးရော မရှိဘူးလား။ ဝေဝေတို့နဲ့ရော”

“ပြေပါတယ်။ အားလုံးနဲ့ အဆင်ပြေတာပဲဟာကို။ သက်နောင်တို့နဲ့တောင် ငြိမ်းချမ်းရေးရသွားပြီပဲ”

“စဉ်းစားလို့ရသလောက် အကုန်လုံးနဲ့ အဆင်ပြေ နေတာပဲ။ တို့မသိတဲ့ အပေါင်းသင်းတော့ မရှိပါဘူး”

ဖိုးကျော်က စဉ်းစဉ်းစားစားဖြင့်

“တစ်ယောက်တော့ ရှိတယ်ကွ။ ဒီကောင် ကျောင်း မှာ ပိတ်မိတဲ့နေ့က ကောင်မလေးတစ်ယောက်နဲ့ အသိဖြစ် လာတယ်တဲ့။ နောက်ထပ် တစ်ခါနှစ်ခါလောက် ထပ်တွေ့ ဖြစ်သေးတယ်တဲ့။ နောက်တော့ ဒီကောင်နဲ့လည်း မတွေ့ ကြတော့ဘူး ထင်ပါတယ်။ ဘာမှမပြောတော့ဘူး။ အဲဒီ ကောင်မလေးကို ဒီကောင်က သရဲချောက်တာလို့တောင် ထင်လိုက်သေးတယ်”

“ဘယ်ကကောင်မလေးလဲ”

“မသိဘူး။ တစ်ခြားမြို့နယ်တွေ ဘာတွေက ဖြစ်မှာ





ပေါ့။ ငါတို့ လက်လှမ်းမီသလောက်ထဲကတော့ မဟုတ်တာ သေချာပါတယ်”

“တစ်ခါနှစ်ခါလောက် တွေ့ဖူးတဲ့သူ တစ်ယောက် နဲ့တော့ ဒီကောင် ဘာမှဖြစ်မှာ မဟုတ်လောက်ပါဘူးကွာ။ ဒါပေမယ့် ထည့်တော့စဉ်းစားသင့်တယ်”

“ဝေဝေတို့နဲ့ပါ ဝိုင်းပြီးစဉ်းစားကြတာပေါ့ကွာ”

“အေး နောက်တစ်ပတ် စနေဖြစ်ဖြစ် တနင်္ဂနွေဖြစ် ဖြစ် ဝေဝေတို့အိမ်မှာ လူစုကြမယ်ကွာ။ သူတို့အမေက လက်ဖက်သုပ် ကောင်းတယ်ကွ။ ဒီကောင့်ကိုလည်း ခေါ်လာ ကြတာပေါ့။ ငါတို့ သူငယ်ချင်းတွေ လူစုံနေရင် ဒီကောင် လည်း အရင်လို ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်ချင်ဖြစ်လာမှာ”

“အေး ကောင်းတယ်ကွ။ ဒီကောင့်ကိုလည်း ချော့ မော့ မေးကြည့်ရတာပေါ့”

“အတင်းအကျပ်ကြီးတော့ မမေးနဲ့ဦးနော်. . . ပိုဆိုး သွားဦးမယ်”

“ခါတိုင်း ဒီလိုလူစုံရင်တော့ ဒီကောင် ဇေမျိုးက အရွှင်ဆုံးပဲကွ။ မင်းတို့အကြံ ကောင်းတယ်”

သူတို့က သူတို့သူငယ်ချင်းအတွက် ဝိုင်းဝန်းပြီး စဉ်းစားပေးနေချိန်တွင် သူတို့သူငယ်ချင်း ဇေမျိုးမှာတော့

ပန်းအိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ပင် ဆိုးဝါးလာသည်။

ညဘက် ကောင်မလေးကို မတွေ့ရသည့်အခါ ဟိုတစ်ခါကလို အပြင်သို့ခိုးထွက်သည်။ ကောင်မလေးက မကြိုက်တတ်မှန်း သိသော်လည်း ဟိုတစ်ခါကလို ကောင်မလေး ပြန်လိုက်ခေါ်မလားဟူသော အတွေးတို့ဖြင့် ညဥ့်နက်သန်းခေါင် လမ်းမတွေပေါ်မှာ လျှောက်သွားနေတတ်သည်။ ဘူတာရုံ၊ ညဈေး၊ ကမ်းနား နေရာတွေလည်း စုံနေပြီ။ ညစာကိုလည်း အခန်းထဲမှာစားမည်ဟု ပြောကာ မစားဖြစ်ဘဲ ကောင်မလေးပြန်လာလျှင် အတူတူစားရန် စောင့်နေရင်း မေမေတို့အလစ်မှာ အမှိုက်ပုံးထဲ သွန်ပစ်လိုက်ရသည်က လည်း ညတိုင်းလိုလိုပင်။ ညဘက်တွေ အပြင်ခိုးကိုထွက်ပြီး အိမ်သို့ပြန်လျှင်လည်း ကောင်မလေးများ ပြန်ရောက်နေမလားဟု စားစရာတစ်ခုခုကတော့ ဝယ်သွားဖြစ်မြဲ။ တစ်ခါတစ်ရံ သူစားဖြစ်သည်ကနည်းပြီး အမှိုက်ပုံးထဲ သွန်ပစ်လိုက်ရသည်က များလေသည်။

ဆိုက်ကားဆရာ အစ်ကိုကြီးကပင် ဇေမျိုး မျက်နှာမကောင်းသည်ကို သတိထားမိပြီး မေးလေသည်။ ဇေမျိုးကတော့ သူထွင်ထားသည့်ဇာတ်လမ်းအတိုင်း သူ့အစ်ကို အလုပ်အကိုင်မကောင်း၍ စိတ်မကောင်း ဖြစ်နေကြောင်း





ပြောလိုက်သည်။ သို့သော် ဟိုတုန်းကလို ဇာတ်လမ်းထွင်ပြောရတာကိုလည်း မပျော်မိတော့။

အဆိုးဆုံးကတော့ ဇေမျိုး အိမ်မှာလည်း မပျော်တော့သလို ကျောင်းမှာလည်း မပျော်တော့ခြင်းပင်. . .။

ဖိုးကျော် တနင်္ဂနွေနေ့ ဝေဝေတို့အိမ်ကို သွားဖို့ အကြောင်းပြောရန် ဇေမျိုးတို့စာသင်ခန်းထဲကိုလာရှာတော့ မတွေ့ရပေ။ သူတို့အခန်းထဲကသူတွေကို မေးကြည့်တော့ လည်း ကျောင်းမလာဘူးတဲ့။ ဖိုးကျော် သက်နောင်ကို မေးကြည့်တော့

"မနက်က ငါကျောင်းလာတော့ လမ်းမှာ ဒီကောင်နဲ့တွေ့သားပဲ။ ငါတောင်လှမ်းနှုတ်ဆက်လိုက်သေးတယ်"

ဒုက္ခပါပဲ။ ဇေမျိုးတစ်ယောက် ဘာတွေဖြစ်လို့ ဘာတွေ လျှောက်လုပ်နေမှန်းမသိ။ ဝေဝေကတော့

"ဒီအတိုင်းဆိုရင် သူ့အိမ်ကို ပြောပြရင်ကောင်းမလားမသိဘူး"

"ပိုဆိုးနေပါဦးမယ်ဟာ။ ဒီကောင်စိတ်ကို ငါသိတယ်ဟ။ အရင်ကတည်းက သူ့အမေနဲ့ သိပ်အဆင်ပြေတာ မဟုတ်ဘူး"

ကျောင်းမှာ တစ်ခါတစ်ရံ ကျောင်းပြေးတာကြ



www.burmeseclassic.com

www.burmeseclassic.com



သူများရှိသည်။ သုံးလေးယောက်၊ သို့မဟုတ် အဖွဲ့လိုက် လျှောက်လည်ကြ ခြင်းပင်။ ဇေမျိုးကတော့ ထူးထူးခြားခြား ဘယ်သူ့ကိုမှမခေါ်။ တစ်ယောက်ထဲ လျှောက်သွားနေ သည်တဲ့။

"ငါတို့ ဇေမျိုးကို ဝိုင်းပြီးပြောကြည့်ကြရင် ကောင်း မလား"

"ငါပြောပြီးပြီ။ ဘာမှလည်း မေးလို့မရဘူး။ ငူငူငိုင်ငိုင် နဲ့ ကြောင်တောင်တောင် လုပ်နေတယ်"

"ဒုက္ခပါပဲဟာ။ ဒီအတိုင်းဆို ဒီကောင့်အိမ်ကို တိုင်စာ အပို့ခံရတော့မယ်"

သူတို့ ထင်ထားသည့်အတိုင်းပင်။ ဇေမျိုး ကျောင်း ပျက်ရက်တွေ များလာသောအခါ အိမ်သို့ တိုင်စာရောက် ပါတော့သည်။ ဇေမျိုး၏အမေလည်း အတော်အံ့အားသင့် သွားသည်။ ဇေမျိုးတစ်ယောက် လိမ္မာပြီး ကျောင်းစာဘက် တွင်ပဲ အာရုံရောက်နေရာမှ ဘယ်လိုဖြစ်သွားမှန်းမသိ။ ဆူ တော့လည်း ငြိမ်ခံနေသည်။ ပြော၍ လည်းမရ။ မဖြစ် တော့ခြေ။ ကျောင်းသွားကျောင်းပြန်ကို ဇေမျိုးအမေ ကိုယ်တိုင် အကြိုအပို့ လိုက်လုပ်ပေးသည်။

မနက်ဆိုလျှင် ကျောင်းသို့ရောက်သည်အထိ လိုက်





ပို့ပေးသည်။ ညနေကျောင်းဆင်းချိန်ဆို ကျောင်းရှေ့မှနေ၍ သွားကြိုသည်။ စိတ်အေးရတော့မည်ဟု သက်ပြင်းပင် မချ နိုင်သေး။ ဇေမျိုး သူငယ်ချင်းတွေက သတင်းလာပေးသည်။ ဇေမျိုး ကျောင်းမှာမရှိတဲ့။ စုံစမ်းကြည့်လိုက်တော့ ဇေမျိုးက သူ့အမေကျောင်းသို့ လိုက်ပို့ပြီး ပြန်ချိန်ရောက်မှ ကျောင်း ဝန်းထဲကနေ အပြင်ကိုခိုးထွက်သည်တဲ့။ ညနေကျောင်းဆင်း ချိန်ရောက်မှ ကျောင်းရှေ့က ပြန်စောင့်နေတာတဲ့။

ဇော်ဇော်ကတော့ ရှိရှိသမျှ ဇင်မာတွေအကုန်လုံး လိုက်ပြီး စုံစမ်းနေသည်။ တွေ့ပါသည်။ ဇင်မာတွေ လေးငါး ခြောက်ယောက်လောက်။ သို့သော် သူတို့သိချင်နေသည့် ဇင်မာမဟုတ်။ တချို့ဆို ဇေမျိုးကို သိတောင်မသိကြ။ ဇေမျိုးကိုသိသည့် ဇင်မာတွေကလည်း ဇေမျိုးပြောသော ဇင်မာတွေမဟုတ်ကြ။ ဇော်ဇော် ဇွဲကောင်းကောင်းဖြင့် ဇင်မာတွေကိုပဲ လိုက်စုံစမ်းနေသည်။ ထူးခြားတာ ဒီတစ်ခုပဲ ရှိတာဆိုတော့ ပြဿနာရဲ့အဖြေဟာ ဇင်မာပဲဖြစ်လိမ့်မည်ဟု သူတွက်ထားသည်။ ဖိုးကျော်တို့ သက်နောင်တို့ကလည်း စုံစမ်းကြသည်။ သို့သော် အခြေအနေက မထူးခြား. . ။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ရောက်ပြီ။ သက်နောင်တစ်ယောက် လူစုထားသည့် ဝေဝေတို့အိမ်သို့ ထွက်လာသည်။ သူတို့အိမ်က ဝေဝေတို့အိမ်နှင့်ဝေးတော့ ဆိုက်ကားငှားစီးလိုက်သည်။ လမ်းမှာ ဇေမျိုးကို ဝင်ခေါ်ရမည်။

ဇေမျိုးတို့ အိမ်ရှေ့ရောက်တော့ ပြတင်းပေါက်မှနေ၍ ငေးမောနေသော ဇေမျိုးကိုတွေ့သည်။

"ဇေမျိုးရေ. . . ဝေဝေတို့အိမ် သွားကြမယ်လေ"

"ငါမအားသေးလို့။ ပြီးမှ လိုက်လာခဲ့မယ်"

သက်နောင်ကတော့ ဇေမျိုးကို တစ်ခါတည်း ခေါ်သွားလိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါစောင့်နေမယ်လေ"

"မစောင့်နဲ့တော့ ငါမအားသေးလို့ ပြီးမှလိုက်ခဲ့မယ်"

"အေးအေး လာဖြစ်အောင် လာခဲ့နော်"

ခေါ်၍မရတော့ ဆက်ဆက်လာခဲ့ဖို့ သုံးလေးခါ လောက် မှာပြီးမှ သက်နောင်ထွက်လာခဲ့သည်။ ဆိုက်ကား ဆရာ အစ်ကိုကြီးက. .

"ဒီကောင်လေးက အိမ်အလုပ်တွေ တော်တော် လုပ်ပေးရတယ်ကွ။ မင်းသူငယ်ချင်းလား"

"ဟုတ်ကဲ့ အစ်ကိုနဲ့သိလား"

"သိတာပေါ့ကွ။ ညဘက်ဆို ငါ့ဆိုက်ကားစီးနေကျပဲ သူတို့ မောင်နှမတွေစားဖို့ မုန့်ထွက်ထွက်ဝယ်တာလေ"

"ဗျာ. . . ."

သက်နောင်အံ့ဩသွားသည်။ ဇေမျိုးက တစ်ဦး တည်းသောသား. . .။ မောင်နှမမရှိ. . .။

"ခုတလော အစ်ကိုအလုပ်က အဆင်မပြေဘူး တဲ့ကွ။သူတို့အိမ် စီးပွားရေးမပြေလည်လို့ ထင်ပါတယ်ကွာ။ ကောင်လေးကြည့်ရတာ ငူငူငိုင်ငိုင်နဲ့"

လွဲနေတာတော့ သေချာသည်။ သို့သော် ဇေမျိုး၏ အကျင့်ကိုလည်းသိထားပြီး ဇေမျိုး အကြောင်းကိုလည်း





သိချင်နေသဖြင့် သက်နောင်ဆက်ပြီး အစ်အောက်ကြည့် သည်။ ဆိုက်ကားဆရာ အစ်ကိုကြီး ပြောပြသည့်အတိုင်းဆို ဇေမျိုးအပြင်ထွက်သည့် အချိန်တွေက တစ်ကယ့်ကို အံ့ဩ စရာ။ ညဥ့်နက်သန်းခေါင်. . .။

ဝေဝေတို့အိမ်ရောက်တော့ ဇေမျိုးကလွဲ၍ အားလုံး လူစုံ သလိုဖြစ်နေပြီ။ သန္တာတစ်ယောက်ပဲ ကျန်တော့သည်။ သက်နောင်က သူသိလာသမျှ ပြန်ပြောပြသောအခါ အားလုံး အံ့ဩနေကြသည်။

"ဒီကောင် အမြဲတမ်းသူဟာသူ လုပ်ကြံပြီး ဇာတ်လမ်း တွေ လျှောက်ပြောတတ်တာပဲ။ ဆိုက်ကားဆရာ အစ်ကိုကြီး ကိုလည်း သူ့ဟာသူလုပ်ကြံပြီး လျှောက်ပြောတာ နေမှာပေါ့"

ဖိုးကျော်၏ ဝေဖန်ချက်ကို ဝေဝေက ထောက်ခံသည်။

"ဟုတ်တယ်။ တစ်ခါလည်း သူကားအက်ဆီးဒင် ဖြစ်တယ်ဆိုပြီး ငါတို့ကို ဒုက္ခပေးသေးတယ်"

"ဒါပေမယ့် ညဥ့်နက်ပိုင်းမှာ အပြင်ကို ဘာထွက်လုပ် တာလဲ"

ဘယ်သူမှ မဖြေနိုင်ကြ။

ဝေဝေတို့အမေက နောက်ထပ် လက်ဖက်တစ်ပွဲ ထပ်သုပ်ပေးသည်။ သူတို့ကတော့ အဖြေရှာမရသေး။ဆိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် သန္တာ ရောက်လာသည်။

"သတင်းထူးပါတယ်ဟ။ ငါ ဇေမျိုးအကြောင်း ကြားလာတယ်။ ငါ့အစ်မဝမ်းကွဲတစ်ယောက်နဲ့တွေ့လို့ သိလာတာ"

"ဘာလဲ နင့်အစ်မက ဇင်မာဆိုတဲ့ ကောင်မလေးလား"

ဇော်ဇော်က သူသိချင်သည်ကိုသာ အတင်းမေးနေသည်။ သန္တာက နှာခေါင်းရှုံ့ပြပြီး. . .

"ဘယ်ကဇင်မာရမှာလည်း ငါ့အစ်မက မြို့ထဲက ကော်ဖီဆိုင်မှာ အလုပ်လုပ်နေတာဟ။ ငါ့အစ်မနဲ့ငါမနေ့က ရုပ်ရှင်သွားကြည့်တော့ လမ်းမှာဇေမျိုးနဲ့တွေ့တယ်။ ငါ့အစ်မက ဇေမျိုးကို သိတယ်တဲ့"

"နင့်အစ်မက ဇေမျိုးကိုသိတာများ ဘာထူးဆန်းလဲ"

"ပြီးခဲ့တဲ့ ကျောင်းပိတ်ရက်တွေလောက်က ဇေမျိုး ငါ့အစ်မအလုပ်လုပ်တဲ့ ကော်ဖီဆိုင်ကို သုံးလေးခါလောက် လာထိုင်တယ်တဲ့။ ဟဲ့ဝေဝေ အရင်တစ်ပတ်က ငါတို့ရုပ်ရှင်သွားကြည့်တဲ့နေ့က ဝင်ထိုင်တဲ့ဆိုင်လေ သိလား. ."

"ဒါများဟာ ငါတို့လည်း တစ်ခါတစ်လေ ကော်ဖီဆိုင်ထိုင်တတ်တာပဲ။ နင့်အစ်မက ဇေမျိုးကို အလကား တိုက်လိုက်လို့ သတင်းထူးတာလား"





"နင်တို့ကလည်း စကားကို ဆုံးအောင်နားထောင်ပါဟဲ့"

"ဒါဆိုလည်း မြန်မြန်နဲ့ လိုရင်းပြောဟာ။ နင့်ရုပ်ရှင်တွေ ထည့်မပြောနဲ့။ ရုပ်ရှင်ကြိုက်လို့ ရုံးခန်းရောက်ကာတောင်မမှတ် သေးဘူးလား"

"ဟဲဟဲ အေးနော်. . . အဲဒီတုန်းက ငါဇေမျိုးကို တော်တော် စိတ်ဆိုးတာဟဲ့ သိလား။ ဒါပေမယ့်ဟာ သူ အခုလိုကြီးဖြစ်သွားတော့ ငါစိတ်မကောင်းဘူး။ အရင်လို နောက်လိုက်ပြောင်လိုက်နဲ့ နေတာကမှ. . ."

"ဟဲ့သန္တာ လိုရင်းနော် လိုရင်းပြော နင့်အစ်မဝမ်းကွဲက ဘာပြောလဲ"

"အေးပါဟဲ့ ပြောပါ့မယ်။ ဇေမျိုးက အဲဒီကော်ဖီဆိုင်ကို တစ်ယောက်ထဲလာပြီး ကော်ဖီတစ်နှစ်ခွက် အမြဲတမ်းဝယ်တယ်တဲ့။ ပြီးတော့ သူ့ကိုကြည့်ရတာ တစ်ယောက်ထဲ စကားပြောနေ သလိုပဲတဲ့"

ဇော်ဇော် သူနှင့်ဇေမျိုး ကော်ဖီဆိုင်မှာ တစ်ခါဆုံဖြစ်သည်ကို ပြောပြလိုက်သည်။ အားလုံး တွေဝေသွားကြသည်။ ဖိုးကျော်က

"သူပြောတဲ့ ကောင်မလေးနဲ့ ကော်ဖီဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဖူးတယ်လို့ ငါ့ကိုပြောပြဖူးတယ်။ ငါက အဲဒီကောင်မလေးဆိုတာ သူ့ထုံးစံအတိုင်း သူဟာသူ ဇာတ်လမ်းထွင်ပြီးပြောတယ်လို့ ထင်နေတာ။အပြင်မှာ တစ်ကယ်ရှိမယ်လို့ မထင်ဘူး"

"ဟဲ့ သူ. . . သူ. . ကျောင်းပြတင်းပေါက်ကနေ ခုန်ချတော့ သရဲတွေဘာတွေကများ ပြုစား. . ."

ဝေဝေစကားကို အားလုံးက ကန့်ကွက်ကြသည်။ လုံးဝ မဖြစ်နိုင်ဟု. . .

တွေးလေ ပို၍ရှုပ်လေ။ ဘာမှန်းမသိတော့ ဘာလုပ်ရမှန်း မသိကြ။ တစ်ယောက်တစ်မျိုး အယူအဆတွေကလည်း စုံလင်လွန်းလှသည်။ တူညီသည်ကတော့ သူတို့အားလုံး ဇေမျိုးကို တစ်ခုခု လုပ်ပေးချင်နေကြသည်။ ကူညီချင်ကြသည်။ သို့သော် ဇေမျိုးက ဘာဖြစ်နေမှန်းမသိသောကြောင့် သူတို့လည်း ဘယ်လိုကူညီရမှန်း မသိကြ။

"လူကြီးတွေနဲ့ပါ တိုင်ပင်ရင် ကောင်းမယ်ထင်တယ်"

အရင်က ဇေမျိုးတို့ ဖိုးကျော်တို့ လေးငါးယောက်က တစ်ဖွဲ့၊ ဇော်ဇော်ကတစ်သင်း။ သက်နောင်တို့က တစ်အုပ်စု နေခဲ့ကြသည်။ အခု ဇေမျိုးကိစ္စပေါ်လာတော့ သူတို့အားလုံး စုစုစည်းစည်း ဖြစ်သွားကြသည်။ ဟိုတုန်းက ကိစ္စတွေကို





လည်း သင့်ပုန်းချေကြပြီးဖြစ်သည်။ ဖိုးကျော်တို့ သက်နောင်၊ ဇော်ဇော်တို့ ဆက်ဆံရေးမှာ တိုးတက် ကောင်းမွန်လာသော်လည်း ဇေမျိုး အခြေအနေကတော့ ထူးခြားမလာ။

"ဇေမျိုးလည်း ခုထိမလာသေးပါလား"

"ဟုတ်တယ်။ သွားခေါ် ရအောင်။ ယောကျ်ားလေးတွေ ဇေမျိုးကိုသွားခေါ်။ မိန်းကလေးတွေက လက်ဖက်ထပ်သုပ်ထားလိုက်။ ရေနွေးကြမ်းလည်း ပြင်ထား။ ဟဲ့ဝေဝေ ရေနွေးကြမ်းဆိုတာ ကော်ဖီတို့ လက်ဖက်ရည်တို့နဲ့မှ လိုက်တာနော်။ မေ့မနေနဲ့"

ဇေမျိုးရောက်လာတော့ သူတို့အားလုံး စကားတွေ ဝိုင်းပြောကြသည်။ သို့သော် ဇေမျိုးက ဘာမှဝင်မပြော။ စိတ်ပါပုံလည်းမရ။ အရင်က ဒီလို လူစုမိလျှင် ဇေမျိုးက အတက်ကြွဆုံး။ ဟိုလူ့ကိုလိုက်စ ဒီလူ့ကိုလိုက်စဖြင့်။

"ဟဲ့ဇေမျိုး နောက်တစ်ပတ် ရုပ်ရှင်ကားသစ်လဲရင် သွားကြည့်ကြမယ်။ လိုက်မလား"

သန္တာက ဇေမျိုးသူ့ကို စရန်နောက်ရန် လမ်းဖွင့်ပေးသည်။ ဇေမျိုးကတော့ မတုန်မလှုပ်ဖြင့်ပင်. . . .

"မကြည့်ချင်ပါဘူးဟာ"

ဝေဝေကလည်း ဇေမျိုးသူ့ကို နောက်ပြောင်မည်



www.burmeseclassic.com

www.burmeseclassic.com



လားဟု

"ဟဲ့ဇေမျိုး ငါ မျက်ခုံးမွေးရိပ်ထားတာ လူလား။ နင်ကကြည့်တတ်မှာ မဟုတ်ပါဘူးဟာ။ နင်တို့လို ခပ်တုံးတုံး ကောင်လေး တွေက မမြင်တတ်ပါဘူး"

အရင်လိုဆိုရင်တော့ ဇေမျိုးတစ်ယောက် ဝေဝေ့ ကိုနောက် ပြောင်လို့ ဆုံးမှာ မဟုတ်တော့ချေ။ အခုကတော့

"လူပါတယ်ဟာ"

သူတို့အားလုံး စိတ်ပျက်သွားကြသည်။ ခါတိုင်း ဇေမျိုးက စလွှန်းနောက်လွှန်းသဖြင့် စိတ်တိုစိတ်ကောက်ကြ ရသောသူတို့ပင် အခုတော့ စိတ်မကောင်းဖြစ်နေကြရပြီ။

"ဟေ့ကောင်ဇေမျိုး ငါတို့သက်နောင်တို့ လူစုပြီး သွားပြီ။ မင်းတို့အဖွဲ့နဲ့ ဘောလုံးပြန်ကန်မယ်။ အရင်တစ်ခါက ကြက်ကန်းတိုးပြီး မင်းတို့နိုင်တာပါကွာ။ ဒီတစ်ခါ မင်းတို့ငိုပြီး ပြန်သွားရလိမ့်မယ်"

"ဖိုးကျော်တို့နဲ့ ပြောကွာ။ ငါမပါချင်ဘူး"

ဇော်ဇော်က ဇေမျိုးကို မခံချင်စိတ်ဖြစ်လာအောင် ဆွပေးသော်လည်း ဇေမျိုးကတော့ သူနှင့်မဆိုင်သလိုပင်။

"ဇေမျိုး မင်းမှာ ဘာအခက်အခဲရှိလဲ။ အချင်းချင်း တွေပဲ ငါတို့ကို ပြောပြပါလား။ ငါတို့ ဘာလုပ်ပေးရမလဲ"





"ငါဘာမှ မဖြစ်ပါဘူး"

သူတို့ ဇေမျိုးကို တစ်ခုခု လုပ်ပေးဖို့ လိုအပ်နေပြီ. . .

သူတို့အားလုံး တစ်ခုခုတော့ လုပ်ကြရလိမ့်မည်. . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



"... ဇေမျိုး ဇေမျိုး... ငါလာပြီလေ..."

ဟိုး အဝေးဆီမှလိုလို တိုးသဲ့သဲ့ညှင်းပျပျ အသံကို ကြားလိုက်ရသည်။ ကောင်မလေးအသံ သေချာပါသည်။ ဒါဆို ကောင်မလေး ပြန်လာပြီပေါ့။ ဇေမျိုး မျက်လုံးတို့ကို အားယူပြီး ဖွင့်ကြည့်လိုက်သည်။ အမှောင်ထုမှလွဲ၍ ဘာကိုမှ မမြင်ရ။

"...ဇေမျိုးရေ... ဇေမျိုး..."

ကောင်မလေး၏ အသံကိုတော့ ကြားနေရသည်။

"ကောင်မလေး ဇင်မာ နင်ဘယ်မှာလဲ။ ဘယ်ရောက်သွားနေတာလဲ။ ငါကနင့်ကို မတွေ့ရတော့ဘူးလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ”

ဇေမျိုး မျက်လုံးတို့ကို ကြိုးစားပြီး ဖွင့်ကြည့်လိုက်တော့ ကောင်မလေးကို မပီဝိုးတဝါးသာ မြင်ရသည်။ အို မြင်ကွင်းတွေက မှုန်မှိုင်းနေလိုက်တာ။ ကောင်မလေးရဲ့ မျက်နှာဟာ ဝေဝါးလွန်းလို့ နေပါလား။

“ကောင်မလေးရယ် နင် ဘာလို့ပျောက်သွားရတာလဲ”

“ဇေမျိုးရေ ဒီလိုပါပဲ။ ငါတို့က ကိုယ့်ကိုကိုယ် ပိုင်တယ်ဆိုတာမှ မရှိတာ။ ငါလည်း နေချင်တဲ့နေရာမှာ နေချင်တိုင်းနေလို့မှ မရကြတာ။ နင်ငါ့ကို နားလည်ပေးပါဟာ”

ထို့နောက် မြင်ကွင်းတွေအားလုံးကို အမှောင်ထုက ဖုံးလွှမ်းသွားပြန်သည်။ ဇေမျိုးတစ်ယောက် လေထုထဲမှာပဲ မျောလွင့်သွားသလိုလို အမြင့်တစ်နေရာရာမှ ပြုတ်ကျသွားသလိုလို ခံစားလိုက်ရသည်။

“ဇေမျိုး နင်ဘာဖြစ်လို့ ပေပေတေတေ နေ နေရတာလဲ။ ညဘက်တွေ အပြင်မထွက်ပါနဲ့လို့ နင့်ကိုငါ ပြောခဲ့ဖူးတယ်လေ။ နောက်ပြီးတော့ နင်ဘာလို့ ကျောင်းပြေးနေရတာလဲ”

“ကျောင်းပြေးတာ မကောင်းမှန်းတော့ ငါလည်းသိ





ပါတယ်ဟာ။ ဒါပေမဲ့ ငါ. . . ငါ နင့်ကိုလိုက်ရှာနေတာဟ။ ညဘက်တွေမှာဆိုရင်လည်း နင်များငါ့ကို ပြန်လိုက်ခေါ်မလားလို့”

“ငါ နင့်ဆီကို ပြန်လာခဲ့ပါ့မယ် ‘ဇေမျိုးရယ်။ ငါ နင့်ဆီကို ပြန်လာလို့ ရတာနဲ့ ချက်ခြင်းပြန်လာပါ့မယ်။ နင် ကောင်းကောင်း မွန်မွန်နေပါနော်”

“နင် နင် ဘယ်တော့ပြန်လာမှာလဲ”

“ဒါကတော့ ငါ့ရဲ့ရှေ့ရေးကို ငါဘယ်လိုလုပ်ပြီး ကြိုမြင်နိုင်မှာလဲ။ ရှေ့ဆက်ပြီး ဘာတွေဘယ်လိုဖြစ်ကြမယ်ဆိုတာ ငါတို့ဘယ်လို လုပ်ပြီး သိနိုင်ပါ့မလဲ”

“ဒါဆိုရင် ငါတို့ အကြာကြီး ဝေးနေရဦးမှာပေါ့”

“ဒီနေ့မဟုတ်တဲ့ အကြောင်းအရာတွေကို ဘယ်လိုမှ အသေအချာ မပြောနိုင်သေးပါဘူး။ ငါ နင့်အနားကို အမြန်ဆုံး လာဖြစ်ချင်လာဖြစ်မယ်။ ငါတို့ ပိုပိုပြီးတော့လည်း ဝေးသွားချင်ဝေးသွားမယ်လေ”

“ငါတို့ ဘယ်လောက်အထိ စောင့်နေရဦးမှာလဲ”

“ဇေမျိုးရေ အဲဒါတွေက အရေးမကြီးပါဘူး။ အရေးကြီးတာက နင်ငါ့ကို ခင်တယ်မဟုတ်လား။ ငါကလည်း နင့်ကိုခင်တာပါပဲ။ သူငယ်ချင်းတွေဆိုတာ နီးရင်လဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဝေးရင်ပဲဖြစ်ဖြစ် သူငယ်ချင်းပဲလေ။ နင် ငါ့ကိုခင်နေတယ် ဆိုရင် နင့်အနားမှာ ငါရှိနေသလိုပဲပေါ့။ နင် ငါ့ကို သတိရနေတာဟာ နင့်အနားမှာ ငါရှိနေတာနဲ့ အတူတူပါပဲ"

အရာရာ ဝေဝါးသွားပြန်သည်။ နားထဲမှာ လေတိုးသံတွေ ကြားနေရသည်။ မုန်တိုင်းကြီးတစ်ခုများ နားထဲမှာလာပြီး တိုက်ခတ်နေလားမသိ။ လေတိုးသံတွေကြားထဲမှ. . .

"ဇေမျိုးရေ ကောင်းကောင်းမွန်မွန် နေပါနော်။ မဟုတ်တဲ့အကြံတွေလည်း ကြံမနေနဲ့ဦး။ နင် ငါ့ကို မမြင်ရလည်း နင့်နားမှာ ငါရှိနေတယ်။ နင် ငါ့စကားတွေ မကြားရလည်း နင့်အနားမှာ ငါအမြဲတမ်းရှိနေတယ်။ နင် ဘာတွေဖြစ်နေတယ် ဘာတွေပြောချင်နေတယ်ဆိုတာ အမြဲတမ်း ငါသိပါတယ်။ ငါပြောတာတွေ မမေ့နဲ့နော်. . ."

အမှောင်ထုကြီးက နောက်တစ်ကြိမ်ကြီးစိုးသွားပြန်သည်။ အဆုံးအစမဲ့ အမှောင်တိုက်ကြီးအတွင်းသို့ ဇေမျိုး လွင့်မျောသွား ပြန်သည်။ အချိန်တွေ. . . အချိန်တွေ. . . အချိန်ကာလကို ဇေမျိုး မရေတွက်နိုင်၊ နားမလည်နိုင်တော့။ နေ့လား. . . ၊ ညလား။

မည်မျှကြာသွားသည်မသိ။ နောက်တစ်ကြိမ် သတိ





ထားမိတော့ ဝိုးတဝါးအလင်းမှုန်များကို တွေ့ရသည်။ အခန်းထဲကို နေရဲ့အရောင်တွေ ဝင်နေတာလား၊ မီးချောင်းက အလင်းရောင်တွေလား။

"အခု လောလောဆယ်တော့ အရမ်းအားနည်းနေသေးတယ်။ တော်တော်လေးကို အအိပ်ပျက်အစားပျက် ဖြစ်ခဲ့တယ်ထင်တယ်။ မမက ကလေးကို ချစ်လို့ဆုံးမတယ် ဆိုပေမဲ့ . . . . . ."

လေးလေးအောင် အသံပါလား။ လေးလေးအောင်က မေမေ၏မောင် ဆရာဝန်ဖြစ်သည်။ ဦးလေးအောင်က သူ့အခန်းထဲကို ရောက်နေသည်ဆိုတော့ သူနေမကောင်းဖြစ်နေသည်လား မသိ. . . ။ ကိစ္စမရှိ သူ ကောင်မလေးနှင့် စကားတွေပြောလိုက်ရပြီ။ မကြာမီမှာပင် သူနေပြန်ကောင်းသွားလိမ့်မည်။

"သတိထားမိတာတော့ ကြာပါပြီကွယ်။ ဒါပေမဲ့ မမကော့ အဲဒီလိုမထင်မိတော့. . ."

"ခေါင်းကိုထိမိတယ် ဆိုပေမယ့် အဲဒါက အဓိကအကြောင်းအရင်း ဖြစ်ချင်မှဖြစ်မှာပါ။ ကလေးက သူ့အမြဲတမ်း တစ်ယောက်ထဲဖြစ်နေတယ်၊ သူ့ကိုနားလည်မယ့်သူမရှိဘူး အားလုံးက သူ့ကိုအကောင်းမမြင်ကြဘူး ဆိုတဲ့အားငယ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အထီးကျန်စိတ်တွေ သိမ်ငယ်ပြီးတော့ အားကိုးရာ တစ်ခုခုကို လိုချင်လာတယ်။ ဒီတော့. . ."

အဲဒါတွေက ဟိုတုန်းကပါ လေးလေးအောင်ရယ်၊ အခုကျွန်တော် ဘာကိုမှ အားမငယ်တော့ပါဘူး. . .။ တစ်ယောက်ထဲလည်း အထီးမကျန်တော့ပါဘူး။ ကျွန်တော့်မှာ ဇင်မာဆိုတဲ့ သူငယ်ချင်း တစ်ယောက် ရှိနေပြီပဲ။

". . . ဥပမာ မောင်နှမတွေ အများကြီးရှိတယ်လို့ ပြောတာမျိုးပေါ့။ နောက်ဆုံးတော့ သူလိုချင်တဲ့ဟာကို သူ့စိတ်က ဖန်တီးပြီးတော့ သူကိုယ်တိုင်ကလည်း. . . ."

ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက် ရှိနေပြီမို့ မောင်နှမတွေ မရှိလည်းရပါတယ်။ ကျွန်တော်တစ်ကယ်တို့ ဘာကိုမှ မလိုချင်တော့ပါဘူး။

". . . သူတစ်ကယ်ကြုံနေရတဲ့ လောကရယ်၊ သူ ဖန်ဆင်း ထားတဲ့လောကရယ်ကြားထဲမှာ. . . ."

အို ကျွန်တော့်မှာ ဘာလောကမှ မရှိပါဘူး။ ထင်ရှားတည်းသော လောကပဲရှိတယ်။ အဲဒီ လောကထဲမှာ ကျွန်တော် ပျော်တယ်။ အဲဒီလောကထဲမှာ သူနဲ့. . . ကျွန်တော်. . .။ တစ်ကယ်လို့ လေးလေးအောင်ပြောသလို အဲဒီလောကလေးကို ကျွန်တော် ဖန်ဆင်းခဲ့တယ်ဆိုရင်





လည်းအမြဲတမ်းပဲ ကျွန်တော်ဆက်ပြီး ဖန်တီးနေပါရစေ။ ကျွန်တော် အဲဒီလောကထဲမှာပဲ ကျွန်တော် နေပါရစေ။

"ကလေးတစ်ယောက်အတွက် အလိုအပ်ဆုံးက နွေးနွေးထွေးထွေး ဆက်ဆံရေးရှိတဲ့ အသိုင်းအဝိုင်းတစ်ခု၊ မိသားစုပေါ့ဗျာ။ ကျန်တာတွေက လိုအပ်တယ်ဆိုပေမယ့်"

လေးလေးအောင် ကျွန်တော့်မှာ နွေးထွေးတဲ့ကမ္ဘာလေး ရှိနေပါပြီဗျ။ ကျွန်တော့်အတွက် ဘာမှမလိုအပ်တော့ပါဘူး။

နောက်တော့ လေးလေးအောင် အသံတွေက တိုး၍ တိုး၍ သွားပြန်သည်။ အလင်းတွေ အမှောင်တွေ အလင်းထဲက အမှောင်လား. . .။ အမှောင်ထဲက အလင်းတွေပဲလား. . .။

". . . အန်တီလည်း မနက်အစောကြီး ခြံပေါက်ဝရှေ့မှာ လဲနေတဲ့ သားကိုတွေ့တော့မှ. . ."

ဟုတ်ပါရဲ့ သူ့အပြင်က ပြန်လာပြီး ခြံပေါက်ဝရှေ့ ရောက်လာတာကိုပဲ ပြန်မှတ်မိသည်။ ဘာတွေဆက်ဖြစ်သွားပါလိမ့်။ အို ဘာပဲဖြစ်ဖြစ် အရေးမကြီးပါဘူးလေ။

"သမီးတို့လည်း သတင်းကြားတာနဲ့. . ."

ဝေဝေ့အသံပါလား။ ဇေမျိုးကြီးစား၍ မျက်လုံးတို့



www.burmeseclassic.com

www.burmeseclassic.com

ကိုဖွင့်ကြည့်လိုက်သည်။ ဖိုးကျော်၊ ညီညီ၊ သန္တာ၊ သက်နောင် ဇော်ဇော်ပင်ပါလိုက်သေး. . .။ ကျောင်း ကျောင်းတက်ရမယ်။ ကောင်မလေးက မှာထားတယ်။ ကျောင်းမပြေးရဘူးတဲ့။ အခုချိန်ဆို ကျောင်းမှာ စာတွေသင်နေလောက်ပြီ။ ဘယ်သူ့ကို စရနောက်ရမလဲ။

"ဇေမျိုး ဘာမှစိတ်မပူနဲ့။ စာတွေအကုန် ငါတို့ကူးပေးထားမယ်။ ဆရာကြီးဆီမှာလည်း ခွင့်တိုင်ထားပြီးပြီ"

စိတ်မပူပါဘူး။ ငါ ဘာအတွက်မှ စိတ်မပူတော့ပါဘူး။ ငါ့အနားမှာ အမြဲတမ်းရှိနေမယ့် သူငယ်ချင်းတစ်ယောက်ရနေပြီ သူငယ်ချင်းတို့ရေ။

"ဇေမျိုး မနက်ဖြန် သဘက်ခါလောက်ဆို အားလုံးကောင်းသွားပါပြီကွာ။ အားလုံးအဆင်ပြေသွားမှာပါ။ ငါတို့လည်း မင်းကို ကူပြီးစောင့်ပေးမယ်။ သိလား"

ရပါတယ် သူငယ်ချင်းတို့ရယ်။ မင်းတို့ကိစ္စတွေ မင်းတို့လုပ်ကြပါကွာ။ ငါ့မှာ အမြဲတမ်းအတွက် အဖော်ရှိနေပါပြီကွာ။ ဟော့ကောင်ဖိုးကျော် ငါအခုလည်း အဆင်ပြေနေပါတယ်ကွ။ မနက်ဖြန်. . . ငါ့မှာ မနေ့ကတွေ မနက်ဖြန်တွေ မရှိတော့ဘူးကွ။ မနက်ဖြန်ဆိုတာလည်း ဒီအတိုင်းပဲ ဒီနေ့ဆိုတာကလည်း ဒီအတိုင်းပဲ။ ငါ့မှာ နာရီတွေ ပြက္ခဒိန်တွေ မလို





တော့ဘူးကွ။

ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်. . .။ ငါ တစ်ကယ် ဘာမှမဖြစ်ပါဘူးကွာ။ ငါ့မှာ ကိုယ်ပိုင်ကမ္ဘာလေး တစ်ခု ရှိနေပြီပဲ။ ငါ့အတွက် ဘာမှစိတ်မပူကြပါနဲ့။ ဝေဝေကလည်း ပရိတ်ရေတွေ ယူလာတယ်တဲ့။ ဝေဝေရေ ဒါဟာ တစ္ဆေသရဲတစ်ကောင်က ပြုစားထားတာ ဆိုရင်လည်း တစ်သက်လုံးဒီလိုပဲ ပြုစားခံနေပါရစေတော့။ ငါကိုယ်တိုင်ကလည်း တစ္ဆေတစ်ကောင် ဖြစ်နေပြီပဲ။ မထူးပါဘူးဟာ။ နင်တို့ငါတို့ လူတွေအားလုံးဟာလည်း ကြမ္မာရဟတ်ကြီးထဲမှာ ကိုယ့်ကိုကိုယ် ပြန်ပြုစားနေပြီး ကိုယ့်အရိပ်ကိုယ် ပြန်ကြောက်နေရတဲ့ တစ္ဆေတွေပါပဲလေ. . .။ ငါ ကိုယ့်ကိုကိုယ် ပြန်မကြောက်ပါရစေနဲ့တော့။ မောတယ်. . .။

အရာအားလုံး မှောင်မည်းနေသည်။ ဘယ်နှစ်ရက်ရှိပြီလည်းမသိ။ တချို့အရာများကို မြင်နေကြားနေရသော်လည်း သူနှင့်က တစ်ကမ္ဘာစီလို။

အမှောင်တွေထဲမှာပဲ ပျော်နေပါပြီလေ။ ဒီလို. . . အမှောင်တွေထဲမှာလည်း ကောင်မလေးက ရှိနေနိုင်သည်ပဲ။ အလင်းတွေထဲမှာ ပြေးရင်းလွှားရင်း စောင့်နေမယ့်အစား ဒီလိုအမှောင်တွေထဲကပဲ ကောင်မလေးကို စောင့်နေရင်


www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား။ သူပြန်လာတော့မှာပါ။ သူပြန်လာတော့မှာပါ။ သူ. . . . ပြန်. . . လာ. . . တော့. . မှာပါ. .

ဆေးတွေစားနေရတာ သိတယ်။ ဆေးတွေထိုးပေးတာသိတယ်။ မလိုပါဘူးဗျာ ကျွန်တော့်မှာ အကောင်းဆုံးဆေး ရှိနေပြီပဲ။ ကျွန်တော်လာမှ မဖြစ်ပါဘူး။ အားလုံး အဆင်ပြေပါတယ်။

"သားရေ ဖေဖေရိုးက ခွင့်ယူထားတယ်။ သားမျှင်ရင် ဖေဖေနဲ့ချက်စ်ထိုးကြမယ်နော်။ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်နော်"

ရပါတယ်ဖေဖေရယ်။ ဖေဖေရိုးပဲတက်ပါ။ သားနဲ့ ချက်စ်ထိုးမယ့် လက်ဖက်ရည်အတူသောက်မယ့် ကောင်မလေး ပြန်လာတော့မှာပါ။ အခုလောလောဆယ် သားဘာမှ ပြန်မပြောနိုင်သေးတာ ခွင့်လွှတ်ပါဖေဖေ။ သား စကားတွေ ပြောရတာ မောတယ်။ ကောင်မလေးပြန်လာရင် စကားတွေ အများကြီး ပြောရဦးမယ်။

"ကျွန်တော်တို့ ဝိုင်းပြီးကြိုးစားကြ သေးတာပေါ့။ အကောင်းဆုံးက စိတ်ရောဂါအထူးကု တစ်ယောက်ယောက်နဲ့ တိုင်ပင်ပြီး. . ."

ကျွန်တော် မရှူးပါဘူး လေးလေးအောင်ရယ်။





တစ်ကယ် ကျွန်တော်ရူးနေတယ် ဆိုရင်လည်း ဒီအတိုင်းလေးပဲ ဆက်ရူးနေပါရစေ။ ကောင်မလေးက ပြန်လာတော့မယ်လေ။ ကျွန်တော်လေ. . . ကောင်မလေးကို စောင့်ရဦးမယ်။

ကျွန်တော် ဒီအတိုင်းနေတာကိုပဲ သဘောကျတယ်။ ကောင်မလေးကို ဒီအတိုင်းလေးပဲ စောင့်နေချင်တယ်။ ကောင်မလေးကို စောင့်ပါရစေဦး လေးလေးအောင်ရ ဉ်။ ကောင်မလေးက ကျွန်တော့အနားမှာ ရှိတယ်ဗျ။ အခုလည်းရှိနေတယ်။ နောက်လည်း ရှိနေဦးမှာပဲ။ ကောင်မလေးဆိုတာ အခုလောလောဆယ် ဟိုးအဝေးကြီးကို ရောက်နေပေမယ့် ကျွန်တော့်အနားမှာ လည်း အခုရှိနေတာပဲ။ အဲဒါကို ကျွန်တော်ပဲသိပါတယ်။

ကျွန်တော်. . . ပြောမပြတတ်ပေမယ့် ကျွန်တော် ကောင်းကောင်းကြီး နားလည်ပါတယ်။ ကောင်မလေးဟာ ဟိုး. . အဝေးကြီးမှာဆိုပေမယ့် စကြဝဠာကြီး တစ်ခုလုံးမှာ ကောင်မလေးနဲ့လွတ်ကင်းတဲ့ နေရာမရှိပါဘူး။ နေရာတိုင်းမှာ ကောင်မလေးရှိနေတယ်။ ကျွန်တော် ကောင်မလေးကို စောင့်ပါရစေနော်. . . ။

ဒါဟာ အိမ်မက်ဆိုရင်လည်း ကျွန်တော် အိပ်ယာ



www.burmeseclassic.com

www.burmeseclassic.com



က မထပါရစေနဲ့။

'ထို့နောက် အမှောင်ထု. . ၊ အမှောင်ထု. . သိပ်သည်းလွန်းလှသောအမှောင်ထုတို့ထဲသို့ ဇေမျိုးနစ်မျောလျှက်။ အမှောင်တို့ကြားမှာက ဝိုးတဝါးနဲ့ အလင်းတစ်စ. . .

ဒါကိုပဲ. . .



"မင်းမကိုင်"



BURMESE CLASSIC .com

www.burmeseclassic.com